
www.burmeseclassic.com

# ရဇာတကြွား

ကိုးသချိုင်းသခင်မ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက်အမှတ် ၆၀၇/၉၄(၉)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၃၁၃/၉၄(၁၀)

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၄ ခု၊ နိုဝင်ဘာလ

အုပ်ရေ
၅၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

စာပေ
ခေတ်ပြိုင်မြန်မာမြည် ဖြန့်ချိရေးမဏ္ဍလေး

BURMESE CLASSIC .com

# ရာဇာဘွား

‘ကိုးသန်ရှိုင်းသံနှား’

( စ/ဆုံး )

ဖြန့်ချိရေး

ရွှေမိုးဆောင်း
စာပေ
အမှတ် ၅၂-၆ လမ်း ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် ၁၁၈၃
ဗဟိုစာတိုက် ကြီး၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

# ရာဇာဘွား

## ကိုးသချိုင်းသံခေါး

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

## မီးအိမ်ရှင်

'ငါဟာ ဒီမီးအိမ်ကို အကြောင်းမဲ့ ယူဆောင်လာတာမဟုတ်ပေဘူး၊ ငါ ဖြတ်သန်းသွားလာတဲ့ လမ်းတစ်လျှောက်မှာ မီးအိမ်အလင်းရောင်ကြောင့် လူတွေဟာ ငါ့ကိုကောင်းကောင်းမြင်ပြီး ငါ့ကို ရှောင်ဖယ်လမ်းပေးနိုင်ကြဖို့အတွက် မီးအိမ်ကို ထွန်းညှိ ယူဆောင်လာခြင်း ဖြစ်တယ်'

(ဆရာဟိန်း)

www.burmeseclassic.com

www.burmeseclassic.com

၁

ပြဿနာ ကာစ်ခုအတွက် ဟန်းလင်းကြီး မြို့ဟောင်းရှိရာသို့ 'ဗဒင်' ခရီးထွက်ခဲ့ရာတွင် ခင်မြင့်ကြီးက သူမပိုင်ဆိုင်သော ရိုးရှ်ဂျိုက်ကားကို အသုံးပြုရန် ငှားရမ်းလိုက်လေသည်။

မန္တလေး ရွှေဘို မော်တော်ကားလမ်းကြီးပေါ်တွင် ထောက်ပြောင်လက်သော ရိုးရှ်ဂျိုက်ကားက အရှိန်နှုန်းမြန်မြန်နှင့် မှန်မှန်ပြေးလွှားနေသည်။

ကားမောင်းလာသူမှာ 'ကိုသင်းအောင်' ဖြစ်ပြီး သူ့နံဘေးတွင် မျက်မှောင်ကြုတ်လျက် စူးရှလှသော မျက်လုံးများကို ရှေ့တူရူသို့ စိုက်ကြည့်ရင်း အတွေးနက်၍ လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လာသူမှာကား 'ဗဒင်'ဖြစ်ပေသည်။ ဗဒင်သည် ကားဆိုဗာ ထိုင်ခုံ၏ နောက်မှီကို အနည်းငယ် ကျောမှီရင်း သူ၏လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် ပက်လက်ဖြန့်ထပ်ကာ ဘယ်လက်ချောင်းလေးများအပေါ် ညာလက်ချောင်းများဖြင့် ဖြန့်ယှက်လျက် လက်မချင်း ထိဆက်ထားလေသည်။

ဗဒင်သည် (DeepMeditation)လုပ်လာခြင်း ဖြစ်၏။

အခြားသူများအတွက် ခရီးသွားလာခြင်းတွင် အချိန်တို့သည် အလဟဿ ကုန်ဆုံးတတ်ကြသည်။

ဗဒင်ကတော့ အချိန်ကို တန်ဖိုးရှိအောင် အသုံးချလာသည်။

ဗဒင်က သူ့စိတ်ကိုသူ အောက်ပါအတိုင်း အမိန့်ပေးခဲ့လေသည်။

'အခုအချိန်မှာ မင်းအတွက် (DeepMeditation) လိုတယ်၊ပေါ့ပေါ့တွေး ပေါ့ပေါ့ပြော ပေါ့ပေါ့လုပ်လို့ မဖြစ်ဘူး၊မင်းစိတ်ကို မင်းသမာဓိခွန်အား တိုးအောင် ထိန်းချုပ်ပါ ဗဒင်၊ပြဿနာအပေါ် အလေးအနက်စဉ်းစားတွေးခေါ်ပါ၊အဖြေရအောင်ထုတ်ပါ၊ (DeepMeditation)ကို ပြင်းပြင်းထန်ထန်လုပ်ပါ'

ဦးနှောက်နှင့်စိတ်သည် ပြင်းပြင်းထန်ထန် လေ့ကျင့်မှုထက်မြက်၍ တန်ခိုးရှိလေသည်။

ယခု ခရီးထွက်လာခြင်းမှာ ဗဒင်အတွက် ကမ္ဘာပေါ်တွင် အကောင်းဆုံး ဓားတစ်လက်ရအောင် ရှာဖွေရမည့် ပြဿနာအတွက် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် အတွင်းရှိ



ဟန်လင်းကြီးမြို့ဟောင်းသို့ ဦးတည်ကာ ခရီးနှင်နေရခြင်းဖြစ်ပေသည်။

ပြဿနာတစ်ခုတွင် အခက်အခဲများရှိသည်။ ပဟေဠိများရှိသည်၊လျှို့ဝှက်ချက်များရှိသည်။ အချိုးအကွေ့များရှိသည်၊ အခက်အခဲများကို ကျော်လွှားဖို့ စိတ်ခွန်အားလိုသည်။

အရည်အချင်းလိုသည်။ ပဟေဠိများကို ဖြေရှင်းဖို့ အသိဉာဏ် ဗဟုသုတလိုသည်၊ လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန် ရင့်ကျက်သော အတွေးအခေါ် ဆင်ခြင်မှုလိုသည်၊ အချိုးအကွေ့များ ဖြောင့်ဖြူးဖို့ သတ္တိလိုသည်၊ လုံ့လလိုသည်၊ ပညာလိုသည်။

ကိုသင်းအောင်က ကားအရှိန်ကို အနည်းငယ် လျော့လိုက်၏။

မြန်မာနိုင်ငံကို ကိုလိုနီ အင်္ဂလိပ်များက ကျွန်ပြုအုပ်စိုးထားချိန်ဖြစ်ရာ လမ်းမကြီးတစ်လျှောက် ကုလားစစ်ပုလိပ်သားများ တန်းစီ၍ ဒရိလ်(Dri l l)ပြကာ ဘယ်ညာညီညီလျှောက်လာကြသည်ကို မြင်တွေ့ရသောကြောင့် ကားကို အရှိန်လျှော့မောင်းလိုက်ရခြင်းဖြစ်၏။

လူမျိုးခြားများ၏ ဖိနှိပ်အုပ်ချုပ်ခြင်းကို မုန်းတီးစိတ်ပြင်းထန်သော ကိုသင်းအောင်က သူ၏နှုတ်ခမ်းကို မဲ့လိုက်မိလေ၏။

ဗဒင်ကတော့ ကားပြတင်းပေါက်ပေါင်ပေါ် ဘယ်ဘက်တံတောင်တင်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက်တွေး

www.burmeseclassic.com

www.burmeseclassic.com



သော စဉ်းစားလာပေရကား ကားလမ်းလစ်လျှောက်ရှိသော ပတ်ဝန်းကျင်ကို သတိပြုမိပုံ မရချေ။

ကိုသင်း အောင်သည် ခံတွင်းချဉ်လာသည်ဖြစ်၍ အနက်ရောင် သက္ကလတ် ကုတ်အင်္ကျီအိတ်ထဲမှ ပိုလို စီးကရက်ဘူးကို ထုတ်ယူသည်။ ကားစတီယာရင်ဘီးပေါ်တွင် စီးကရက်ဘူးကို အသာဆောင့်လိုက်ရာ စီးကရက် တစ်လိပ်က ဘူးထောင့်တွင် ဖောက်ထားသော အပေါက်ငယ်မှ ထပ်ခနဲ ခေါင်းပြူထွက်လာ၏။ ကိုသင်းအောင်က သူ့နှုတ်ခမ်းတွင် စီးကရက်ကို သေသပ်စွာ တပ်လိုက်သည်။

စီးကရက်ဘူးကိုအိတ်ထဲပြန်ထည့်ပြီးသည်နှင့် အိတ်ဆောင်ရွှေဖြူမီးခြစ်ကို တစ်ပါတည်း ထုတ်ယူလိုက်သည်။

ထို အိတ်ဆောင် ရွှေဖြူမီးခြစ်မှာ ဗဒင်၏လက်ဆောင်ဖြစ်သည်။ 'တိဗက်နယ်မြေနှင့် ပန်းချီ ပန်းပုဆရာ ဦးဇော်ထိပ်၏ လူသတ်မှုကိစ္စ' ပြီးသည့်နောက် (ပွဲကျောင်းသား ဗဒင် စာအုပ်၌ အပြည့်အစုံဖော်ပြပြီးဖြစ်သည်။) ကိုသင်းအောင်ကို လက်ဆောင်အဖြစ် ဗဒင်က ဝယ်ပေးခဲ့ခြင်းပင်၊ ရွှေပါးပြီး လှပ အဖိုးတန်သော အင်္ဂလန်နိုင်ငံလုပ် 'ရွန်ဆင် ယယ် အိတ်စချိန်' အမျိုးအစားဖြစ်သည်။

လက်ဆောင်ပစ္စည်းဆိုသည်မှာ မိတ်ဆွေကောင်းများ၏ လေးစားဖွယ်စိတ်ဓာတ်ကို အစဉ်အမြဲအောက်မေ့နေစေရန် ပုံဖော်ပေးနေသော နိမိတ်ပုံပစ္စည်းဖြစ်သည်။

ကိုသင်းအောင်က အဆုတ်ထဲမှ မီးခိုးငွေ့များကို ပြန်ညှပ်မှုတ်ထုတ်လိုက်သည်။ စီးကရက်မီးခိုးများသည် ကားပြတင်းပေါက်မှ တိုးထွက်လျက် လွင့်ကျန် ပျောက်ကွယ်သွားကြ၏။



ကိုသင်းအောင်သည် လက်တစ်ဖက်တည်းနှင့် စတီယာရင်ဘီးကိုထိန်းလျက် ကားကို ကျွမ်းကျင်စွာမောင်းရင်း ကျန်လက်တစ်ဖက်ဖြင့် စီးကရက်ထုတ်ခြင်း၊ မီးခြစ်ခြင်း၊ စီးကရက်မီးညှိခြင်းများကို ပြုလုပ်နိုင်ခြင်းဖြစ်သည်။

ကိုသင်းအောင်စိတ်ထဲ၌တင့်တင့်၏မွေးနေ့ပွဲကိုမြင်ယောင်နေမိသေး၏။ ဖြူဖြူဝဝ သဘောကောင်းသောအပြုံးဖြင့် အမြဲသမ်း ရွှင်လန်းနေတတ်သောတင့်တင့်တစ်ယောက် သူ၏မွေးနေ့ပွဲသို့ အသေအချာ ဖိတ်ကြားထားပါလျက် မလာရောက်နိုင်သော ကိုသင်းအောင်ကြောင့် နှုတ်ခမ်းစူကာ မျက်နှာညိုနေလေသည်လား။

ဗဒင်ကိစ္စအတွက် အရေးပေါ်ခရီးထွက်ခဲ့ရခြင်း ကိစ္စအား ခင်မြင့်ကြီးကို အသိပေးရှင်းပြထားခဲ့ပြီးဖြစ်ရာ ခင်မြင့်ကြီးက တင့်တင့် သဘောပေါက်နားဝင်အောင်ပြောဆိုပေလိမ့်မည်ဟု ကိုသင်းအောင်က သူ့စိတ်ကိုသူဖြေလိုက်သည်။

ကိုသင်းအောင် သက်ပြင်းချမိသည်။

'ဟေ့လူ ကိုသင်းအောင် ခင်ဗျားကို လွှမ်းမိုးနေတဲ့ တင့်တင့် ရုပ်ပုံလွှာကို အာရုံထဲကဖျောက်ပစ်လိုက်စမ်း၊ ရှေ့မှာ ရွှေဘိုမြို့ကိုဝင်တော့မယ်၊ ပုလိပ်ဌာနရှိတဲ့ဘက်ကို လမ်းကြည့်ပြီး မောင်းဗျ'

ဗဒင်၏ ခပ်ထေ့ထေ့အသံကိုကြားမိမှ ကိုသင်းအောင် သတိပြန်ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်၊ ရွှေတွင် ရွှေဘိုမြို့သို့ဝင်ပြီး၊
ရွှေဘိုမြို့ ပုလိပ်ဌာနာရှိရာသို့ မောင်းရမည်။

ကိုသင်းအောင်၏အိတ်ကပ်ထဲတွင် ရွှေဘို ပုလိပ်ဌာနာမှ ဌာနာအုပ် ပီအက်စ်အို ဦးဘထိန့်ထံသို့ လိပ်မူ ရေးထားသော မိတ်ဆက်စာတစ်စောင်ပါလာသည်။

ထိုစာကို ရန်ကုန်မြို့မှ မိတ်ဆွေတစ်ဦးဖြစ်သည့် အိပ်စီခေါ် လူဆိုးထိန်း ဆားပုလင်း ကိုအောင်သွင်က ရေးပေးလိုက်ခြင်း ဖြစ်သည်။

သူတို့သည် ဌာနာအုပ် ပီအက်စ်အို ဦးဘထိန့်ကို ထိုစာပေးကာ ရွှေဘိုပုလိပ်ဌာနာတွင် ခရီးတစ်ဒ ဝက်နား၍ တည်းခိုမည် ဖြစ်သည်။

ဗဒင်သွားရမည့်ခရီးအဆုံးမှာ ဟန်းလင်းကြီးမြို့ဟောင်း အနီးရှိ 'ရွှေဂူကြီးဘုရား'ဖြစ်ပေသည်။

ကိုသင်းအောင်က ရွှေဘိုပုလိပ်ဌာနာတွင်ကျန်ရစ်ပြီး သူနှင့်အတူ ရိုးရှုံက်ကားပါ ထားခဲ့လျက် မောင်ဗဒင် တစ်ဦးတည်း ရွှေဘိုမှ ဟန်းလင်းကြီးမြို့သို့ ခရီးဆက်မည်။

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ဟန်းလင်းကြီး မြို့ဟောင်းသည် မန္တလေး ရွှေဘို မော်တော်ကားလမ်းပေါ်ရှိ စိုင်နိုင်ကွေ့မှ အရှေ့ဘက် ၁၁ မိုင် ရွှေဘိုမြို့မှ အရှေ့တောင်ဘက် ၉၀ မိုင်နှင့် ၅ ဖာလုံခန့် အကွာတွင် တည်ရှိပေသည်။



ရွှေဘို ပုလိပ်ဌာနာသို့ရောက်ရှိပြီဖြစ်၍ ကိုသင်းအောင်က ကားကို ဆိုင်းဘုတ်ထောင်ထားသောဝင်းအတွင်းသို့ ကွေ့ချိုး မောင်းဝင်လိုက်လေတော့သည်။

* * *

ရွှေဂူကြီးဘုရားတည်ရှိရာသို့ လူရွယ်တစ်ဦးသည် ခပ်ယိုင်ယိုင် ခြေလှမ်းများဖြင့် အမှောင်ထဲမှာ လျှောက်လာလေသည်။

သူ့လက်ထဲတွင် ဓားလွတ်တစ်ချောင်း ကိုင်ထား၏။ သူသည် ချက်အရက်ပြင်းပြင်းကိုသောက်လာပုံရပြီး သူ့ပါးစပ်မှ အနံ့ဆိုးများက ပတ်ဝန်းကျင်သို့ ပြန့်လွင့်နေလေ၏။

လူရွယ်သည် ညအမှောင်ထဲမှာ မြေပြင်ကို ကျွမ်းကျင်စွာ လျှောက်လာသည်။ ဤနယ်မြေပတ်ဝန်းကျင်တွင် အကြိမ်ကြိမ် ဖြတ်သန်း သွားလာခဲ့ဖူးပုံရ၏။

သူသည် နဂါးရှန်းကန်ဘက်မှလာခဲ့ရာ ရွှေဂူကြီးဘုရားကို ဖြတ်၍ ရေပူကုန်းကို ဦးတည်သွားမည့်ပုံပေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်မဟုတ် ဤဖေဒသကို ဖြတ်သန်းလာသော ထို လူ ရွှယ်သည် နွားပျောက်ရှာရင်း ပြန်လာသည့်အထား၊ သို့ မဟုတ် သူကိုယ်တိုင်ကပင် နွားခိုးအဖွဲ့သား တစ်ဦးပေပဲ လား။

ခွဲခြား၍ မသိနိုင်ပေ။

လူရွယ်သည် ရွှေဂူကြီးဘုရားအနားသို့ ရောက်သောအခါ သူ့လမ်းကို သူဆက်မသွားဘဲ ဘုရားရှေ့တွင် ထိုင်ချလိုက် သည်။

ခြေပစ်လက်ပစ်ထိုင်ရင်း သူ့လက်ထဲမှငှက်ကြီးတောင်ခား ကို မြေပြင်ပေါ်သို့ စိုက်ထားလိုက်အာ နှုတ်မှလည်း ဘာကို မကျေနပ်သည်မသိ။

တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

သူသည် ညောင်းညာနေပုံရသည်။ ခြေသလုံးကို သူ့လက် နှင့် လှမ်း၍ ဆုပ်နယ်နေ၏။

ဘုရားရှေ့ရောက်သော်လည်း ဦးချရ ကောင်းမှန်းမသိ၊ အညောင်းပြေရန် ဘုရားရှေ့တွင် ထိုင်နေခြင်းပင်။

တအောင့်အကြာတွင် တံတွေးကို ပစ်ခနဲထွေးထုတ်လိုက် ကာ သူ့ကျောပေါ်မှ ပွေးကွက်အချို့ကို တဗျင်းဗျင်းကုတ် လေတော့၏။

ထိုအချိန်တွင် ဆားတွင်းကုန်းဘက်မှ အလင်းရောင် တစ် ခုသည် ရွှေဂူကြီးဘုရားဘက်သို့ နီး၍သာသည်။

လူရွယ်က အလင်းရောင် ရွေ့လျားလာရာဆီသို့ အာရုံစိုက် ၍ ကြည့်နေ၏။



မကြာမီ နီးလာသော အလင်းရောင်မှာ လက်ဆွဲမီး မှန် အိမ် တစ်လုံးမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တွေ့မြင်ရ လေသည်။

လက်ဆွဲမီး မှန်အိမ်ကို သျှောင်ထုံးစောင်းနှင့် အဘိုးအိုက လက်တွင် ကိုင်စွဲလာခြင်းဖြစ်သည်။

မီးမှန်အိမ်၏ အလင်းရောင်တွင် အဘိုးအို၏ ပုံသဏ္ဌာန်ကို ထင်ရှားစွာ မြင်တွေ့ရ၏။

ခေါင်းတွင် ပန်းနုရောင်ပိုးပဝါကို ပတ်ပေါင်းထားလေ သည်။

ပခုံးတွင် ရှမ်းလွယ်အိတ်တစ်လုံး ချိတ်လွယ်လျက် လက် တစ်ဖက်တွင် မီးမှန်အိမ်၊ လက်တစ်ဖက်တွင် လက်ကိုင် တောင်ဝှေးဖြောင့်ဖြောင့် တစ်ချောင်းနှင့် ပင်နီအင်္ကျီ ယော လုံချည် ဝတ်ထားလေရာ သပ်ရပ်ခန့်ညားသော အသွင်သည် ထင်ပေါ်နေလေ၏။

သို့သော် အသေအချာကြည့်လျှင် အဘိုးအို၏ မျက်နှာ ပေါ်၌ အားနည်းချက်တစ်ခု ရှိနေပေသည်။

အဘိုးအိုသည် စုံလုံးကန်းနေသော မျက်မမြင်တစ်ဦးပေ တကား။

မီးမှန်အိမ်ကိုမြှောက်၍ လက်ကိုင်တောင်ဝှေးကို မြေတွင် စမ်းထောက်ကာ တစ်လှမ်းချင်းလျှောက်လာသော မျက်မမြင် အဘိုးအိုသည် ရွှေဂူကြီးဘုရားရှေ့ လူရွယ်အနီးသို့ ရောက်လာ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကို စေ့စေ့ကြည့်နေသော လူရွှယ်သည် မည်သည့် အချက်ကို သဘောကျသည်မသိ။ ပိုက်ကိုနှိပ်ကာ တဟားဟား ရယ်မောလေတော့သည်။

ထို့နောက် ကျယ်လောင်သော အသံဖြင့် အဘိုးအိုကို ရည်ရွယ်ကာ အောက်ပါအတိုင်း ပြောလေသည်။

'အို....အဘိုးအို၊ ခင်ဗျားဟာ မိုက်မဲလှချေလား၊ အလင်းရောင်နဲ့ အမှောင်ဟာ ခင်ဗျားအတွက် မကွဲမပြား အတူတူဖြစ်ပါလျက်နဲ့ ခင်ဗျားက မီးအိမ်ကို အချည်းနှီး ထွန်းညှိ ယူလာတာကိုး၊ ဒီမီးအိမ်ဟာ ခင်ဗျားအတွက် ဘာအသုံးကျလို့လဲ'

ပြက်ရယ်ပြုပြီး ပြောလိုက်သော လူရွှယ်၏အသံကိုကြားလျှင် မျက်မမြင်အဘိုးအိုက ခြေလှမ်း တုံ့ခနဲရပ်လိုက်ပြီး လူရွှယ် ရှိရာသို့ မျက်နှာတူရူပြုကာ....

'အို....သူငယ်၊ တကယ်တော့ သင်ဟာ လူမိုက်ဖြစ်တယ်၊ ငါက ဒီမီးအိမ်ကို အကြောင်းမဲ့ ယူဆောင်လာတာ မဟုတ်ပေဘူး၊ ငါဖြတ်သန်းလာတဲ့ လမ်းတစ်လျှောက်မှာ မီးအိမ်အလင်းရောင်ကြောင့် လူတွေက ငါ့ကို ကောင်းကောင်းမြင်နိုင်တယ်၊ အဲဒီလိုမြင်ပြီး ငါ့ကို ရှောင်ဖယ်လမ်းပေးနိုင်ကြဖို့အတွက် မီးအိမ်ကို ထွန်းညှိ ယူဆောင်လာခြင်းဖြစ်တယ်'

ထူးဆန်းသော အဘိုးအို၏ အောင်မြင်ခန့်ညားသောအသံသည် လူရွှယ်၏နှုတ်ကို ဆွံ့အသွားစေလေ၏။

မီးမှုန်အိမ်မှ အလင်းရောင်သည် လူရွှယ်၏ မျက်နှာပေါ်သို့ ပက်ဖျန်းကျရောက်နေပေ၏။



လူရွှယ်၏ မျက်နှာသည် ကျောက်ပေါက်ရာ များဖြင့် အကျည်းတန်ရုံသာမက အသားကလည်း မည်းနက်နေသည့်အပြင် သွားများကလည်း ခေါလှပေရာ ကိုရုပ်ဆိုးဟူ၍သာ ခေါ်ဖို့ကောင်းတော့သည်။

လူရွှယ်သည် နှုတ်ပိတ်သွားသော်လည်း သူ၏မျက်လုံးအစုံကတော့ မငြိမ်သက်လှ။

အဘိုးအို၏ ခန္ဓာကိုယ်ပေါ်တွင် ထက်အောက် စူးစိုက်ကျက်စားနေလေသည်။

အဘိုးအိုလက်ထဲမှ တောင်ဝှေးအရင်းရှိ လက်ကိုင် တစ်နေရာတွင် ဝင်းဝါနေသော ရွှေဖြင့် ကွပ်လုပ်ထားကြောင်း တွေ့ရှိရပေသည်။

ထို့ပြင် အဘိုးအို၏ လက်ဝဲလက် လက်သူကြွယ်၌ နီရဲတောက်ပသော ပတ္တမြားလက်စွပ်တစ်ကွင်းကိုပါ တွေ့မြင်ရပေသည်။

လူရွှယ်၏ မျက်လုံးထဲ၌ လောဘရိပ်များ မည်းတက်လာသည်။

သူ၏လက်က ခြေတွင်စိုက်ထားသော ငှက်ကြီးတောင်ဓားရိုးဆီသို့ တရွေ့ရွေ့ လှမ်းသွားသည်။

ဓားရိုးကို ဆုပ်မိသည်။

ထိုအချိန်တွင် လူရွှယ်နှင့်အဘိုးအိုကို စောင့်ကြည့်နေသူတစ်ဦးသည် အမှောင်ရိပ်ထဲမှာ ရှိနေလေ၏။

စောင့်ကြည့်နေသူသည်ကား 'ဗဒင်'တည်း။

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်သည် ငြိမ်သက်စွာရပ်နေရာမှ အမှောင်ထဲတွင် သူ၏ကိုယ်ကို လှုပ်ရှားလိုက်ကာ လူရွယ်နှင့် အဘိုးအိုထံသို့လျှောက်သွားလိုက်၏။

လူရွယ်က သူ့ထံသို့ ခေါင်းလည်ကာ ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

လူရွယ်၏မျက်လုံးနှင့် ဗဒင်၏မျက်လုံး အကြည့်ချင်းဆုံသည်။

မီးရောင်မှာ ဖျိုးဖျိုးဖျပ်ဖျပ် တောက်ပနေသော ဗဒင်၏မျက်လုံးအစုံကို ရင်မဆိုင်ဝံ့သော လူရွယ်မှာမျက်တောင်အကြိုင်ကြိမ်ခတ်မိ၏။

ဗဒင်၏ ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ထည်က လူရွယ်၏ စိတ်အာရုံကို လိပ်ပြာငယ်သွားစေသည်။

ကျစ်လျစ်သန်မာသော လက်မောင်းအိုးများ၊ ကြွက်သားများဖြင့် ဖွဲ့စည်းထားသည့် ကားကျယ်သော ရင်အုပ်၊ မြင့်မားသည့် အရပ်အမောင်း၊ ချောမောခန့်ညားသည့်မျက်နှာ။

လူရွယ်သည် ဗဒင်၏ စူးရှသော အကြည့်အောက်တွင် ခေါင်းငုံ့သွားသည်။

ဗဒင်က....

'မင်းလမ်းကို မင်းသွားဖို့ အချိန်ရောက်ပြီ'

ဟု မာကျောပြတ်သားသော အသံဖြင့် ပြောလိုက်၏။

လူရွယ်၏နှုတ်မှ တိုးတိမ်သော အသံကလေး ထွက်လာသည်။

'ဟုတ်....ဟုတ်ကဲ့'



လူရွယ်၏ နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်နေသည်။

မျက်နှာ၌ သွေးဆုတ်ဖြူရော်လျက်။

လူရွယ်သည် ငှက်ကြီးတောင်ဓားကို မြေမှ ဆွဲနုတ်ရန်ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

ထိုအခိုက်၌ မြေတွင်စိုက်ထားသော ငှက်ကြီးတောင်မားအိ မားရှက်ပေါ်သို့ တစ်စုံတစ်ရာက လာထိသည်။

မျက်မမြင် အဘိုးအိုလက်ထဲမှ တောင်ဝှေးထိပ်က မား ရှက်သံဘားပေါ်သို့ တည့်မတ်စွာ လာထိခြင်းပင်။

'ချပ်'

လူရွယ် လက်တွန့်သွား၏။

အဘိုးအိုသည် မျက်စိမမြင်သော်လည်း မားရှက်ပေါ်သို့ တောင်ဝှေးများဖြင့် တစ်ချက်တည်းတည့်မတ်စွာထောက်လိုက် နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အာရုံခံစွမ်းဉာဏ် အလွန်ထက်မြက်လှသည်ဟကား။
အဘိုးအိုက....
'အမယ်....မောင်ရင်ဟာဆောင်ဓားတွေဘာတွေနဲ့ကိုး၊ ဓားအားကိုးနဲ့ မိုက်စိတ်ဝင်ထင်ပါ့'
ဟု ပြောပြီးလျှင် တောင်ဝှေးထိပ်ဖြင့် ဓားရွက်ကို အလျားလိုက်အတိုင်း အထက်မှအောက်သို့ ဖိ၍သပ်ချလိုက်သည်။
'ဂျစ်....ဝှစ်....ဝှစ်'
ထို့နောက် တောင်ဝှေးကို ပြန်လည်ရုပ်သိမ်းလိုက်ကာ....
'ကဲ....မောင်ရင်လေး၊ လိုရာခရီးကို အမြန်ဆုံး ကြွပေတော့'
ဟု မျက်မမြင်အဘိုးအိုက ခွင့်ပြုလိုက်လျှင် လူရွယ်လည်း အခွင့်သာခိုက်၌လူနှစ်ယောက်၏ မျက်မှောက်က အမြန်ထွက်သွားမှ သင့်မည်ဟုတွေးကာ သူ့ဓားကိုသူ မြေမှဆွဲနုတ်လိုက်လေ၏။
'ချွင်....ဂျလင်....လင်....လင်'
'ဟင်....'
လူရွယ်၏နှုတ်မှ အာမေဋိတ်သံ ထွက်သွားခြင်းဖြစ်သည်။
အကြောင်းမှာ လူရွယ်က သူ၏ဓားကို မြေမှဆွဲနုတ်လိုက်သောအခါ ထူးဆန်းလှပစွာပင် ဆွေးမြည့်နေသော ပိုးထိုးသစ်သားပမာ ဓားတစ်ချောင်းလုံးသည် အပိုင်းပိုင်း ပြတ်တောက်၍ မြေသို့ကြွေကျသွားလေ၏။



လူရွယ်၏လက်ထဲတွင် ဓားရိုးသာ ကျန်ရစ်ခဲ့လေသည်။
လူရွယ်သည် ကြက်သေသေနေရာမှ သတိပြန်ဝင်လာကာ လက်ထဲမှ ဓားရိုးကို လွှတ်ချလိုက်ပြီး အားယူလိုက်လျက် ရွှေဂူကြီးဘုရားကို ကျောခိုင်းကာ ရေပူကုန်းရှိရာအရပ်ဆီသို့ အမှောင်ထဲတွင် အားသွန် ပြေးထွက်သွားလေတော့သည်။
လူရွယ်ပြေးထွက်သွားပြီးနောက် ထိုနေရာတွင်တိတ်ဆိတ်၍ ကျန်ရစ်သည်။
ဗဒင်နှင့် မျက်မမြင်အဘိုးအိုသည် မျက်နှာချင်းဆိုင်လျက် ငြိမ်သက်နေကြသည်။
ခဏကြာပြီးမှ ဗဒင်က....
'သံကို တစ်မုဟုတ်ချင်း ကျိုးဆက်သွားအောင်လုပ်နိုင်တဲ့ အဘဆရာဟိန်းရဲ့ အစွမ်းကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်ရပါတယ်'
ဟု ညင်သာစွာ ပြောလိုက်၏။
တစ်ဆက်တည်း....
'အင်း....လူမိုက်လက်ထဲက ဓားတစ်ချောင်း ဆုံးရှုံးသွားတာ လူကောင်းတစ်ရာအတွက် အကျိုးများစေနိုင်ပါတယ်'
ဗဒင်က မျက်မမြင်အဘိုးအိုကို အဘဆရာဟိန်းဟု ခေါ်လိုက်သည်။
ဆရာဟိန်းဟူသော အဘိုးအိုက....
'မောင်ရင်ဟာ ကျုပ်အမည်ရင်းကို သိနေပါလား၊ အင်း သံကို တစ်မုဟုတ်ချင်း ကျိုးဆက်သွားစေတဲ့ကိစ္စက[illegible]တော့

www.burmeseclassic.com

www.burmeseclassic.com



အဆန်းတကြယ်ကြီး မဟုတ်လှပါဘူး၊ ဟာင်းနွမ်းယိုဆွေးခဲ့ပါက်ဟာ ဖန်သားကို ပျော့ပျောင်းစေနိုင်တဲ့ အစွမ်းရှိသလို စိန်ခေတ်ဟာ ပူပြင်းတဲ့မီးကို အေးချမ်း ငြိမ်းသေစေနိုင်ပြီး ဆေးဒန်းခေတ်ကတော့ သံအားလုံးကို ကျိုးဆုတ်စေနိုင်တယ်၊ ဒါမြန်မာ့အင်္ဂရတ်ခေတ်ပညာရဲ့ အကျိုးသွားဘွေပေါ့၊ ဟောဒီမှာကြည့်....ငါ့တောင်ဝှေးထိပ်မှာ ဆေးဒန်းခေတ်လုံး မြှုပ်ထားတယ်လေ၊ နိုင်ရာခေတ်က သတ်လို့ မြေမှာ စိုက်ထားတဲ့ ငုတ်ကြီးတောင်ခေါ အပိုင်းပိုင်းကျိုးဆုတ်ပြတ်တောက်သွားတာပေါ့'

အဘိုးအိုက သူ၏ တောင်ဝှေးထိပ်ကို မီးရောင်တွင် မြှောက်ပြသည်။

တောင်ဝှေးထိပ်တွင် မြှုပ်နှံ ထားသော ဆေးဒန်းခေတ်လုံးမှာ စိန်ပွင့်ကြီးအလား စရုံတောင်၍ ထဖျပ်ဖျပ်လင်းလက်တောက်ပနေတော့သည်။

ဗဒင်သည် မြေပြင်တွင် ဒူးတုပ်ထိုင်ချလိုက်ကာ ရွှေဂူကြီးဘုရားကို ဦးသုံးကြိမ်ချသည်။

ထို့နောက် ဆရာဟိန်းဟူသော အဘိုးအိုကို ကန်တော့ကာ....

'အဘ ဆရာဟိန်း၊ ကျွန်တော့်နာမည် ဗဒင်ခေါ်ပါတယ်၊ အဘဆရာဟိန်းဆီမှာ ပစ္စည်းတစ်မျိုး တောင်းခံဖို့ကျွန်တော် ရောက်လာခြင်းဖြစ်ပါတယ်'

ဟု ပြောလိုက်၏။

ဆရာဟိန်းက....



'ဆန်းပါလားကွယ့် မောင်ဗဒင်၊ ဗင်းက ငါ့ဆီက ဘာပစ္စည်းများ လိုချင်လို့တုံးကွယ့်'

'သံချိုင်းသံ တစ်ပိသာပါခင်ဗျာ'

'ဟေ....'

ဗဒင်စကားကိုကြားလျှင် အဘိုးအို အလွန်အံ့သြကာ တဒင်္ဂမျှ တိတ်ဆိတ်သွား၏။

ထို့နောက်....

'ဩော်....အင်း....အင်း....ငါ့ဆီမှာ သံချိုင်းသံရနိုင်တယ်ဆိုတာကို မင်းသိနေသပေါ့၊ အင်း....ပြီးတော့လဲ မင်းကငါ့ကို ဒီလိုအချိန် ဒီလိုနေရာမှာ တွေ့နိုင်တယ်ဆိုတာ သိပြီးကြိုတင်စောင့်နေတာပေါ့၊အေး....အေး....အတော်ထူးဆန်းတာပဲ'

ဗဒင်က....

'ဟုတ်ပါတယ် ခင်ဗျာ၊ အဘ ဆရာဟိန်းဟာ မြန်မာပြည်ထဲက ဘုရားစေတီတစ်ရာ့ရှစ်ဆူကို နေ့ရက်ပြက္ခဒိန် တိတိကျကျ သတ်မှတ်ပြီး လှည့်လည်ကာ အဓိဋ္ဌာန်ပုတီး စိပ်နေတာ ရှစ်နှစ်ရှိပြီလို့ ကျွန်တော်သိထားပါတယ်၊ ကိုးနှစ်ပြည့်တဲ့အခါ အဘဆရာဟိန်းရဲ့ အဓိဋ္ဌာန်စခန်းအောင်မြင်ပြီ ဖြစ်လို့ အဘရဲ့ ပညာလမ်းစဉ်တစ်ဆင့်တက်ရတော့မယ်ဆိုတာလဲ ကျွန်တော် သိထားပါတယ်၊ ဒါကြောင့် အဘရဲ့ အဓိဋ္ဌာန်ပုတီးစိပ် ပြက္ခဒိန်နေ့ရက်တွေကို တွက်ချက်ပြီး ဒီရွှေဂူကြီးဘုရားကိုအလှည့်ကျတဲ့ ဒီညမှာ ကျွန်တော် ဒီကို ရောက်လာပြီး အဘကို စောင့်နေတာပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'မောင်ဗဒင်....မင်းဟာ ငါ့ရဲ့ အတွင်းရေးကိစ္စကို ခုလို ခရေစေ့တွင်းကျ သိနေတာ ဘာကြောင့်လဲ၊ ဘယ်သူ့ဆီက သိတာလဲ၊ အရင်ဆုံး ငါ့မေးခွန်းတွေကို ဖြေဖို့ လိုမယ် ဗဒင်၊ ဖြေ....ဖြေ....မင်းဖြေစမ်း....ဗဒင်'

ဆရာဟိန်း၏ အသံက လေထဲတွင် ခပ်အောအော ပဲ့တင် ထပ်နေသည်။

* * *

ဗဒင်က....

'ဒီကိစ္စအားလုံး ကျွန်တော်သိခဲ့ရတာက အဘဆရာဟိန်း ရဲ့ ဆရာ ပထမံဆရာသိန်းကိုယ်တိုင် ကျွန်တော့်ကို ပြောပြ ညွှန်ကြားလိုက်တာပါပဲ'

'ဟေ....မင်းက ငါ့ဆရာ ပထမံဆရာသိန်းကြီးနဲ့ တွေ့ခဲ့ တယ်....ဟုတ်လား'



'ဟုတ်ပါတယ် အဘဆရာဟိန်း၊ ပထမံ ဆရာသိန်းကြီးရဲ့ ပြောပြချက်အရ အဘဆရာဟိန်းရဲ့အကြောင်းကို ကျွန်တော် သိရပါတယ်၊ ကျွန်တော့်အတွက် အရေးကြီးလိုအပ်နေတဲ့ သချိုင်းသံဟာ ဆရာသိန်းဆီမှာ ရှိတဲ့အတွက် ကျွန်တော်လာ ရောက် တောင်းခံရခြင်း ပါပဲခင်ဗျာ'

'အင်း....မင်းပြောလို့ ကြားရပေမယ့် ငါ့စိတ်တွေကတော့ သံသယဝင်နေဆဲပဲ။ ဘာကြောင့်ဆိုတော့ တို့ရဲ့ဆရာ ပထမံဆရာသိန်းကြီးဟာ တော်ရုံလူကို လုံးဝတွေ့သေးတာ မရှိလို့ပဲ၊ ကဲ....ငါ့သံသယတွေ ကင်းသွားအောင် ငါမေးတဲ့ မေးခွန်းတွေကို မင်းဖြေစမ်း'

'ဟုတ်ကဲ့ ဖြေပါ့မယ် အဘဟိန်း၊ မေးပါ'

'သံချိုင်းသံ ဘယ်နှစ်မျိုး ရှိသလဲ'

'ကိုးမျိုးရှိပါတယ်'

'သချိုင်းသံ ကိုးမျိုးကို ပေါင်းလိုက်ရင် ဘာဖြစ်သလဲ'

'ကမ္ဘာ့ခေါ်မှာ အကောင်းဆုံးသံ ဖြစ်လာပါတယ်'

'အဲဒီသံကို မင်းက ဘာလုပ်မှာလဲ'

'ဓားလုပ်မှာပါ၊ ဓားတစ်ချောင်းလုပ်မှာပါ'

'ဪ....မင်းက ကိုးသချိုင်းသံဓားအတွက် ငါ့ဆီလာ တာကိုး'

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ်'

'ဒါဆိုရင် ငါ့ဆီမှာရှိတဲ့ ထန်းချိုင်းသံက ဘာအမျိုး အစားလဲဆိုတာ မင်း သိရမှာပေါ့'

'သိပါတယ်ခင်ဗျာ၊ အဘဟိန်းဆီမှာရှိတဲ့ သံချိုင်းသံက အရှားပါးဆုံးဖြစ်တဲ့ မြောက်သံချိုင်းသံပါ'

'အင်း....မှန်တယ်....မှန်တယ်၊ ဗအင် ခင်းဟာ ငါ့ဆရာ ပထမံဆရာသိန်းနဲ့ တွေ့ခဲ့တယ်ဆိုတာ ငါယုံပြီ၊ မင်းလိုချင်တဲ့ မြောက်သံချိုင်းသံကို မနက်ဖြန်မှာ ဝါပေးမယ်၊ ဒီနေ့ည ဗိုရွှေဂူကြီးဘုရားမှာ ငါအစိဋ္ဌာန်ပုတီးစိပ် ဖျက်လို့မဖြစ်ဘူး'

'ဟုတ်ကဲ့ပါ အဘဟိန်း၊ ကျွန်တော် သဘောပေါက် ပါတယ်'

'ဒီတော့မနက်ဖြန်ညမှာမင်းနဲ့ဝါမင်း ကုန်းရွာရဲ့သံချိုင်း မြေမှာ ဆုံကြမယ်'

'ကျွန်တော် ဆက်ဆက် စောင့်နေပါမယ် အဘဟိန်း'

'ကဲ....ဒါဆို မင်းသွားပေတော့ ဗအင်'

မျက်မမြင်အဘိုးဆရာဟိန်းသည် မီးမှန်အိမ်ကို ရွှေဂူကြီး ဘုရားရှေ့တွင် ချထားလိုက်သည်။

ထို့နောက် မီးအိမ်ရှေ့တွင် တင်ပျဉ်ခွေထိုင်သည်။ လက်ထဲ မှ တောင်ဝှေးကို မြေပြင်မှာချသည်။ ရှမ်းလွယ်အိတ်ထဲမှ ပုတီးကိုနှိုက်သည်။ ကျောက်စိမ်းပုတီး။

ရှမ်းလွယ်အိတ်ကို ဘေးမှာချပြီး ဘုရားဝတ်ပြုသည်။

ပြီးလျှင် အစိဋ္ဌာန်ပုတီးကို စိပ်ခြင်းလုပ်ငန်းစလေသည်။



ဗအင်သည် စိတ်ထဲမှ သာဓုခေါ်ပြီးနောက် မီးအိမ်ရှင် မျက်မမြင် ဆရာဟိန်းကို ကျောခိုင်းကာ အမှောင်ထုအတွင်း ရဲရင့်သော ခြေလှမ်းများဖြင့် တစ်လှမ်းချင်း ထွက်ခွာလာခဲ့ လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြောက်သာချိုင်းသံ

A square thing does not fit into a round.

(လေးထောင့်ဖြစ်သော အရာဝတ္ထုသည် ဝိုင်းသော အပေါက်နှင့် မည်သည့်အခါမျှ မတော်ချေ။)

(ပထမံဆရာသိန်း)

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

ဆရာယိန်းနှင့် ချိန်းဆိုထားသောည။

နေရာကား မင်းကုန်းရွာ၏ သချႋုင်းမြေ။

မင်းကုန်းရွာ၏ မြောက်ဘက် မှက်ထိအရပ်ဆီမှ တိုက်ခတ်နေသောလေသည် သချႋုင်းမြေအတွင်းသို့ ဖြတ်သန်းကာ မြေပုံများ၊ မှတ်တိုင်များနှင့် သုသာန်ဇရပ်ကြီးကို ပွတ်တိုက်လျက် ဟွူးဟွူးရှူးရှူး အသံများ မြည်ဟည်းနေစေလေ၏။

သချႋုင်းမြေ၏ သဘာဝကိုယ်၌က ချောက်ချားဖွယ် ရှိရသည့်အထဲ အချိန်အခါမဟုတ် တိုက်ခတ်နေသော [illegible]စိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သချိုင်းမြေ နေရာအနှံ့မှာ အရိပ်များ လှုပ်ရှား လျက် အသံများလည်း မြည်ကြွေးနေသည်။

လဆန်းရက်ဖြစ်၍ ထက်ကောင်းကင်၌ လမင်းပြည့်ပြည့် ရှိသော်လည်း ဖြစ်တောင့်ဖြစ်ခဲ မည်းညိုနေသော တိမ်းစိုင် များက မင်းကုန်းရွာနှင့် သုသာန်လွင်ပြင်ကို ဖြတ်သန်းသွား နေရာ လရောင်သည် လင်းချည်တစ်ခါ မှိန်ချည်တစ်လှည့် ရှိနေလေသည်။

သချိုင်းမြေအလယ်ရှိသုသာန်ဇရပ်ကြီးနှင့်မလှမ်းမကမ်း တွင်ရှိသော မြေကွက်လပ်တစ်ခုတွင် ဗဒင်သည် ထင်ပျဉ်ဖခွေ ထိုင်၍ ပတ်ဝန်းကျင်၏ ချောက်ချားဖွယ်ရာ မြင်ကွင်းနှင့် အသံဗလံများကို လျစ်လျူရှုကာ စိတ်ကို ငြိမ်အောင် ထိန်း သိမ်းရင်း အဋ္ဌရာယ်ကင်း မန္တန်တစ်ပုဒ်ကို မနေမြင့် ရွတ် ဆိုနေလေသည်။

'သီဟော ဝသဒ္ဒေ၊ အသန္တ သန္တော။
ဝါတော၀ ဇာလမှိ၊ အပဇ္ဇမာနော။
ပန္ဒုံ ဝတော ရေန၊ အလိမ္ပမာနော။
ဧကောစ ရေခဂ္ဂ၊ ဝိသာကာ ထပ္ပေါ့၊

သီဟော၊ ခြင်္သေ့သည်၊ ဘဒ္ဒေသု၊ အသံကြောင့်၊ အသန္တ သန္တေဣဝ၊ ထိတ်လန့်တုန်လှုပ်ခြင်းမရှိ။

ဝါတော၊ လေသည်၊ ဇာလမှိ၊ ပိုက်ကွန်၌၊ အပဇ္ဇမာ နောဣဝ၊ မကပ်ငြိ၊

ပန္ဒုံ၊ ပဒုမ္မာကြာသည်၊ တောရေန၊ ရေနှင့်၊ အလိမ္ပမာ နောဣဝ၊ လိမ်းကျံစွန်းခြင်းမရှိ။



ဧဝံတာသာ၊ ထိုနည်းတူစွာ။

ခဂ္ဂဝိသာဏကာပစ္စေါ၊ ကြံ့ချိုပမာလျှင်၊ ဧကော၊ တစ် ကိုယ်တည်းနေ၍၊ စရေ၊ ကျင့်ကြံ အားထုတ်ရပေသတည်း။

ထိုအချိန်တွင် ကောင်းကင်၌ မည်းညို့နေသော တိမ်တိုက် သည် ရွေ့လျောသွားရာ လမင်းသည် အကွယ်အကွာမဲ့သွား ၍ သချိုင်းမြေပြင်သို့ အေးမြဝါထိန်သော လရောင် ကျ ရောက် လင်းချင်းလာလေ၏။

'ဟင်....ဆရာဟိန်း ရောက်နေပါလား'

ဗဒင်၏နှုတ်မှ အာမေဋိတ်သံ ထွက်ပေါ် သွားသည်။ မှန်ပေသည်။

ဆရာဟိန်းသည် ဗဒင်နှင့် မျက်နှာချင်းဆိုင်လျက် တင် ပျဉ်ခွေထိုင်ရင်း တည်ငြိမ်စွာ ရှိနေပေသည်။

သူကိုင်ဆောင်နေကျ တောင်ဝှေးက ထိုင်နေသော ဒူးနှစ် ဖက်ပေါ်တွင် ကန့်လန့်ဖြတ်တင်လျက် ရှိနေသည်။

'ဗဒင် ကိုးသချိုင်းသံခေးကို မင်း ဘယ်နေရာမှာ အသုံး ပြုမှာလဲ'

ဆရာဟိန်းထံမှ လှိုက်ထံပါသည့် စကားသံ ထွက်ပေါ် လာစဉ် ဆရာဟိန်း၏ ပါးစပ်များ လှုပ်ရှားသွားသည်ကို မတွေ့ရချေ။

အနည်းငယ်မှုန်ဝါးသော အလင်းရောင်ကြောင့် မျက်နှာ ပေါ်တွင် အရိပ်ထိုးနေရာ ထိုအချက်ကြောင့် မသဲမကွဲဖြစ် သည်လားဟု ဗဒင် မဝေခွဲနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်က ဆရာဟိန်းထံမှ ထွက်ပေါ်လာသော မေးခွန်းကို ဖြေကြားလိုက်သည်။

'အမျိုးဘာသာ သာသနာကို ကာကွယ်စောင့်ရှောက်ရန်အတွက် အသုံးပြုမှာ ဖြစ်ပါတယ်'

'ကောင်းပြီ၊ မင်းရဲ့စကား တည်ပါစေ'

'တည်ပါမည် ဆရာဟိန်း'

'မင်းအတွက် ညွှန်ကြားချက် ငါပြောမယ်၊ ညွှန်ကြားချက်အတိုင်း အတိအကျ လိုက်နာဆောင်ရွက်ပါ၊ မင်းနောက်တည့်တည့်ကို ခုနစ်လှမ်းဆုတ် ကမ္ဗိုမိုမိုတစ်ခုကို တွေ့လိမ့်မယ်၊ အနီးမှာ အသင့်ရှိနေတဲ့ ပေါက်ပြားနဲ့ ကမူကို တူးဖို့ပါ၊ အဲဒီမှာ မြေအိုးကို တွေ့လိမ့်မယ်၊ မြေအိုးကိုခွဲပြီးအထဲက ကြေးစို့သုံးချောင်းကိုယူပါ၊ အဲဒီနေရာက တစ်လှမ်းမှ မရွှေ့ဘဲ တင်ပျဉ်ခွေထိုင်နေပါ ဒါပဲ'

ဆရာဟိန်း၏ စကားပြောသံ ဆုံးသွားချိန်တွင် ကောင်းကင်၌ လကို တိမ်ဖုံးလိုက်ရာ သချိုင်းမြေတစ်ခုလုံး မှောင်အတိ ကျသွားတော့သည်။

ဗဒင်၏ မြင်ကွင်းထဲတွင် ဆရာဟိန်းသဏ္ဌာန် ပျောက်ကွယ်သွားသည်။

မည်သို့ရှိစေ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်ရမည်ဖြစ်ရာ ဗဒင်သည် နေရာတွင် ထရပ်လိုက်၏။

ထို့နောက် နောက်ပြန် အနေအထားဖြင့်ပင် ခြေတစ်လှမ်းချင်း ရေတွက်မှတ်သားကာ ခုနစ်လှမ်းတိတိ ဆုတ်လိုက်၏။



ပြီးလျှင် နောက်ဘက်သို့လှည့်၍ မျက်နှာမူလိုက်၏။

အမှောင်ရိပ်အောက်တွင် ကမူမြင့်မြင့်တစ်ခုကို ဝိုးတိုးဝါးဝါး တွေ့မြင်ရသည်။

ဗဒင်သည် ခါးကိုကိုင်းကာ ကမူနှုတ်ဖက်တွင် လက်နှင့်လိုက်စမ်းသည်။

မကြာခင်မှာပင် ပေါက်ပြားတစ်လက်ကို လက်က ကိုင်ဆုပ်မိ၏။

ကမူကို ပေါက်ပြားဖြင့် စတင်တူးဖို့သည်။

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

အမှောင်လွှမ်းနေသော ပရကာသ စမ်း၍ ရမ်း၍ တူးရသော ကြောင့် ခေါင်းမတွင်လှချေ။

အတန်ကြာအောင်တူးဖော်ရာ နဖူးမှာ အနည်းငယ်ချေး စို့လာလျှင် မြေကလည်း ခပ်နက်နက်ရှိပေရာ ပေါက်ပြားက မခနကျသော အရာတစ်ခုကို ထိခတ်မိလျှင်....

'ချွင်း....'

ဟူ၍ အသံမြည်သွား၏။

ပေါက်ပြားကို အသာအေးချထားပြီး မြေကျင်းထဲသို့ လက်နှင့်စမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံးခုံးခုံး မာခကျောနေသောအရာကို ကိုင်မိ၏။

မြစိုင်ခဲများကိုလက်နှင့်ယက်ဖယ်ပြီး အိုးကိုလက်နှစ်ဖက်ဖြင့် မ,ယူ လိုက်၏။

လက်ထဲတွင်ပါလာသောမြေအိုးကိုလှပ်ကြည့်ရာ အတွင်း၌ ထစ်စုံတစ်ရာ ရွေ့လျားနေပြီး သတ္တုချင်း ရိုက်ခတ်မိသော အသံကို ခပ်တိုးတိုးကြားရ၏။

ဗဒင်က အိုးကို မြေပေါ်တွင်ချထားသည်။

ပေါက်ပြားကိုကောက်ကိုင်ပြီး ဆရာဟိန်း မှာထားသည့်အတိုင်း မြေအိုးကို ရိုက်ခွဲလိုက်၏။

ထို့နောက် အမှောင်ထဲတွင် မြေအိုးကွဲနေရာကို ဆက်နှင့်စမ်းရာ အလွန်အေးစက်သော သတ္တုချောင်းသုံးခုကိုစမ်းသပ်တွေ့ရှိသည်နှင့် ကောက်ယူထားလိုက်၏။

ပုံသဏ္ဌာန်မှာ အရပ်ခေါ် အဖျားချွန်ကြောင်းစ ကြည့်မိ၏။

ဆရာဟိန်းပြောသော ကြေးစို့သုံးချောင်းပင် ဖြစ်ရပေမည်။

ကြေးစို့သုံးချောင်းကိုရရှိပြီဖြစ်၍ ဗဒင်သည် ထိုနေရာမှာပင် တင်ပျဉ်ခွေ ထိုင်ချလိုက်သည်။

ကောင်းကင်၌ တိမ်မည်းတို့သည် ပိုမို ထူထပ် သိပ်သည်းလာရာ ပတ်ဝန်းကျင်တစ်ခုလုံး သိပ်သည်းစွာ မှောင်ကျနေပေရကား ကိုယ့်လက်ကိုယ်ပြန်မမြင်နိုင်အောင် ဟောရည်သည် ပိန်းပိတ်နေပေတော့သည်။



ဟာဝူး ဟူး တိုက်ခတ်နေသော လေထဲတွင် ဆရာဟိန်း၏အသံ ပေါ်လာသည်။

'မိုးရိပ်နဲ့ဗဒင် ဒီည ဒီနေရာမှာ မိုးမှောင်ကြီး ကျမယ်ဆိုတာကို ကြိုဟ်သွားကြိုဟ်လာတွေကြည့်ပြီး နက္ခတ်ပညာနဲ့ အသေအချာတွက်ချက်ခဲ့လို့ ငါကိုယ်တိုင် ကြိုသိခဲ့ပြီးသားပါ ဗဒင် အချိန်ကိုက်စီရင်ထားတဲ့ကိစ္စပဲ တည်တည်ငြိမ်ငြိမ်သာ ဆက်ထိုင်နေပေတော့'

ဆရာဟိန်း၏အသံသည် လေထဲတွင် မျောပါလာကာ ဟိုမှလိုလို သည်မှလိုလို ထပ်ယောင်နေရပေ၏။

ဆရာဟိန်းက စကားပြောခြင်းကို ရပ်လိုက်သောအခါ အသံတိတ်သွားသည်နှင့် သူ ဘယ်နေရာတွင် ရှိနေသည်ကို အမှောင်တွင်း၌ မည်သို့မျှခန့်မှန်း၍မရတော့ပါချေ။

အရှိန်ပြင်းစွာ တိုက်ခတ်နေသောလေသည် ရုတ်တရက် ချက်ချင်း လုံးဝရပ်တန့်သွားလေ၏။

ရုတ်ခြည်းမှာ လေ လုံးဝမရှိတော့သကဲ့သို့ ငြိမ်သက်သွား၏။

ထိတ်လန့် ချောက်ချားဖွယ် ကောင်းလောက်အောင်ပင် အသံများလည်း တိတ်ဆိတ် ပျောက်ဆုံးသွား၏။

မသိမ့်နေရာ....လေမဲ့နေရာ....

ထိုနေ ခိုက်၌ ထက်ကောင်းကင် တိမ်မည်းတို့အကြား တွင် အသံလုံးဝမပါဘဲ လျှပ်စီးပြက်လိုက်လေရာ လျှပ် အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဖြန်းခနဲ ဝင်းဝါ လင်းထိန် သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်ပြက်ချိန်မှာ တဒင်္ဂ ခဏကလေးသာဖြစ်လျှင် ထို လျှပ်ပြက်ချိန်နှင့် မရွေးမနှောင်းတွင် ဗဒင်လက်ထဲရှိ ကြေးစို့ကြီးသုံးချောင်းသည် မြန်းခနဲ အလင်းရောင်များဖြာထွက်လျက် မီးပွင့်သွားလေသည်။

ဗဒင်၏မျက်စိထဲတွင် လင်းခနဲ ဝင်းခနဲဖြစ်ကာ တစ်ကိုယ်လုံး ပြင်းထန်သော ဓာတ်အားများ စီးဆင်းသွားသကဲ့သို့ တဒင်းဒင်း တုန်ခါ နာကျင်ပြီး ဗူးခနဲ ခေါင်းထဲတွင် ဝေဒနာ ပေါ်ပေါက်၍ ဗဒင် သတိလစ် မေ့မြောသွားလေတော့သည်။

မည်မျှကြာအောင် သတိလစ် မေ့မြောသွားသည်မသိ။

'ဗဒင်.... ဗဒင်.... ဗဒင်.... ထ....ထ'

ဟူသော ဆရာဟိန်း၏အသံ နားထဲဝင်လာမှ အသိအာရုံများ ပြန်လည်ဆက်စပ်မိသည်။

မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ အရှေ့တွင် အရုဏ် ပျို့စပြုပြီဖြစ်၍ မှုန်ရီဝိုးတဝါး အလင်းရောင်အောက်တွင် ဆရာဟိန်း၏သဏ္ဌာန်ကို တွေ့မြင်ရသည်။

ဆရာဟိန်းက လက်တစ်ဖက်တွင် ထောင်ဝှေးကို မြေ၌ ထောက်ကိုင်ကာ ခါးကိုကုန်း၍ ဗဒင်၏ မျက်နှာပေါ် မိုးကြည့်ရင်း ဗဒင်နာမည်ကို ခေါ်နေခြင်းဖြစ်သည်။

အပေါ်မှ စိုးမိုးကြည့်နေသော ဆရာဟိန်း၏မျက်နှာကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ငေးစိုက်ကြည့်နေမိရာမှ ရုတ်တရက် ဗဒင်သတိရသွားပြီး ငေါက်ခနဲထထိုင်လိုက်သည်။



တောင်းကင်မှ လျှပ်စီးလက်ပြီး သူ့လက်ထဲမှ ကြေးစို့ကြီး သုံးချောင်းလည်း လျှပ်စစ်ဓာတ်များ ပြိုးပြက် လင်းလက်ကာ သူ့ခန္ဓာကိုယ်တစ်ခုလုံး ပြင်းထန်သော ဓာတ်အားများ စီးဆင်းသွားသည့်ဒဏ်ကို ခံစားရ၍ ဝေဒနာကြောင့် မေ့မြောသွားခဲ့ခြင်းဖြစ်ကြောင်းကို ပြန်လည် သတိရမိသည်။

ဗဒင်က သူ့လက်ဝါးနှစ်ဖက်ကို ဖြန့်ပြီး ကြေးစို့ကြီးများကို ကြည့်မိသည်။

'ဟင်....ကျွန်တော့်လက်ထဲက ကြေးစို့တွေ ဘယ်ရောက်သွားပါလိမ့်'

ဗဒင်လက်ထဲတွင် မည်သည့်အရာမျှမရှိတော့။

ဆရာဟိန်းက....

'ကြေးစို့ကြီးတွေကို သူ့နေရာသူ ပြန်ထားလိုက်ပြီဗဒင်၊ ကဲ....ထ၊ ငါတို့ခရီးဆက်ရဦးမယ်'

ဗဒင် ထရပ်လိုက်သည်။

သူ့ခန္ဓာကိုယ်ထဲတွင် ထူးခြားမှုတစ်မျိုး ဖြစ်နေ၏။

နွေးထွေးသော စွမ်းအင်တစ်မျိုး ခန္ဓာကိုယ်တွင် ပျံ့နှံ့ ပြည့်ဝနေသည်။

'ဗဒင်....လာလေ၊ ဘာငိုင်နေတာလဲ၊ မင်းလိုချင်တဲ့ မြောက်သင်္ချိုင်းသံကိုယူဖို့ အရှေ့ဘက်က ဝါးပတ်ချောင်းဆီကို ခရီးဆက်ရဦးမယ်ကွယ့်'

ဗဒင်သည် ဆရာဟိန်းဆီသို့ လျှောက်သွားရင်း မင်းကုန်း သင်္ချိုင်းမြေကို မျက်လုံးဝေ့၍ ဘယ်ညာကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ဤသင်္ချိုင်းမြေ အတွင်း၌ အချိန်အတန်ကြာအောင် မေ့မြောနေခဲ့သည့်အဖြစ်ကို ပြန်စဉ်းစားမိကာ စိတ်ထဲတွင် စနိုးစနောင့် ဖြင့်မိလေသည်။

ဆရာဟိန်းသည် သင်္ချိုင်းမြေကို ဖြတ်၍ အရှေ့ဘက်သို့ ဦးဆောင် ထွက်ခွာသွားရာ ဗဒင်လည်း ဆရာဟိန်းနောက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လိုက်ပါသွားရလေသည်။

ဆရာဟိန်းက နောက်ကိုလှည့်မကြည့်။

'မောင်ဗဒင်က သင်္ချိုင်းမြေထဲမှာ သတိလစ်ပြီး မေ့မြောခဲ့တာကို စိတ်စနိုးစနောင့် ဖြစ်နေတယ်မဟုတ်လား၊ မင်းဟာ ခေတ်ပညာတတ် ဖြစ်နေပြီးတော့ အယူအစွဲတွေ လွဲနေတာတော့ မဟန်သေးဘူးကွယ့်၊ အင်္ဂလိပ်ဆိုရိုးစကားတစ်ခုရှိတယ်၊ Nothing but sorbit dust lies here.တဲ့၊ အဓိပ္ပာယ်ကို မင်းသိပါတယ်၊ ဒီနေရာမှာ တန်ခိုးကြီးသူ တန်ခိုးဝယ်သူ ချမ်းသာသူ ဆင်းရဲသူ လှသူ ရုပ်ဆိုးသူ အားလုံး အတူတူ မြေမှုန့်တွေ ဖြစ်နေကြပြီလေ ဟား... ဟား... ဟား... သင်္ချိုင်းဆိုတာ ဘာမှမဟုတ်ဘူးကွ၊ ညစ်ညမ်းတဲ့မြေမှုန့်တွေ လဲလျောင်းနေတဲ့ နေရာပေါ့ကွာ'

'ဟင်'

ဗဒင်၏နှုတ်မှ အာမေဍိတ်သံ ထွက်ပေါ်သွားသည်။

ထို့နောက် အလွန် အံ့အားသင့်၍ ပြူးကျယ်သော မျက်လုံးများဖြင့် ဆရာဟိန်းကို ငေးကြည့်မိလေသည်။

'မင်း ဘာတွေအံ့အားသင့်နေတာလဲ'



'ဆရာဟိန်းရဲ့ အင်္ဂလိပ်စကားအသံထွက်ပုံက သိပ်ကောင်းတာပဲ၊ ဆရာဟိန်းဟာ အင်္ဂလိပ်ဘာသာကို အတော်ကျွမ်းကျင် နိုင်ပုံရတယ်၊ အဲဒီအချက်ကို ကျွန်တော်အံ့သြနေတာပါ'

'ခြော်... မင်းတာ ငါတို့လို ဂမ္ဘီရပညာကို လေ့လာလိုက်စားတဲ့လူတွေ ပထမ လမ်းစဉ်ကို တက်လှမ်းတဲ့လူတွေဟာ ခေတ်ပညာမတတ်ကြဘူး၊ ဘုန်းတော်ကြီးကျောင်းထွက်တွေပဲလို့ အထင်သေးနေတာကိုးကွယ့်'

ဆရာဟိန်း၏မှတ်ချက်ကြောင့် ဗဒင်တစ်ယောက် ဗလုံးဗထွေးဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

'ကျွန်....ကျွန်တော်က ဒီသဘောနဲ့ပြောတာ မ....မဟုတ်'

'ဒီသဘောပါပဲ ဗဒင်ရယ် မထူးပါဘူး၊ အေး....မင်းရဲ့ ထင်မြင်တွေးဆချက်တွေ မှားတယ်ကွယ့်၊ ငါဟာ ပထမ ဆရာသိန်းရဲ့ တပည့်ဆိုတာကို မင်းမေ့သွားပြီ ဟား၊ ပါမောက္ခ ဆရာသိန်းဟာ ခေတ်ပညာတတ် နိုင်ငံခြားပြန်တစ်ယောက် ငါ့ကို ပထမဆရာသိန်းက တပည့်အဖြစ် လက်ခံခင်မှာပဲ ယူပေးဖတ်တဲ့ကျမ်းစာအုပ်တွေအားလုံးက အင်္ဂလိပ်ဘာသာ စကားနဲ့ ရေးထားတာတွေချည်းပဲ၊ Science thesis တွေပေါ့၊ ပထမဆရာကြီးဟာ အံ့ရွှေတိုင်း လောကီပညာကို

www.burmeseclassic.com

www.burmeseclassic.com



သိပ္ပံနည်းကျ လေ့ကျင့်အောင်မြင်ခဲ့တဲ့ ဆရာကြီးပါ ဗဒင် အင်္ဂလိပ်ဘာသာစကားကိုမှ တတ်ရင်တော့ ပထမဆရာသိန်းနဲ့ အံမကျဘူးလေ၊ အဝိုင်းနဲ့လေးထောင့်လို ဖြစ်နေလိမ့်မယ် သူ ခဏခဏပြောလေ့ပြောထရှိတဲ့စကားရှိတယ်၊ A square thing does not fit into a round. တဲ့'

'ကျွန်တော် တောင်းပန်ပါတယ် အသဆရာဟိန်း၊ ပထမဆရာသိန်းရဲ့ အကွင်းဇာတ်မြင့်ကို အဲဒီလောက်အထိ နီးကပ်နီးကပ် ချတ်ချတ် ကျွန်တော်မသိခဲ့လို့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ'

'အင်း...နည်းနည်း ပါးပါးတော့ စဉ်းစားမိဖို့ကောင်းတာပေါ့၊ ဂန္ထဝင်ပညာရှင်တွေထဲမှာ သောင်းဘိရှည်နဲ့ နက်ကတိုင်နဲ့ ရှူးဖိနပ်ကိုပြောင်လှအောင် တိုက်ထားကိုမှ စီးပြီး သက္ကလတ်ကုတ်အင်္ကျီ ဝတ်တဲ့ဆရာဟာ ပထမဆရာသိန်း တစ်ဦးတည်းရှိတာပဲလေ'

'ဗျာ...ကျွန်တော်တွေ့ခဲ့တဲ့ ပထမဆရာသိန်းကတော့ ပန်းနုရောင် ပိုးတိုက်ပုံ၊ တန်းကောက် ထဘီရှမ်းရှမ်းနဲ့ပါဆရာ'

'ဟေ...ဒီတစ်ခါ ငါက ပြန်ပြီးအံ့အားသင့်ရမယ့်အလှည့် ပါလား၊ ဒါနဲ့ တဆိတ်မေးစမ်းပါရစေ၊ မင်း ပထမဆရာသိန်းကြီးကို တွေ့ခွင့်ရခဲ့တာ ဘာကိစ္စနဲ့လဲကွ'

ဗဒင်နှင့် ဆရာဟိန်းသည် စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရာ သင်္ချိုင်းမြေ နယ်နိမိတ်ကို ကျော်လွန်ခဲ့ပြီ ဖြစ်၏။

အရှေ့ဘက်မှ အလင်းရောင်များ ပေါ်လာနေပြီ။



ဗဒင်က....

'ကျွန်တော် ပထမဆရာသိန်းကြီးနဲ့ တွေ့ခွင့်ရတဲ့ကိစ္စဟာ ကျွန်တော်တို့ မြန်မာတစ်မျိုးသားလုံး ကျွန်ဘဝ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ရဲ့ လက်ဝဲဗိုလ်စောခမ်းမောက် အတွက်ပါပဲ'

(ဝန်းသိုစော်ဘွားကြီး ဆိုသည်မှာ အင်္ဂလိပ်တို့က လက်နက်ချလျှင် သူကောင်းပြုမည်ဆိုသည့်တိုင် တစ်ယောက်တည်း ကျန်သည်အထိ မြင်းတစ်စီး ဓားတစ်လက်ဖြင့် ခုခံကာ နောက်ဆုံး အားမတန်သောကြောင့် တရုတ်ပြည်ထဲသို့ တိမ်းရှောင်သွားခဲ့ရသည့် မျိုးချစ်သူရဲကောင်းကြီး ဖြစ်သည်။)

'ဪ...တို့မြန်မာရဲ့ အမျိုးသားရေးကိုး၊ ဒါကြောင့် ပထမဆရာသိန်းကြီးက မျိုးချစ်စိတ်ကို ဖော်ပြတဲ့အနေနဲ့ အမျိုးသားဝတ်စုံကို ဝတ်ဆင်ခဲ့တာပဲ'

အထန်ကြာအောင် မည်သည့်စကားမျှမဆိုမိကြဘဲ နှစ်ဦးသား ခရီးအတော်ဝေးအောင် လျှောက်ခဲ့ကြသည်။

ရှေ့မှာ ကျောင်းပျက်ကြီးတစ်ခု တွေ့ကြောင်း ဗဒင်က ဆရာဟိန်းကို အသိပေးလိုက်၏။

ဆရာဟိန်းက....

'လာဟေ့....ဘုန်းကြီးကျောင်းပျက်ထဲ ဝင်နားရင်း စားစရာတစ်ခုခုများ ရမလား မသိဘူး'

ဗဒင်က....

'ကျောင်းပျက်ကြီးပဲ၊ ဘုန်းကြီးတစ်ပါးမှ ရှိပုံမပေါ်ဘူး...ဆရာဟိန်းရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'လာပါကွယ်... ကျောင်းပျက်ကြီးထဲမှာ ရသေ့တစ်ပါး ရှိပါတယ်'

ကျောင်းဆိုကြီးမှာ အောက်ခင်းပရှိတော့၊

အကာအရံ အချို့သာ ကျန်သည်။

၎ တွင်း၌ ထရှုံးရှုံး ထရှဲရှဲအသံကို အလျှင်ကြားရပြီး ဖားဖိုတစ်လုံးကို မဲ၍ အတွင်းဆွဲနေသော ရသေ့ကြီးတစ်ပါးကို တွေ့ရ၏။

ဆရာဟိန်းက နားအစဲချက် စွင့်လိုက်ပြီး....

'ရသေ့ကြီး ဦးဒေါနု... ဓိတက်လဲ လှည့်ပါဦးဗျ၊ ကျုပ်တို့ ရောက်နေတာတောင် သတိမမူမိအောင် ခင်ဗျားက ဘာ စေတ်များ ဖမ်းနေပါလိမ့်'

ဟု အသံပေးလိုက်၏။

ထိုအခါမှ ဦးဒေါနုဆိုသော ရသေ့ကြီးသည် မီးရဲနေသော ဖိုခွင်ကြီးအတွင်း ခေါင်းငုံ့ကြည့်နေရာက ဆတ်ခနဲ ခေါင်းမော့ကာ ကျောင်းအောက်သို့ ဝင်လာသော ဗဒင်နှင့် ဆရာဟိန်းထံသို့ လှမ်းကြည့်လိုက်၏။

သူ၏မျက်လုံးအစုံမှာ နီရဲဝင်းလက်နေ၏။

သူ၏အကြည့်က ဆရာဟိန်းထံ ရောက်သွားသော အခါ ရုတ်တရက် မှတ်မိသွားပုံရပြီး အသံကျယ်လောင်စွာ အော်ဟစ်နှုတ်ဆက်လိုက်လေ၏။

'ဟာ.... ဆရာဟိန်းပါလား၊ ဝမ်းသာ လိုက်တာဗျာ၊ ဆရာ့ကို တွေ့ရမယ်လို့ ဘယ်လိုမှ မမျှော်လင့်ဘူး'



မြောမြောဆိုဆို လက်ထဲက ဖိုကြိုးကိုလွှတ်ကာ ဆရာဟိန်းထံသို့ ဘူကလက်သော ခြေလှမ်းများဖြင့် လျှောက်လာလေသည်။

ရသေ့ကြီး ဦးဒေါနုမှာ ကျောင်းအောက်တွင် နေထိုင်ပြီး ပိုထိုးနေပုံရသည်။

ကွပ်ပျစ်တစ်လုံးရှိပြီး ကွပ်ပျစ်ပေါ်၌ သင်ဖြူးဖျာ တစ်ချပ် ခင်းထားသည်။

ကွပ်ပျစ်ခြေရင်းနှင့် စဥ့်အိုးတစ်လုံးနှင့် တိုလီမုတ်စထည့်ထားသော သံပုံးဟောင်း နှစ်လုံး တွေ့ရသည်။

ခုတင်ပေါ်တွင် ခေါင်းအုံးအိပ်ရန် သစ်သားတစ်လုံးကို သင်္ကန်းဟောင်းအစ်သည်နှင့် ပတ်ထားပြီး ခေါင်းရင်း၌ ကပ်လျက် ထားရှိ၏။

'ဆရာဟိန်းတို့ ကွပ်ပျစ်ပေါ်မှာ ထိုင်ကြလေ'

ရသေ့ကြီး ဦးဒေါနုက ကွပ်ပျစ်ခြေရင်း မြေပြင်၌ရှိသော မြေအိုးတစ်လုံးကို ကရွတ်ခွေနှင့်အတူ ပြယူလာသည်။

ဗဒင်က ဆရာဟိန်းကိုတွဲပြီး ကွပ်ပျစ်တွင် ထိုင်စေ၏။

'ဆရာဟိန်းတို့ ရောက်လာတာနဲ့ အတော်ပဲ၊ ကျုန်တော့ စိတ်ထဲ ညှိသည်ထူး ရောက်လာမယ်လို့ နံနက်စောစောတပြီး ထောင်းညှင်းပေါင်းထားတာလေ'

ဟု ရသေ့ကြီးက ကျယ်လောင်စွာ ပြောသည်။

'ကောင်းပါလေ့ဗျာ'

ဆရာဟိန်းက ခပ်ပြုံးပြုံးပြောရင်း ဗဒင်ကိုကြည့်သည်။

ထို့နောက်....

www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ငါမပြောဘူးလား ဗဒင်၊ ဓိကျောင်းဆိုကြီးမှာ စားစရာတစ်ခုခုတော့ ရှိရပါလိမ့်မယ်လို့'

ရသေ့ကြီး ဦးဒေါနက နက်မှောင်နေသော မြေကြထုံး အိုးနှင့် ရေနွေးကြမ်း ပန်းကန်များကိုပါ ချပေးသည်။

သူကိုယ်တိုင် ကြွပ်ပျစ်ပေါ်တွင် ထိုင်ပြီး ကောက်ညှင်း ပေါင်းအိုးကိုဖွင့်ကာ အားရပါးရစားသည်။

ဆရာဟိန်းလည်း စားသည်။

ဗဒင်လည်း စားသည်။

ရေနွေးကြမ်း ခါးခါးပူပူနှင့် ကောက်ညှင်းပေါင်းမှာ လိုက်ဖက်လှပေသည်။

ဆာမွတ်နေသောကြောင့်လား မသိ။

စားကောင်းလှပေ၏။

ဗဒင်က ရသေ့ကြီး၏ နီရဲသော မျက်လုံးများကို သတိ ပြု၍ ကြည့်မိ၏။

'ကျုပ်လဲ မျက်စိနာသလို ဖြစ်နေတယ် ဆရာဟိန်းရယ်'

ရသေ့ကြီးက ညည်းသည်။

ဆရာဟိန်းက သူ၏နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ကာ....

'ခင်ဗျားဗိုက်ထဲမှာ သွပ်ဖမ်းတားတာလားဗျ'

'အင်း....ဟုတ်တယ်၊ ဆရာဟိန်း ဘယ်လိုသိသလဲ'

ဆရာဟိန်းက ရယ်မောလျက်....

'ခင်ဗျားသွပ်က မသေတော့ အနံ့ ထွက်နေတယ်လေ'

ဟု ပြော၏။

ရသေ့ကြီးကလည်း တစ်ချက်ရယ်လိုက်ပြီး....



'သွပ်ခဓိတာတော့ မပြောနဲ့လေဗျာ၊ သွပ်ကို ရသေ့လို့ ဆိုသယ် မဟုတ်လား၊ မမိမှန်းသိပေမယ့် အင်္ဂါရတ်ကို ကျုပ် ကလဲ စွဲသမ်းနေလေတော့ စိတ်ပြေ လက်ပျောက် ဖမ်းနေ တာပဲဗျို့'

'အင်း....ခင်ဗျားက ကျုပ်တို့ ဆာလောင်မွတ်သိပ်နေတဲ့ အချိန်မှာ ယခုလို ကောက်ညှင်းပေါင်းနဲ့ ဒါနပြုတဲ့အတွက် ခင်ဗျားကို ကျုပ်က ကိစ္စနှစ်ခု ကျေးဇူးတုံ့ပြန်ပါမယ်၊ ပထမတစ်ချက်က ခင်ဗျားမျက်စိနာကို ချက်ချင်းပျောက်သလို ပျောက်သွားစေမယ့် မျက်စိနာပျောက်ဆေး၊ နောက်တစ်ချက် က သွပ်ကို တကယ် အသေ ဖမ်းမိစေနိုင်တဲ့နည်း၊ အဲဒါ ကျုပ်ပြောပြခဲ့မယ်'

'ဟင်....တကယ်လား ဆရာဟိန်း'

'ခင်ဗျားမေးခွန်းက ဘာအဓိပ္ပာယ်လဲဗျ၊ ဘာကို တကယ် လားလို့ မေးတာလဲ၊ ကျုပ်ပြောမယ့် မျက်စိနာပျောက်ဆေး နဲ့ သွပ်မိစေတဲ့ အင်္ဂါရတ်လမ်းကို သံသယဖြစ်တဲ့မေးခွန်းလား'

ဆရာဟိန်း မေးခွန်းကြောင့် ရသေ့ကြီး ဦးဒေါနမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားကာ....

'မဟုတ်ရပါဘူး ဆရာဟိန်းရယ်၊ ကျွန်တော့်မေးခွန်းရဲ့ အဓိပ္ပာယ်က အဲဒီလို ရည်ဆိုလိုပါဘူး၊ ကျွန်တော်ဆိုလိုတာက ဆရာဟိန်းအနေနဲ့ အင်္ဂါရတ်ခေတ်လမ်းကိုပေးမယ်လို့ဆိုတော့ ကျွန်တော့်နားကိုမယုံနိုင်အောင် ဖြစ်သွားတာပါ၊ ခါတိုင်း ဆရာဟိန်းကိုတွေ့တိုင်း ကျွန်တော်က အင်္ဂါရတ် ခေတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု မစပါလို့ ထောင်းပေမယ့် အမြဲပဲ ဆရာဟိန်းက ခေါင်းခါခဲ့တာပဲ မဟုတ်လား'

'အင်း…အချိန်အခါမဟုတ်ရင် သရက်သီးတောင် မသီးဘူးလေ၊ ကဲ….ကဲ….ကျုပ်ပြောတာ မှတ်ထားတော့၊ ပထမဆုံး မျက်စိနာပျောက်အောင်ပြောမယ်'

'ဟုတ်ကဲ့ ဆရာဟိန်း၊ ကျွန်တော် မှတ်ထားပါ့မယ်'

'ရသေ့ကြီးမှာ ကြက်သွန်နီဥရှိသလား'

'ဆန်အိုးထဲမှာရှိလိမ့်မယ် ထင်တယ်'

'ကြက်သွန်နီ ကိုးလုံး၊ စဉ်းတီတုံးနဲ့ ဓားပါးပါး တစ်ချောင်း ယူခဲ့'

ရသေ့ကြီးက ဆရာဟိန်း ပြောသည့်အတိုင်း ယူလာသည်။

'ကြက်သွန်နီကို စဉ်းတီတုံးပေါ် တင်ပြီး အခွံရော အသားရော ပါးပါးရိုပ်ရိုပ် လှီးစမ်းပါ'

ကြက်သွန်နီဥကိုးလုံးကို လှီးပြီးနောက် ရသေ့ကြီးမှာ မျက်လုံးမှ မျက်ရည်များ စီးကျနေပြီဖြစ်သည်။

ဆရာဟိန်းက သူ့ရှေ့တွင် ငှဲထားသော မျေခန္ဒး တစ်ပန်းကန် လှမ်းပေးသည်။

'ရော့….ဗီရေနွေးကြမ်း ခပ်နွေးနွေးနဲ့ မျက်နှာသစ်ပစ်'

ရသေ့ကြီးက မျက်နှာကို ရေနွေးကြမ်းနှင့် ဆေးကြောသည်။



ထို့နောက် ဆရာဟိန်းက ကြက်သွန်နီများကို ပါးပါး ရိုပ်ရိုပ် လှီးထား၍ အကွင်းအကွင်း ဖြစ်နေရာ သပ်မိ၍ နုပ် နုပ် ပါအောင် စဉ်းခိုင်းပြန်လေသည်။

ရသေ့ကြီးမှာ ကြက်သွန်နီများကို နုပ်နုပ်စဉ်းရင်းဖြင့် မျက်ရည်ပွများ ထပ်မံ စီးကျလာပြန်သည်။

၁

www.burmeseclassic.com

www.burmeseclassic.com

## ( ၅ )

ရသေ့ကြီးမှာ နှာရည်ပါယိုဆင်း၍ နှပ်ရှုံ့လိုက်၏။

'ရော့....ဒီရေနွေးကြမ်းနဲ့ မျက်နှာထပ်သစ်လိုက်ဦး'

ဆရာဟိန်းက ရေနွေးကြမ်းတစ်ပန်းကန် ထိုးပေးလိုက်ပြီး ကွပ်ပျစ်ခေါင်းရင်းမှ ကွမ်းအစ်ကို စမ်းယူကာ ကွမ်းရွက် သုံးရွက်ကို နှိုက်ယူလျက် လက်ဖဝါးအတွင်း ပွတ်ခြေ၍ ပန်းကန်လုံးတွင် ကွမ်းရွက်ရည် ညှစ်ထည့်သည်။

'ရော့ .... ဒီကွမ်းရွက်ရည်ကို ရသေ့ကြီး မျက်လုံးထဲခပ်လိုက်'

ကွမ်းရွက်ရည် မျက်လုံးထဲဝင်လျှင် ရသေ့ကြီးမှာ....

www.burmeseclassic.com

www.burmeseclassic.com



'အား....စပ်လိုက်တာဗျာ'

'အေး....စပ်မှပျောက်တာပဲ၊ ကဲ....ဒီကိုကြည့်စမ်း၊ ဘယ်လို နေသလဲ'

'အင်း....ဟုတ်ပါ့ဗျ၊ ကျိန်းတာ စပ်တာ စူးတာ လုံးလုံး မရှိတော့ဘူး'

'မျက်လုံးမှာ နီနေတဲ့ သွေးတွေလဲ မကြာခင် ကြေပျောက်သွားလိမ့်မယ်'

ရသေ့ကြီးက....

'ယူမစ်လိုက်သလိုပါပဲဗျာ'

ဟု ချီးကျူးလေ၏။

'နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သတဲ့၊ သိရင် လွယ်ပါတယ်၊ အသိတစ်လုံးပေါ့'

'ဟုတ်ကဲ့....ဆရာဟိန်း၊ မှတ်သားထားပါတယ်'

'ကိုင်း....ကျုပ်တို့လဲ အချိန်သိပ်မရဘူး၊ သွပ်ဖမ်းနည်းပါ တစ်ဆက်တည်း ပြောခဲ့မယ်'

'ကျေးဇူးပါပဲ ဆရာဟိန်းရယ်'

'သွပ်ဖမ်းခင် ပထမ ဟင်းရှိန်းကိုဖမ်းရမယ်၊ ဟင်းရှိန်း ဖမ်းနည်းက လွယ်ပါတယ်၊ လုံပက်ခပ်ကြီးကြီး တစ်လုံးထဲကို အောက်ဆုံးက ဟင်းရှိန်းထည့်၊ အပေါ်က ဓာန့်ထည့်၊ နောက် ဒုတ္ထာ၊ နောက် ဇဝက်သာ၊ နောက် လက်ချား ခေတ်ပစ္စည်း အားလုံးကို အလေးချိန် တစ်ကျပ်သားစီ ဖြစ်ပါစေ'

'ဟုတ်ကဲ့....မှတ်မိပါပြီ'



'နာရီဝက်သာသာ အပေါ်က မီးညွန့်သွင်းပြီး မီးစီးထိုး၊ လုံပက်ကို အဖုံး ဖွင့်လျက်နဲ့ မီးပြင်းထိုးရမှာ ဖြစ်တယ်၊ ပြီးတဲ့အခါ လုံကိုအအေးခံပြီးခွဲရင် ချော်သတ်သတ် ဟင်းရှိန်း ဘတ္တုမည်းသတ်သတ်ရမယ်'

'အင်း....အလွယ်သားပါလား'

'ခင်ဗျားအတွက် ခပ်လွယ်လွယ်နည်းကို ပေးတာပဲ၊ ကဲ.... ခေတ်လမ်းကို ဆက်ရအောင်၊ လေးလက်မ လုံခေါက်တစ်လုံး ထဲကို သွပ်ဖြူတစ်ကျပ်သားထည့်၊ အပေါ်က ဟင်းရှိန်း သတ္တုကို အမှုန့်ပြုထည့်၊ ပြီးရင် ဟင်းရှိန်းဖမ်းစဉ်ကရတဲ့ ချော် ကို အမှုန့်ထောင်းထည့်၊ နောက်ဆုံး လုံပြည့်အောင် လက်ချား မီးပေါက်သိပ်ထည့်၊ လုံပိတ်၊ ချော်မံ နှာတိုက်အထိမြှုပ်၊ လုံ တစ်ခိုင်ထိုး၊ အတန်မျှဖော်၊ မီးပြင်းထပ်ထိုး၊ သွပ်ဖြူ ကက်ဆ လေးပြဒါးကဲ့သို့မိတယ်၊ အဲဒီ ချော်နဲ့ပဲ မီးတက်သွားပါ၊ လိုရာလမ်းကို တက်နိုင်ပါပြီ၊ မိတဲ့သွပ်သေလုံးကိုယ်ခွက် ပိယ သိဒ္ဓိ တာ စွမ်းပြီးဖြစ်ပါတယ် ရသေ့ကြီး'

ရသေ့ကြီး ဦးဒေါနမှာ မျက်နှာတစ်ခုလုံး ဝင်းထိန်၍ ဝမ်းမြောက်နေပုံရသည်။

'ကဲ .... ကျုပ်တို့လဲ ဧရိးဆက်ရဦးမှာမို့ ခွင့်ပြုပေဦး တော့'

'ဆရာတို့သွားရင် ကျွန်တော်လဲ ပုပ္ပားလာလော့ပဲ သွပ် ဖမ်း လမ်းစဉ်ကို စဆောင်ရွက်တော့မယ်'

'ရေမေ့ အစာမေ့လဲ လုပ်မနေနဲ့ဦး၊ တော်ကြာ ယောဟာရပြတ်ပြီး ကျန်းမာရေး ထိခိုက်နေဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆရာဟိန်းက သတိပေးလိုက်၏။

ဆရာဟိန်းနှင့် ဗဒင်သည် ကျောက်အိုကြီးထဲမှထွက်ပြီး ဝါးပတ်ချောင်းသို့ ခရီးဆက်ခဲ့ရာ နေထန်းတစ်ဖျားခန့် ရှိနေချေပြီ။

လမ်းတွင် ဆရာဟိန်းက ရသေ့ကြီးဦးဒေါနအကြောင်းကို ပြောပြသည်။

ရသေ့ကြီးသည် စကားပြောလျှင် အော်၍အော်၍ပြောတတ်သည်။

ရသေ့ကြီးဦးဒေါနမှာ ရန်ကုန်မြို့ စော်ဘွားကြီးကုန်းတွင် သားမယားဖြင့် လူအဖြစ် နေထိုင်စဉ်ကပင် အင်္ဂလိရတ်ပညာကို ဝါသနာအလွန်ကြီးကာ လမ်းစဉ် တစ်ခုမဟုတ်တစ်ခု ထိုးလုပ်နေတတ်ကြောင်း၊ သို့သော် အသက် (၅၀) ကျော်သည်အထိ ခဲတစ်ပါးကိုမျှ ဖမ်းမသတ်နိုင်၊ ရံဖန်ရံခါ ရွှေတိုငွေစကလေးများ ဖြစ်ဖူးခြင်းမှလွဲ၍ အကျိုးမဖြစ်ရကား သားသမီးများ၏ ငြူစူမှုကို ခံရခလလျှင် အင်္ဂလိရတ်ပညာကို မစွန့်နိုင်သော ဦးဒေါနသည် မယားနှင့် သားသမီးများကို စွန့်ပစ်ကာ ရသေ့ဝတ်လိုက်ပြီး ဖိုဆက်ဆွဲနေခြင်းဖြစ်သည်။

ဝါးပတ်ချောင်းသို့ ရောက်ကြသည်။

ဆရာဟိန်းက....

'လာဟေ့....ချောင်းအထက်ကိုဆန်တက်လာကြရအောင် ရှေ့မှာ စေတီအိုလေးတစ်ခုကိုတွေ့ရင် ငါ့ကိုပြောကွယ်'



ချောင်းဖျားတစ်နေရာတွင် စေတီပျက်ကလေးကို တွေ့သည်။

ဗဒင်က အသိပေးလိုက်၏။

ဆရာဟိန်းက....

'လာ....အနောက်တောင်ဘက်ကို ခရီးဆက်ရဦးမယ်'

ဆရာဟိန်းမှာ မျက်စိမမြင်သော်လည်း ခရီးလမ်းကိုအလွန်ကျွမ်းကျင်၏။

အတန်သွားမိလျှင် မြေပြင်မြင့်လာသည်။ သစ်ပင်များမြင်လာရသည်။

တောင်ကြောတစ်ခုပေါ်သို့ ရောက်သွားခြင်း ဖြစ်သည်။ တစ်စတစ်စဖြင့် သစ်တောတစ်ခုထဲ ဝင်သွားမိကြသည်။ လျှိုကြီးတစ်ခုကို ဆင်းလိုက်လျှင် သစ်ပင်များ ထူထပ် သိပ်သည်းနေရာ နေရောင်ပင် ကွယ်ပျောက်သွားတော့၏။

ရှေ့တွင် သစ်ပင်အနည်းငယ်ကျဲပါးလာ၏။ နေရောင်ခြည်ကို ပြန်မြင်ရသည်။

'ဟာ....ဆရာရေ ရှေ့မှာ မြေချိုင့်ဝှမ်းတစ်ခု တွေ့တယ်ဗျို'

'မင်းလိုချင်တဲ့ မြောက်သချိုင်းသံဟာ အဲဒီ မြေချိုင့်ဝှမ်းထဲမှာရှိတယ် ဗဒင်'

ဗဒင် လှမ်းကြည့်လိုက်သည်။

ရှေ့တွင် မြေပြင်သည်ဒယ်အိုးခပ်စောက်စောက်တစ်ခုသဖွယ် ချိုင့်ဝှမ်းဖြစ်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆင်းဆင်ခြေလျှော၌ မြက်နုလေးများ ပေါက်နေပြီး အောက်ခြေတွင် ခပ်မည်းမည်းဖြစ်နေရာ အသေအချာလှမ်းကြည့်လိုက်သောအခါ....

'ဟာ....ဆရာဟိန်း၊ ဟိုအောက်မှာ လှုပ်လှုပ်ရွရွနဲ့ ဘာတွေပါလိမ့်'

'မြွေတွေလ ...မြွေအပွေးတွေကွယ်'

တစ်ကောင်အပေါ် တစ်ကောင်လိမ်ပတ်ဘက်ကာ တစ်ကောင်နှင့် တစ်ကောင် လိပ်ပတ်လျှိုးကာ တစ်ကောင်ပေါ် တစ်ကောင် ဖိနင်းရွေ့လျားသွားလာကာ တစ်ကောင်နှင့် တစ်ကောင် ထုပ်၍ညပ်၍ မြွေပုံကြီးအဖြစ် ပုံလိပ်နေပေသည် ဟကား။

'အမယ်လေး....ကြောက်စရာ ကြက်သီးထစရာ ကျောချမ်းစရာပါလား ဆရာဟိန်းရယ်၊ ဒီလောက်များတဲ့မြွေတွေ ကျွန်တော်ဖြင့် ဟစ်ခါပဲ မြင်ဖူးပါတော့တယ် ဆရာဟိန်းရယ်'

'အဲဒီမြွေတွေရဲ့အောက်မှာ မြောက်သချိုင်းသံ ရှိတယ်၊ သံကို မင်းကိုယ်တိုင် ဆင်းယူရမှာပဲ ဗဒင်'

'ဗျာ....မြွေတွေ ...ဒီမြွေတွေနဲ့ ကျွန်တော်က ဘယ်လိုဆင်းယူရမှာလဲ ဆရာ'

'ဟား....ဟား....ဟား....ဟား....မစိုးရိမ်ပါနဲ့ ဗဒင်ရယ်၊ မင်း႞႞အန္တရာယ်မှ မဖြစ်နိုင်ပါဘူး'

'မြွေပွေးဆိုတာ အဆိပ်က ပြင်းပါဘိသနဲ့၊ ကျွန်တော်တော့ မစိုးရိမ်ဘဲ မနေနိုင်ဘူးဆရာ'



'ငါပြောတဲ့အတိုင်းသာ မင်း လိုက်နာဆောင်ရွက်မယ်ဆိုရင် အန္တရာယ်မဖြစ်အောင် တာဝန်ယူပါတယ်ကွယ်'

ဗဒင် တွေဝေနေသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

ထို့နောက်....

'ကျွန်တော်တစ်ခုမေးပါရစေဆရာ၊ မင်းကုန်း သချႋုင်းမြေထဲမှာ ကြေးစို့ကြီးတွေ တူးဖော်ခိုင်းတုန်းက လျှပ်စစ်ကြောင့် တစ်ကြိမ် အန္တရာယ်ဖြစ်ခဲ့ရပါတယ်၊ ကြေးစို့ကြီးတွေ တူးခိုင်းတာ ဆရာ့ဟိန်းရည်ရွယ်ချက် ဘာရှိတယ်တော့ မသိဘူး၊ ကျွန်တော်တော့ ရည်ရွယ်ချက်ကို မသိခဲ့ရဘူး၊ ကျွန်တော်ဟာ လူလူချင်း ဘယ်လို အန္တရာယ်မျိုးကိုမဆို ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင် ဝံ့ပေမယ့် သဘာဝစွမ်းအားတွေကိုတော့ ဆန့်ကျင်ဖို့ ရှိတယ်ဆိုတာကို ဝန်ခံပါရစေ'

ဆရာဟိန်းက ဗဒင်ကို ဘဝေဘာကျစွာ ကြည့်၍ရယ်မော ရင်း....

'ဟား....ဟား....ဟား....ဗဒင်ကိုပေါ့ သဘောကျလာပြီ။ သဘာဝစွမ်းအားတွေကို အထင်မသေးတဲ့ မင်းစိတ်ဓာတ်ကို ကြိုက်တယ်၊ ဆရာ့ဆောင်ရွက်ချက်တွေကလဲ သဘာဝနဲ့ ဖီလာကန့်လန့် မဟုတ်ပါဘူးကွယ့်၊ သဘာဝနိယာမတွေကို သိနားလည်ပြီး အကျိုးကျေးဇူးတွေကို ထုတ်ယူတာပါ၊ မောင်ဗဒင် ရှင်းလင်းတဲ့ကိစ္စတွေ မကြာခင် ရှင်းလင်းသွား မှာပါ၊ကဲ....ပြောနေတာ ကြာတယ် မောင်ဗဒင်ရေး အဲ့ဒီ နေရာမှာ တင်ပျဉ်ခွေထိုင်လိုက်စမ်း'

ဗဒင်မှာ မလွဲမရှောင်သာတော့ဘဲ ဆရာဟိန်းခိုင်းသည့် အတိုင်း ထိုင်လိုက်ရ၏။

ဆရာဟိန်းက သူ၏ ရှမ်းလွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို နှိုက်ယူပြီး ဗဒင်အရှေ့မြေပြင်သို့ စိုက်ချလိုက်၏။

'ဒါ....ကြေးနက်သတ္တုနဲ့ပြုလုပ်ထားတဲ့မြေစိုက်ကြေးအပ် ပဲ၊ ဒီခေါင်းက ဘီလူးရုပ်ကို မင်းလက်နဲ့ ကိုင်ထားလိုက်ပါ ဗဒင်'

ဆရာဟိန်းက အသွားတစ်ထွာကျော်ကျော်ရှိသော ကြေး နက်ဖြင့် ပြုလုပ်ထားသည့် လုံးလုံးချွန်ချွန်အရာကို မြေသို့ စိုက်ချလိုက်ခြင်းဖြစ်ရာ ထိုမြေစိုက်ကြေးအပ်ကြီး၏ အရင်း



တွင် ဘီလူးရုပ်ဘက်ခု သဏ္ဌာန်သည် မြေပေါ်သို့လက်လေး လုံးခန့် ပေါ်နေ၏။

ဗဒင်က ဆရာဟိန်း ခိုင်းသည့်အတိုင်း ထိုကြေးနက်ဖြင့် ပြုလုပ်ထားသော မြေစိုက်အပ်ကြီး၏အရင်းရှိ ဘီလူးရုပ်ပေါ် သို့ လက်ဖဝါးဖြင့်အုပ်၍ ကိုင်လိုက်သည်။

ခဏချင်းမှာပင် ထူးခြားချက်ကို ဗဒင် သတိပြုမိသည်။

ထိုမြေစိုက်ကြေးနက် အပ်ကြီးကြီးမှတစ်ဆင့် တုန်ခါနေ သော အင်အားတစ်ခုသည်မြေကြီးထဲမှ စီးထွက်လာ ဗဒင်၏ လက်မှတစ်ဆင့် ခန္ဓာကိုယ်အနှံ့သို့ ပျံ့နှံ့သွားသည်။

လျှပ်စစ်ဓာတ်အားမျှား စီးဝင်လာခြင်းနှင့် အသွင်တူ သော်လည်း ဖြည်းသည့်အန္တရာယ်မှ မရှိသည့်အပြင် ထို စွမ်း အားသည် ခန္ဓာကိုယ်ထဲ၌ ပူနွေးကိုက်ခဲဆောင်း တည်ရှိနေလေ သည်။

'ကဲ ...ဗဒင်ရေ မြေစိုက်ကြေးနက်အပ်ကို မပ်းလွှတ်လိုက် ပေတော့'

မိနစ်အားမှ ဗဒင်၏မှာသက်ရှုသံကို နားထောင်ရင်း အခြေ အနေကို အကဲခတ်နေသော ဆရာဟိန်းက ပြောလိုက်သည်။

ဗဒင်လက်ကို ရုပ်သိမ်းလိုက်၏။

ဗဒင်၏ခန္ဓာကိုယ်ထဲ၌ စွမ်းအားက ဆက်လက် ကိန်း အောင်းတည်ရှိနေဆဲဖြစ်၏။

'ကဲ....မောင်ဗဒင်၊ မြေခြောက်သချိုင်း သံပျော့ရှိနေတဲ့ ဟို မြေချိုင့်ဝှမ်းလေးထဲကို အခု ဓင်းဆင်းသွားပေတော့၊မှန်းကို

www.burmeseclassic.com

www.burmeseclassic.com



မြွေတွေက လမ်းဖယ်ပေးလိမ့်မယ်၊ ချိုင့်ဝှမ်း အောက်ခြေမှာ တွေ့တဲ့ သံကို လိုသလောက်ယူပြီး ပြန်တက်လာခဲ့ပါ'

ဆရာဟိန်း၏အသံက အဝေးမှ တောအထပ်ထပ်ကိုဖြတ်၍ လွင့်လာသော ပဲ့တင်သံကဲ့သို့ထင်ရသည်။

ဗဒင်သည် စိတ်ညှို့ခံရသူတစ်ဦးပမာ နေရာ၌ ထရပ်လိုက်ပြီး မြွေများ အလိပ်လိပ် လွန့်လွန့်လူးနေသော မြေချိုင့်ဝှမ်းထဲသို့ တစ်လှမ်းချင်း ဆင်းသွားလေတော့သည်။

မြက်ခင်းစိမ်း မြက်ခင်းနုကလေးများကို လွန်သည်နှင့်မြွေများမှာ တစ်ကောင်နှင့်တစ်ကောင် ကြိတ်ကြိတ်တိုး စုပြုံလျက်ရှိနေတော့၏။

ဗဒင်နှင့် ခြေဝါးလှမ်းခန့်သာ ကွာဝေးတော့သည်။

ဗဒင်က နောက်ထပ်ခြေတစ်လှမ်း လှမ်းလိုက်၏။

နောက်ထပ် ခြေတစ်လှမ်း လှမ်းလိုက်၏။

မြွေများကိုနင်းမိရန် ခြေသုံးလှမ်းစာသာ ကျန်တော့သည်။

ထိုအချိန်မှာပင် ဗဒင်၏ရှေ့မှ မြွေများမှာ ရှတ်ရှက်သွဲ့သဲ လှုပ်ရှားသွားကြသည်။

သူတို့၏ ခန္ဓာကိုယ်များ ဆတ်ခနဲ ဆတ်ခနဲ တွန့်တက်ရှုန်းကန်ကာ ဗဒင်ရှေ့မှ ဆန့်ကျင်ဘက်အရပ်ဆီသို့ အလျင်အမြန် ရှုန်းဖယ်ရွေ့လျားသွားကြသည်။

တစ်စုံတစ်ယောက်က ချွန်ထက်သော အရာများဖြင့် သူတို့ခန္ဓာကိုယ်ကို ထိုးနှက်လိုက်သဖြင့် ကြောက်ရွံ့နာကျင်စွာ ရုန်းဖယ် ထွက်သွားသည့် ပမာဖြစ်ချေသည်။



ဗဒင်က နောက်ထပ် ခြေတစ်လှမ်း ရှေ့ကို တက်လိုက်သည်။ သူတို့နှင့် တစ်လှမ်းနီးသည်နှင့် တစ်လှမ်းစာရှိသော မြွေများမှာ နေရာမှ အလျင်အမြန် ရှုန်းထွက် ရွေ့လျားကာ နေရာဖယ်ပေးကြသည်ကို အံ့ဩဖွယ် တွေ့ရလေသည်။

သို့နှင့် ဗဒင်က ခြေတစ်လှမ်း တိုးတိုင်း တိုးတိုင်း မြွေများက နေရာဖယ်ပေးကြလေရာ ချိုင့်ဝှမ်းအလယ် အောက်ခြေရှိ မြွေအုပ်ကြီး၏ကြားတွင် စွပ်ကြောင်းလမ်းကြီးတစ်ခု ဖြစ်ပေါ်လာလေ၏။

ထို စွပ်ကြောင်းလမ်းအတိုင်း ဗဒင် လျှောက်လာရာ သူ့ခြေဖဝါးအောက်ရှိ မြေပြင်မှာ မြေရိုးရိုးမဟုတ်ဘဲ မည်းနက်သော သံလုံးသံခဲကလေးများဖြင့်အတိပြီးနေကြောင်း သတိပြုမိလေသည်။

ဗဒင်သည် နေရာ၌ထိုင်ကာ သံလုံးသံခဲကလေးများကို လက်နှစ်ကျုံး၍ ခါးပုံစထဲသို့ထည့်သည်။

ပထမ ဆရာသိန်း၏ မှာကြားချက်အရ သူလိုအပ်သောသံမှာ တစ်ပိဿာခန့်မျှသာဖြစ်ပေသည်။

ချိုင့်ဝှမ်းထဲမှ ဗဒင်ပြန်တက်လာပြီးအတော်ကြာမှမြွေများ နေသားတကျ ပြန်ဖြစ်သွားကြသည်။

ဆရာဟိန်းက ဗဒင်ကို မျက်နှာချင်းဆိုင်လိုက်ကာ....

'ကဲ....ဗဒင် မင်းလိုတဲ့သံကို ရပြီမဟုတ်လားကွယ့်'

ဟု မေးလိုက်၏။

ဆရာဟိန်း၏ မှုန်မြဲသော မျက်လုံးအစုံက ဗဒင်၏ မျက်လုံးများကို စိုက်ကြည့်နေသည်ဟုထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဆရာ့ကျေးဇူးကြောင့် လိုအပ်တဲ့သံကို ရပါပြီ ခင်ဗျာ၊ သို့သော်လည်း ကျွန်တော့်မှာ မရှင်းလင်းတဲ့ အချက်တွေ တော်တော်များများရှိပါတယ်၊ ဆရာဟိန်းကို မေးမြန်းခွင့် ပြုပါ'

ဆရာဟိန်းက ပြုံးလိုက်ပြီး....

'မင်းမေးမယ့်မေးခွန်းတွေကို ဆရာသိပါတယ်၊ ဆရာ့ဘက်ကလဲ ရှင်းလင်းပြောပြဖို့ အဆင်သင့်ပါပဲ'

'ဒီလိုဆိုရင်....'

ဆရာဟိန်းက လက်ကာပြလိုက်သည်။

'နေဦးလေ၊ မလော့ပါနဲ့ဦးကွယ့်ဗဒင်ရဲ့၊အခုတော့ အချိန်မလှဘူး၊ ဒါကြောင့် မင်းသိချင်တဲ့မေးခွန်းတွေ အဖြေကိုလိုချင်ရင် အခု ဒီနေ့ကစပြီး နောက်သုံးရက်မြောက် စနေနေ့ နံနက် ကိုးနာရီတိတိ မန္တလေးမြို့ မဟာမြတ်မုနိဘုရားမှာ ပြန်ဆုံကြမယ်'

'ဟုတ်....ဟုတ်ကဲ့'

'ဂင်း.... နေမဝင်ခင် ဟန်းလင်းကြီးကိုရောက်အောင် ဖြတ်လမ်းက သွားကြမယ်၊ မှတ်ထီမှာ ငါ့ မိတ်ဆွေ တစ်ယောက် ရှိတယ်၊ မင်းက အဲ့ဒီအိမ်မှာ ဗိညအိပ်ပြီး မနက်စောစောထ ရွှေဘိုပြန်ပေါ့'

'ဆရာဟိန်းက ဘယ်မှာ ညအိပ်မှာလဲ'

'ဝါက မင်းကို ငါ့မိတ်ဆွေအိမ်လိုက်ပို့ပြီးရင် ညတွင်းချင်းပဲ ခရီးပြင်းတစ်ခုနှင်ရဦးမယ်ကွယ့်၊ ငါ့ရဲ့ အဓိဌာန်လုပ်ငန်းအတွက်ပဲ ပျက်ကွက်လို့မဖြစ်ဘူးလေ'



ဆရာဟိန်း၏ အစီအစဉ်အတိုင်း ဗဒင်သည် 'မှတ်ထီ'မှ ဆရာဟိန်း၏ အသိမိတ်ဆွေဖြစ်သူ ဦးကောင်းမြတ်ထံတွင် တစ်ညတည်းခို အိပ်စက်ပြီး နံနက်တွင် ရွှေဘိုသို့ အရောက် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်ကောင် ဦးပါမောက်

'ကျွန်တော်ဏာတော့ ကိုဗဒင်အကြောင်း အတင်းကြားသိပြီး အလွန် လေးစားနေတာပါ'

(ဆားပုလင်း ခင်ဇော်)

www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

ရွှေဘို ပူလိပ်ဌာနာ၏ ဌာနာအုပ်ဖြစ်သော ပီ၊အက်စ်၊အို ဦးဘထိန်သည် အစိုးရမှ နေထိုင် ခွင့်ပြုပြီး ပေးသော အဆောက်အအုံကိုမယူဘဲ မိမိ မိဘများ၏ အမွေ လက်ငုပ် လက်ရင်းဖြ ်သော ရွှေဘို မြို့လယ်ရှိ သုခမာလာခြံတွင် နှစ်ထပ်တိုက်နှင့် တင့်တောင့် တင့်တယ် နေထိုင်သူ ဖြစ်လေသည်။

ခြံထောင့်တွင် ကားသုံးစီးခန့်ဆံ့သော ကားဂိုဒေါင်ရှိပြီး ဦးဘထိန်ပိုင်သော ဖို့ဒ် ကားကလေးနှင့်အတူ အရှေ့

www.burmeseclassic.com

www.burmeseclassic.com



တဖိတ်ဖိတ်တောက်နေသော ရှီးလ်ရှုံက် အမျိုးအစား ဆလွန်း မှန်ကားကြီးလည်း ယှဉ်လျက် ရပ်ထားသည်။

ခြံရှေ့တွင် အပန်းဖြေနားနေရန် သစ်သား ထိုင်ခုံစာန်းများကို လှပစွာ ဆေးသုတ်ထားပြီး ဒန်းတစ်ခုကလည်း သံတိုင်များဖြင့် ခေတ်တင်းစွာ ပြုလုပ်ထားကြောင်း တွေ့ရသည်။

အိမ်ဖော်လူရွယ်တစ်ဦးက ရေပန်းတပ်ထားသော ပိုက်ကို ဆွဲကာ ခြံထဲတွင် အကွက်ကျကျ စိမ်စိုက်ပျိုးထားသော ပန်းပင်များကို ရေလောင်းလျက်ရှိသည်။

ဦးဘထိန်မှာ မိဘမျိုးရိုး အစဉ်အဆက်ကပင် ကြွယ်ဝချမ်းသာသော မျိုးရိုးကြီး ဖြစ်ပေသည်။

သူ၏မိဘများက ဦးဘထိန်ကို အစိုးရဘက်တွင် ဝင်လုပ်ခြင်းဖြင့် ဂုဏ်ရှိသည်ဟုယူဆကာ ပုလိပ်ဘက်သို့ ဝင်ရောက်တာဝန် ထမ်းစေခြင်းဖြစ်သည်။

ဦးဘထိန်၏ မူလသဘောက မျိုးချစ်စိတ် ထက်သန်သူဖြစ်သည့်အတိုင်း အင်္ဂလိပ်လက်အောက်၌ တာဝန်ထမ်းဆောင်လိုခြင်း မရှိပေ။

သို့သော် မိဘနှစ်ပါး၏ ဆန္ဒကို အကြောက်အကန် မငြင်းဆန်လိုရကား မိဘများ၏ စီစဉ်ပေးချက်ကို ခေါင်းညိတ်လက်ခံခဲ့လေသည်။

မိဘများက အဆက်အသွယ်ကောင်းခြင်း၊ အင်္ဂလိပ်လူမျိုးအထက်တန်းစားများဖြင့် ပေါက်ပေါက်ရောက်ရောက်ရှိခြင်း



တို့ကြောင့် ဦးဘထိန်ကို ဌာနာအုပ်တစ်ယောက်ဖြစ်သည့်အထိ လွယ်လင့်တကူ ဆောင်ရွက် ပေးနိုင်ခဲ့လေသည်။

ထိုအချိန်က မြန်မာလူမျိုးထဲမှ တစ်ပွင့် တစ်ဘား၊ ပီအက်စ်အိုရာထူးရသူ အတော်နည်းပေသည်။

ဗဒင်သည် ဦးဘထိန်၏ နေအိမ် သုခမာလာခြံရှေ့သို့ ရောက်သောအခါ ခြံဝကွင် ပုလိပ်တစ်ယောက်ကို ရပ်လျက် တွေ့ရသည်။

ဗဒင်၏ ခန့်ညားသပ်ရပ်သောအသွင်ကို တွေ့မြင်သော ပုလိပ်သားက လေးလေးစားစား အမူအရာဖြင့် မေးမြန်းလေသည်။

'ဘယ်သူနဲ့ တွေ့ချင်ပါသလဲ ခင်ဗျာ'

'ဩော်....ကျွန်တော်က ဦးဘထိန်ရဲ့ ဧည့်သည်ပါ' ဟု ဗဒင်က ဖြေသည်။

ဗဒင်က ဦးဘထိန်အမည်ရှေ့တွင် သူ၏ရာထူးကို တမင်ထည့်သွင်း ပြောဆိုခြင်းမပြုဘဲ ချန်ထားခဲ့သည်။ ဗဒင်၏ ဓလေ့တစ်ခုမှာ ရာထူးရာခံ ရှိသူများ၏ ရာထူးပါဝါကို လုံးဝ ဂရုမစိုက်သည့်သဘော ရှိသည်ဟူသည့် တိုပုဂ္ဂိုလ်နှင့် ပြောဆိုဆက်ဆံရာ၌ လူ ကိုသာ ရင်းနှီးဆက်ဆံကြောင်း သိသာအောင် တမင်ဖော်ပြလေ့ရှိသည်။

'နောင်ကြီးက ဆရာ့ဧည့်သည်ကိုး၊ ကျေးဇူးပြုပြီးတော့ နာမည်လေး တဆိတ်လောက် ခင်ဗျာ'

'ခင်ဗျားတို့ဆရာ ဦးဘထိန်တစ်ယောက် ပုလိပ်ဌာနာဆိုကို သွားပြီလား၊ ကျုပ်က ဗဒင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်ဟူသော အမည်ကိုကြားလျှင် ပုလိပ်သား၏ မျက်နှာပေါ်မှ အမူအရာသည် ချက်ချင်း ပြောင်းလဲသွားလေ၏။

'ဩော်....ကိုဗဒင်ကိုး၊ ကြွပါခင်ဗျာ၊ အိမ်ထဲကိုကြွပါ၊ ကိုဗဒင်မှန်းမသိလို့ မေးမြန်းစိစစ်မိတာကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ဆရာ အိမ်ထဲမှာ ရှိပါတယ်၊ ပုလိပ်ဌာနကို မသွားသေးပါဘူး၊ အမှုကိစ္စတစ်ခုအတွက် ဆားပုလင်းခင်ဗျာနဲ့ စကားပြောနေပါတယ်၊ ကျွန်တော်ကသာ ပုလိပ်ဌာနကိုသွားရင် တားမောင်းပို့ဖို့ ဒီမှာ စောင့်နေတာပါ၊ လာပါခင်ဗျာ အိမ်ထဲကို ကျွန်တော်လိုက်ပို့ပါ့မယ်'

ပုလိပ်သားက ဗဒင်၏အမေးကို ဖုံးဖိ၍စွာ ပြောကြားပြီး ဗဒင်ရှေ့မှ ဦးဆောင်လျက် တိုက်အိမ်ရှိရာသို့ ခေါ်သွားလေသည်။

ပုလိပ်သားက တိုက်အိမ်အောက်ထပ်ရှိ ဧည့်ခန်းအတွင်းသို့ အလျင်ဝင်ပြီး ဗဒင်ရောက်ရှိနေကြောင်း ဦးဘထိန်ကို ပြောဆိုရာ ဦးဘထိန်က ပြောလက်စစကားကို ဖြတ်ပြီး အသံကျယ်လောင်စွာဖြင့်....

'ဟေ....ကိုဗဒင်ရောက်နေရင် အထဲကိုတစ်ပါတည်းခေါ်ခဲ့မှပေါ့ကွယ်၊ ဘာကြောင့် ဆိုင်းငံ့နေရမှာတုံး၊ ကိုဗဒင် ဝင်ခဲ့ပါ....ဝင်ခဲ့ပါ'

ဗဒင်ဝင်သွားသောအခါ ပုလိပ်ယူနီဖောင်းဝတ်စုံကိုအပြည့်အစုံ ဝတ်ဆင်ထားသော ဦးဘထိန်နှင့်ဆားပုလင်းခင်ဗျာ ထိုင်ခုံများမှ အသီးသီး မတ်တတ်ရပ်လျက် ဗဒင်ကို လေးစားစွာ ကြိုနေသည်ကို တွေ့ရ၏။



ဗဒင်က....

'ဟာ....အားနာစရာဗျာ ထိုင်ကြပါ၊ ကျွန်တော် ရောက်လာတဲ့အတွက် စကားပြောဆိုမှုများ အနှောင့်အယှက်ဖြစ်သွားလေသလားပဲ'

'အို....အနှောင့်အယှက် မဖြစ်ပါဘူး ကိုဗဒင်၊ ကျုပ်တို့က အချင်းချင်းတွေပဲ၊ ဟော....မောင်ကြီးရဲ့ နံနံအအ လုပ်မနေနဲ့လေကွယ်၊ စားဖိုဆောင် သွားပြီးတော့ မင်းကြီးတော် မမြဲမဆီမှာ ကော်ဖီတစ်ခွက်နဲ့ ကိတ်မုန့်ယူခဲ့လေကွယ်'

ဗဒင်သည် ပန်းပွင့်ပုံဖော်ထားသော ကတ္တီပါစများဖုံးထားသည့် စပရိန်တပ် ဆိုဖာကုလားထိုင်ကြီးတွင် ဝင်ထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

ညှိခန်းမှာ အတော်ပင် ကျယ်ဝန်း၍ မှန်ဖုံးထားသည့် စားပွဲပုတစ်လုံးကို ကတ္တီပါထိုင်ခုံ လေးလုံးဝိုင်းရံထားသည်။

ဗဒင်က ဦးဘထိန်နှင့် မျက်နှာချင်းဆိုင်နေရာတွင် ဝင်ထိုင်ရာ ဗဒင်နှင့် မျက်နှာလွှဲနေရာတွင် သန့်မာထွားကျိုင်းလှသော ခန္ဓာကိုယ်ရှိသည့် ဆားပုလင်းခင်ဇော်ဆိုသူ ထိုင်နေသည်ကို တွေ့ရ၏။

ဦးဘထိန်က....

'ကိုဗဒင် ဒါ ကျွန်တော့်အတွက် အားကိုးရတဲ့ ဆရာခင်ဇော်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်က ပြုံး၍ နှုတ်ဆက်လျှင် ဆားပုလင်းခင်ဇော်က ဦးခေါင်းညွှတ်လျက်....

'ကျွန်တော်ကတော့ ကိုဗဒင်အကြောင်း သတင်းကြားသိပြီး အလွန်လေးစားနေတာပါ'ဟု ဆို၏၊

ဗဒင်မှာ ဆားပုလင်းခင်ဇော်၏ စကားကို နားမလည်သဖြင့် အနည်းငယ် အံ့အားသင့်သွား၏။

ဦးဘထိန်က....

'ဒီလိုပါ ကိုဗဒင်၊ ခင်ဗျားရန်ကုန်မှာ ဖော်ထုတ်ပေးခဲ့တဲ့ လူသုံးယောက် သတ်ခံရတဲ့ အမှုအကြောင်းကို ကျွန်တော်တို့ သတင်းကြားသိခဲ့ပါတယ်၊ တိဗက်နယ်မြေနဲ့လဲ ပတ်သက်ပြီး လူသတ်သမားကလဲ ပန်းချီ ပန်းပုဆရာ ဖြစ်နေတဲ့အပြင် ဒီအက်စ်ပီကိုယ်တိုင်ပေးတဲ့ နာမည်ကောင်းလက်မှတ်ကို ငြင်းပယ်ခဲ့တဲ့လူဆိုတော့ ဒီသတင်းက ကျုပ်တို့ပုလိပ်လောကမှာ ကျယ်ပြန့်ပြီး လူသိများခဲ့တယ်လေ'

ဦးဘထိန်ပြောနေသော အမှုမှာ တိဗက်နယ်မြေနှင့် ပန်းချီ ပန်းပုဆရာ ဦးဇော်ထိပ်၏ လူသတ်မှုကိစ္စ ဖြစ်သည်။

ယင်းအမှုတစ်ခုလုံး ကွင်းလုံးကျွတ် ပေါ်ပေါက်လာအောင် ဗဒင်က စုံစမ်း ဖော်ထုတ်ပေးခဲ့ခြင်းဖြစ်၍ ဒီအက်စ်ပီခေါ် ခရိုင်ဝန် မစ္စတာလုခ်ကိုယ်တိုင် ဗဒင်အား နာမည်ကောင်း လက်မှတ် ချီးမြှင့်ရန် စီစဉ်ခဲ့လေသည်။

သို့သော် ဗဒင်မှာ မျက်နှာဖြူလူမျိုးများ၏ ချီးမြှင့်မြှောက်စားမှုကို မလိုလားပေရကား နာမည်ကောင်းလက်မှတ်ကို လက်မခံရန် ဆုံးဖြတ်ခဲ့သည်။



ထိုသို့ ဒီအက်စ်ပီ၏ ချီးမြှင့်မှုကို ငြင်းပယ်ရာ၌ ကိုလိုနီ အုပ်ချုပ်ရေးကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ရာ မရောက်လေအောင် အကြောင်းပြချက် ကောင်းကောင်း တစ်ခုကို ဗဒင်က တင်ပြခဲ့လေသည်။

ဗဒင်တင်ပြခဲ့သော တင်ပြချက်မှာ....

ယခု မိမိဖော်ထုတ်ပေးခဲ့သော လူသုံးဦး အသတ်ခံရသည့် အမှုမှာ မိမိအတွက် ပုဂ္ဂိုလ်ရေးမကင်းသော ဆောင်ရွက်ချက် ဖြစ်နေပါသည်။

အကြောင်းမှာ အသတ်ခံရ၍ သေဆုံးခဲ့သော သုံးဦး အနက် တစ်ဦးမှာ မိမိ၏ဖခင်ကိုယ်တိုင် ဖြစ်နေပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ အနောက်တိုင်း နိုင်ငံကြီးများ၏ ဆိုရိုးစကား ရှိပါသည်။

ဆရာဝန်သည် မိမိ၏ သွေးသားတော်စပ်သူကို ခွဲစိပ်ကုသ၍ အောင်မြင်လျှင် မချီးကျူးသင့်ကြောင်း၊ အခြားသူများကို ကုသအောင်မြင်မှသာ ချီးကျူး ထိုက်ကြောင်း၊ ရှေ့နေသည် မိမိတူသားကို အမှုမှလွတ်အောင် ဆောင်နိုင်၍ မချီးကျူးထိုက်ကြောင်း၊ အခြားအမှုသည်ကို ဥပဒေနှောင်ကြိုးမှ လွတ်အောင် ဆောင်နိုင်မှ ချီးကျူးထိုက်ကြောင်း ဆိုရိုးစကား ရှိပါသည်။

သို့ဖြစ်ရကား မိမိအနေဖြင့် မိဘအရင်းအတွက် ကိုယ်ကျိုးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အများအကျိုးသက်သက် မဟုတ်၍ ဤနာမည်ကောင်းလက်မှတ်ဖြင့် မထိုက်တန်သေး ပါကြောင်းဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူလူမျိုး မစ္စတာ လုခ်မှာ အင်္ဂလိပ်စကားပြေ အဆင့်အတန်းမြင့်မြင့်မြင့် ရေးထားသော ဗဒင်၏စာကို ဖတ်ရပြီးနောက် ခေါင်းတညိတ်ညိတ်နှင့် စုတ်တသပ်သပ်ဖြစ်ကာ ဗဒင်ကို သူတောင်းမပြုရခြင်းအတွက် ကိုလိုနီယန္တရားၥ် နှစ်နာပေသည်ဟု စိတ်ထဲက တွေးသော်လည်း သူ၏ပါးစပ်မှမူ ဗဒင်သည် ဆုလာဘ်ကို ငြင်းပယ်ဝံ့သော လူကြီးလူကောင်းတစ်ဦးပါပဲဟု ထုတ်ဖော် ချီးကျူးခဲ့လေသည်။

ဦးဘထိန်က....

'အဲဒါကြောင့် ကိုဗဒင်ဟာ ပုလိပ်ဝန်ထမ်းတစ်ဦးမဟုတ်ပေမယ့် ကျုပ်တို့ကတော့ အချင်းချင်းလိုပဲ သဘောထားပြီး လေးစားမှု အပြည့်ပါပဲဗျာ'ဟု ပြောသည်။

ထိုအချိန်တွင် ကော်ဖီနှင့်ကိတ်မုန့် ထည့်ထားသော ငွေလင်ပန်းကိုကိုင်၍ ပုလိပ်သားမောင်ကြီး ရောက်လာသည်။

'ကိုဗဒင်....ကော်ဖီသုံးဆောင်ပါဦး၊ အေးအေးဆေးဆေးပေါ့၊ ဒီအိမ်ဟာ ကိုဗဒင်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေနော်'

ဟု ဦးဘထိန်က ပြောကာ တစ်ဆက်တည်းပင် ဆားပုလင်း ခင်ဇော်ဘက်သို့ လှည့်လျက် ...

'ကိုခင်ဇော်ရေ....ကျုပ်တို့ စောစောက ပြောနေတဲ့ အမှုကိစ္စကို စကားလက်စ သတ်လိုက်ကြရအောင်၊ ကိုဗဒင်....ကျွန်တော့် အမှုကိစ္စအတွက် ပြောစရာ နည်းနည်း ကျန်နေလို့ ဆက်ပြောခွင့် ပြုပါနော်၊ ကိုဗဒင်လဲ့ ကော်ဖီသောက်ရင်း



အမှုအကြောင်း နားထောင်စေချင်ပါတယ်၊ အကြံပေးစရာ ရှိရင် ပေးဖို့ပေါ့'

'ဟာ....ရပါတယ် ဦး၊ ကျွန်တော် ကော်ဖီသောက်ရင်း နားထောင်နေပါ့မယ်'

ဟု ဗဒင်က ပြောပြီး ကော်ဖီနှင့်ကိတ်မုန့်ကို သောက်စားနေလိုက်သည်။

ဦးဘထိန်က စီးကရက်ထုတ်၍ မီးညှိသောက်သော်လည်း ဗဒင် ဆေးလိပ်မသောက်တတ်ကြောင်း ဆားပုလင်းကို အောင်လှိုင်က စာထဲတွင် ထည့်ရေးထား၍ ဗဒင်ကို စီးကရက်မတည်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

ဆားပုလင်း ခင်ဇော်က....

'ဆရာက အဲ့ဒီဦးလူကလေးဆိုတဲ့ လူကို ရာဇဝတ်အုပ် လူထွက်တစ်ဦးလို့ မြင်မြင်ချင်း ဘာကြောင့် အတပ်ပြောနိုင်ရပါသလဲ ဆရာ၊ အဲ့ဒီအချက်ကို ကျွန်တော် မရှင်းဘူး ဖြစ်နေတယ်'

ဟု မေး၏။

ဦးဘာထိန်က....

'လူတစ်ယောက်ဟာ ဆပ်ကျောင်းမှာ နေပြီး ထစ်နှစ်နှစ်နှစ်လောက် ပုလိပ်လုပ်လိုက်ရင် ကြည့်တဲ့လူရဲ့ မျက်စိထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူရဲ့ပုလိပ်ဂိုက်ကြီးဟာ ထင်ရှားလွန်းလို့ပါဗျာ၊ ခြေလှမ်းပုံ လက်လွဲပုံ ကြည့်ပေါ့'

'ဟုတ်ပါပြီ ဆရာရယ်၊ အဲ့ဒီလရဲ့ ပုလိပ်ရာထူးကို ခန့်မှန်းပုံလဲ ဆက်ပြောပါဦး'

'သူ့လက်ထဲက တုတ်ကောက်ကလေး ဝင့်ကာဝင့်ကာ လုပ်ပုံရယ်၊ ပြောပုံဆိုပေါက်က ဩဇာသံပါတာရယ် မင်း သတိထားကြည့်ရင် ရွှေလက်ပတ်နာရီအဟောင်းလေး တစ်လုံး လက်မှာပတ်ထားတာ တွေ့လိမ့်မယ်၊ အဲဒီနာရီကို အကျီလက်ပင့်ကြည့်ပုံ၊ မျက်လုံးစွေပြီး စဉ်းစားနေပုံတွေကို ပေါင်းစပ်လိုက်ရင် ဒီလူဟာ ပုလိပ်သားရိုးရိုးတော့ မဟုတ်ဘူး၊ အနည်းဆုံး ရာဇဝတ်အုပ်တစ်ယောက်တော့ ဖြစ်လိမ့်မယ်လို့ ခန့်မှန်းတာပဲ'

'အင်း....ဆရာ့ရဲ့ တွေးခေါ်စဉ်စားပုံကို ကျွန်တော်တော့ အားကျလှတယ် ဆရာရယ်'

ဦးဘထိန်က ဗဒင်ဘက်သို့ လှည့်လိုက်ပြီး....

'အမှုက ဒီလိုပါ၊ ရွှေဘိုမြို့လယ်က သူဌေးကြီး ဦးပုလဲ အိမ်မှာ ဝါဆိုထက်နီး ကပ်ရင်းနဲ့ အလှူတစ်ခု လုပ်တယ်လေ၊ မဖိတ်မကြားတဲ့ ဧည့်စိမ်းတစ်ယောက် အလှူကို လာတယ်၊ သူ့ကိုယ်သူ အသက်အာမခံကိုယ်စားလှယ် ဦးလှကလေးပါလို့ မိတ်ဆက်ပြောဆိုပြီး အာခေါင်အာရင်းသန့်သန့်နဲ့ အသက်အာမခံထားဖို့ ဆွယ်တရား ဟောတော့တာပါပဲ၊ သူက စကားပြောကောင်းပါပဲ၊ ကျုပ်နဲ့ ကိုခင်ဇော်လဲ အလှူကို



သွားခဲ့တော့ ဦးလှကလေးကို ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ရတယ်လေ'

'ဦးပြောနေတဲ့လူက သတိထားကြည့်ရင် ညာဘက်နားရွက်ကလေး နည်းနည်းသိမ်ပြီး လမ်းလျှောက်ရင် ခြေထောက်တစ်ချောင်း ခပ်ဆာဆာဖြစ်နေတဲ့ လူလား'

ဟု ဗဒင်က မေးလိုက်သည်။

ဦးဘထိန်က သူ့ပေါင်ကို ဖျတ်ခနဲ ပုတ်လိုက်ပြီး....

'ဟုတ်လိုက်လေ....ကိုဗဒင်ရယ်၊ အဲ့ဒီလူကို ကိုဗဒင် သိတယ်ပေါ့'

'ဟုတ်ကဲ့....သိပါတယ်၊ ဒါနဲ့ အမှုဖြစ်ပုံကို ဆက်ပါဦး....ဦး'

'အမှုဖြစ်ပုံကတော့ အရှင်းကြီးပါကွယ်၊ အဲ့ဒီ ဦးပုလဲရဲ့ အလှူမှာပဲ မြို့မြောက်ပိုင်းက ကျောက်ပွဲစား ဦးပြားနဲ့ ရင်းနှီးသွားပါလေရော၊ နောက်တစ်ရက်နှစ်ရက်လောက်ကြာတော့ ကျောက်ပွဲစား ဦးပြားက အသက်အာမခံ ကိုယ်စားလှယ် ဦးလှကလေးကို သူ့အိမ်ဖိတ်ပြီး ကျေးလက်ဒေသတွေဆီက သူရှာဖွေစုဆောင်းထားတဲ့ ရှေးဟောင်း ငွေထည်ကြေးထည် ပစ္စည်းတွေကို ပြတယ်၊ ရန်ကုန်မှာ ဈေးကောင်း ရနိုင်တဲ့အကြောင်း ပွဲစားဦးပြားက ဆွယ်တာနဲ့ ဦးလှကလေးလဲ လင့်ရာဈေးဆစ်ပြီး ငွေထည်ကြေးထည် ပစ္စည်းတွေကို သိမ်းကျုံးဝယ်လိုက်သတဲ့၊ ပစ္စည်းတွေကို ဂျုံအိတ်နဲ့ ထုပ်ပိုးတာ ဂျုံအိတ်ဖြူသုံးလုံးစာရသတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့....အတော် စိတ်ဝင်စားစရာ ကောင်းတာပဲ၊ အမှုဖြစ်ပုံကို ဆက်ပါဦး ခင်ဗျာ'

'ဦးလူကလေးက ရွှေဟောင်းပစ္စည်းတွေ ထုပ်ပိုးထားတဲ့ ဂျုံအိတ်တွေကို သူ ခေတ္တတည်းခိုတဲ့အိမ်ကို သယ်ဆောင်သွားမယ်လေ၊ နောက်နေ့မှာပဲ ဦးလူကလေးတည်းခိုတဲ့အိမ် အဖောက်ခံရပြီး ရွှေဟောင်းပစ္စည်းထည့်ထားတဲ့ ဂျုံအိတ်နှစ်လုံး ပျောက်သွားတယ်၊ ဦးလူကလေးက ဌာနကိုလာပြီး အမှုဖွင့်လို့ ပွဲစား ဦးပြားကို ခေါ်ယူ စစ်ဆေးခဲ့ပါတယ်၊ သို့သော်လဲ သက်သေသက်ကာယဘာမှ ခိုင်ခိုင်လုံလုံမရှိတော့ တယ်သူ့ကိုမှအရေးမယူနိုင်ဘူး၊ ဦးလူကလေးလဲ အမှုဖြစ်နေတာကြောင့် ဒီမှာ လေးငါးရက် ပိုကြာသွားတယ်၊ သူ့ရဲ့ အသက်အာမခံဌာနကို ဒီမှာ အမှုဖြစ်နေလို့ ရက်ကြန့်ကြာ တာ ဖြစ်ကြောင်း အချိန်မီ မရောက်နိုင်တဲ့အကြောင်းကို ကျွန်တော်ကထောက်ခံစာ ရေးပေးလိုက်ရသေးတယ်'

ဗဒင်က....

'အခိုးခံရတာက ရွှေဟောင်းပစ္စည်းအိတ်နှစ်လုံးဆိုတော့ တစ်လုံး ကျန်ခဲ့တာပေါ့'

'ဟုတ်တယ်၊ တစ်လုံးကျန်ခဲ့တယ်'

'သူခိုးကလဲ သုံးအိတ်လုံး ယူမသွားဘူးတဲ့လားဗျာ'

'အိမ်ရှင်နိုးတဲ့အချိန်နဲ့ကြုံလို့ ရသမျှဆွဲပြီး ဆင်းသွားပုံရပါတယ်'



'အင်း....ထားပါတော့လေ၊ ဪ....ဒါနဲ့ အဲဒီ ဦးလူကလေးက ပြန်သွားပြီလား'

'ဒီနေ့ နေ့လယ်မှ ရန်ကုန် ခရီးကြုံကားနဲ့ပြန်မှာ'

'သူပြန်ရင် သူနဲ့အတူ ရွှေဟောင်းပစ္စည်းအိတ်တစ်အိတ် ပါသွားမှာပေါ့'

'အား....ပါသွားမယ်လေ၊ ဘာဖြစ်လို့လဲ'

'အဲ့ဒီ ပစ္စည်းအိတ် အတွက်တော့ ထောက်ခံစာလေး ဘာလေး မတောင်းဘူးလားဗျ'

ထိုမေးခွန်းကိုကြားလျှင် ဦးဘထိန် အံ့အားသင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

'ကိုဗဒင်က အဲ့ဒီ ပစ္စည်းအိတ်အတွက် ထောက်ခံစာ တောင်းလိမ့်မယ်လို့ ဘယ်လိုသိသလဲ'

'ကျွန်တော် ခန့်မှန်းကြည့်တာပါ'

'ကိုဗဒင်ရဲ့ ခန့်မှန်းချက် မှန်ပါတယ်၊ အဲ့ဒီပစ္စည်းတွေဟာ ပွဲစား ဦးပြားဆီက တရားဝင်ဝယ်ယူသွားတဲ့ပစ္စည်းတွေ ဖြစ်ကြောင်း ကျုပ်က ထောက်ခံချက် ရေးပေးလိုက်ရပါတယ်'

'အင်း....ဒါဆိုရင်တော့ သေချာပါပြီ၊ ဦးအနေနဲ့ အဲ့ဒီ ဦးလူတလေးနဲ့အတူ ရှေးဟောင်းပစ္စည်းတွေ ထည့်ထားတယ်ဆိုတဲ့ အိတ်ကို အချိန်မီ ဖမ်းဆီးလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....ဘာကြောင့်လဲကွယ့်၊ ဦးလူကလေးကို ကျုပ်က ဘာအမှုနဲ့ ဖမ်းရမှာလဲ'

'ဖမ်းရမှာကတော့ တိန်းမည်းအမှုပဲ'

'ဟင်....ဘယ်လိုများပါလိမ့်၊ ရှင်းပြပါဦးကွယ်'

'ပထမဆုံးရှင်းပြရမှာက ဦးလူကလေးဆိုတဲ့လူအကြောင်းပဲ၊ ဦးလူကလေးဆိုတာ နာမည်ရင်း မဟုတ်ဘူး၊ ဉာဏ်စွမ်းအလွန်ထက်ပြီး သူ့ကိုယ်သူသိပ်အထင်ကြီးတတ်တဲ့ ရာဇဝတ်ကောင် ဦးပါမောက်ဆိုတဲ့သူပဲ'

'ဟင်....ဒါဆို ကျုပ်ထင်တဲ့ ရာဇဝတ်အုပ်လူထွက်ဆိုတာ မှားနေတာပေါ့'

'ဦးပါမောက်က အင်မတန် ရုပ်ဖျက်တော်တယ်၊ ဟန်ဆောင်ကောင်းတယ်၊ ဉာဏ်ထက်တယ်၊ သူ့အနေနဲ့ ပုလိပ်အမှုထမ်းတွေနဲ့ ပတ်သက်ရမယ်ဆိုတာ ကြိုတင်သိရှိစီစဉ်ထားတာဖြစ်တဲ့အတွက် တမင် သူ့အမှုအရာတွေ ထဲမှာ ပုလိပ်လူထွက်ဟန်တွေပါအောင် ကြိုတင် စိတ်ကူးကြံစည်ထားတာပါ'

'အင်းလေ....ကျုပ်ကလဲ ဒီလူဟာပုလိပ်လူထွက်ရာဇဝတ်အုပ်ဟောင်းတစ်ယောက်ဆိုပြီး ထင်တော့ သူ့အမှုကိစ္စမှာ သူ အကူအညီတောင်းတာတွေကို လိုလိုလားလား ဖြည့်စွမ်းပေးခဲ့တာပေါ့'

'ဦးပါမောက်က ဦးလူကလေးဟန်ဆောင်ပြီး ဒီကိုရောက်လာပုံကို အကဲခတ်ပြောဆိုရရင် ပွဲစား ဦးပြားဆီမှာ တိန်းမည်း ယူတာပဲလို့ ကောက်ချက်ဆွဲလို့ရတယ်၊ ပွဲစား ဦးပြား



အကြောင်း ဦးက ဘာသိထားပါသလဲ၊ ဦးပါမောက်က တော့ ရန်ကုန် တိန်းခန်းတွေနဲ့ တိတ်တဆိတ် ဆက်သွယ်ပြီး တိန်းသွင်းပေးနေတဲ့ လူဆိုးပဲ'

'အင်း....ပွဲစားဦးပြားဟာ ရှမ်းပြည်ဘက်ကို ခရီးထွက်လေ့ရှိတာတော့ သိထားတယ်'

'ဦးအနေနဲ့ ဦးပါမောက်ကို ဒီကနေ့ အမိဖမ်းပြီး ရှေးဟောင်း ပစ္စည်းတွေထည့်ထားတယ်ဆိုတဲ့ ဂျုံအိတ်ကို စစ်ဆေးလိုက်ရင် အထဲမှာ ရှေးဟောင်း ပစ္စည်းအချို့နဲ့အတူ တိန်းမည်းတွေကို အသေအချာတွေ့ရပါလိမ့်မယ်'

'ကိုဗဒင်ကို ကျုပ်လေးစားတဲ့ အတွက် ကိုဗဒင်ပြောတဲ့အတိုင်း ကျုပ် အမြန်ဆုံး ဆောင်ရွက်ခိုင်းလိုက်ပါ့မယ်'

'စိတ်ချပြီးတော့သာ ဆောင်ရွက်ပါဦး၊ ပွဲစားဦးပြားဆီက ရှေးဟောင်းပစ္စည်းတွေ ပယ်ဘယ်ဆိုတာ လှည့်ကွက်တစ်ခုပါ၊ ပစ္စည်းတွေအခိုးခံရတယ်ဆိုတာလဲ လှည့်စားတာပဲ၊ ဦးအနေနဲ့ သူ့ကို ယုံကြည်မှုဝင်အောင် လုပ်တာပေါ့၊ သူနဲ့ ဦးပြားကို ပါတနာအဖြစ် မရိပ်စားမိအောင် ခိုးမှုဖွင့်တဲ့ အခါ ဦးပြားကိုပါ မသင်္ကာလေဟန် ထည့်ပြောသွားတာပဲ၊ အခုဆိုရင် ဦးလို ဌာနာအုပ်တစ်ယောက်ရဲ့ထောက်ခံစာ နှစ်စောင် သူ ရသွားပြီလေ၊ တိန်းမည်းတွေထည့်ထားတဲ့အထုပ်ကို ရန်ကုန်မြို့ဆီ သယ်ဆောင်သွားတဲ့အခါ လမ်းခရီးမှာ မသင်္ကာလို့ ရှာဖွေသူရှိရင် ဦးရဲ့ထောက်ခံစာနှစ်စောင် ပြပြီး ကျော်လွှားလွန်မြောက်သွားနိုင်ပြီပေါ့'။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....အဲဒီလိုဆိုရင်တော့အတော့်ကိုဆိုးတာပါပဲလား၊ ကျုပ်ကပါ ဘိန်းမည်းသယ်ယူရေးကို ကူညီပေးလိုက်သလို ဖြစ်သွားမှာပေါ့'

'အချိန်မီပါသေးတယ် ဦး'

ထိုအချိန်တွင် တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော ဆားပုလင်း ခင်ဇော်က....

'တဆိတ်ဗျာ.... ကိုဗဒင်အနေနဲ့ အဲဒီ ရာဇဝတ်ကောင် ဦးပါမောက်ဆိုတဲ့လူအကြောင်းကို ဘယ်လိုများသိထားတာ ပါလိမ့်'

ဟု မေးလေ၏။

ဗဒင်က တစ်ချက်ရယ်လိုက်ပြီး....

'အဲဒါက ကျုပ်ရဲ့ ဝါသနာပဲလေဗျာ၊ ရန်ကုန်မြို့မှာ အစွမ်းအစရှိတဲ့ ရာဇဝတ်ကောင်လူဆိုးတွေမှန်သမျှကိုသူတို့ရဲ့ ဓာတ်ပုံ၊ သူတို့ရဲ့ခြေလ ့စရိုက်၊ သူတို့ကျူးလွန်တတ်တဲ့ရာဇဝတ်မှု အမျိုးအစားတွေကို ရှာဖွေစုဆောင်းပြီး ကျွန်တော့် အိမ်မှာ ဖိုင်တွဲထားတယ်လေ'

'ဩော်....ဒါကြောင့် ကိုဗဒင်ဟာ အင်မတန် စေ့စပ်သေချာတယ်လို့ နာမည်ကြီးပေတာကိုး'

'ကိုင်း....အချိန်ရှိတုန်း ရာဇဝတ်ကောင်ကို အချိန်မီသွားဖမ်းကြမယ် ကိုခင်ဇော်ရေ၊ ဩော်....ကိုဗဒင် အခုမှ သတိရတယ်၊ အိမ်မှာ အိမ်သားအားလုံး ဘယ်သူမှ မရှိကြဘူး၊ ခင်ဗျားမိတ်ဆွေ ကိုသင်းအောင်ကိုလဲ ကျုပ်သမီး ငြိမ်းစန္ဒာက အတင်း ခေါ်သွားတယ်လေ၊ သမီး ငြိမ်းစန္ဒာရဲ့



အိမ်သားအားလုံးက ရွှေကျောင်းမြစ် ဘုရားပွဲကို မနေ့ကထည်းက သွားကြတာ၊ ဒီနေ့ညနေပိုင်းလောက်မှ ပြန်ရောက်လိမ့်မယ်၊ အိမ်မှာ ထမင်းချက် ဒေါ်မြမကြီးပဲ ကျန်ရစ်တယ်လေ၊ ကိုဗဒင်ကိုတော့ ကျုပ်အိမ်သားလိုပဲ သဘောထားတာမို့ အိမ်မှာ လွတ်လွတ်လပ်လပ် နေ့ကျန်ရစ်ပါနော်၊ ဦးလူကလေး ဟန်ဆောင်ထားတဲ့ ရာဇဝတ်ကောင်ကို သွားဖမ်းတဲ့အခါ ကျုပ်ပါသွားမှ ဖြစ်မှာမို့ပါ။

'အိမ်မှာ မောင်ကြီးကို ထားခဲ့မယ်၊လိုတာရှိရင်ခိုင်း၊ နေ့လယ်ပိုင်း ထမင်းစားသောက်ပြီးချိန်တော့ ကိုဗဒင်ကို တွေ့ချင်နေတဲ့ မြန်မာကျောက်စာဝန်ဟောင်း ဦးမိုးအိမ်ကို သွားလည်စေချင်တယ်၊ မောင်ကြီးကိုယ်တိုင် လိုက်ပို့ပါလိမ့်မယ်'

ဟု ဦးတထိန်က တောင်းတောင်းပန်ပန် ပြောသည်။

ဗဒင်က....

'ရပါတယ်ဦး၊ တာဝန်ပိုင်းက အရေးကြီးပါတယ်၊ ကိစ္စကိုသာ အမြန်ဆောင်ရွက်ပါ၊ ကျွန်တော့်ကို အားမနာပါနဲ့'

ပိအက်စ်အို ဦးတထိန်က....

'မောင်ကြီးရေ မင်းနေခဲ့ဟေ့၊ကိုဗဒင်လိုတာ လုပ်ပေးလိုက်၊ကားကို ကိုခင်ဇော်ပဲ မောင်းလိမ့်မယ်'

ဟု ပြောပြီးနောက် ဆားပုလင်းကိုခင်ဇော်နှင့်အတူ တိုက်ထဲက ကတိုက်ကရိုက်ထွက်ခွာသွားလေသည်။

www.burmeseclassic.com

ဗဒင်မှာ အိမ်ရှင်မရှိသော အိမ်ကြီးတွင် ပုလိပ်သား မောင်ကြီးနှင့် ကျန်ရစ်လေ၏။

'ဆရာကိုဗဒင်၊ ထမင်းဆာပြီလား၊ မနက်စာစားတော့မလား၊ ကျွန်တော် ကြီးကြီးမြမေကို ပြောပြီးပြီ'

'နည်းနည်း စောပါသေးတယ်....ကိုမောင်ကြီး၊ကျွန်တော် ရေမိုးချိုးချင်တယ်၊ပြီးမှစားတာပေါ့'

'လာလေ၊ ဆရာကိုဗဒင်အတွက် အခန်းစီစဉ်ထားပါတယ်၊အခန်းထဲမှာ အဝတ်အစားလဲပြီးမှ ရေချိုးထွက်တာပေါ့'

ဗဒင်သည် ဧည့်ခန်းကိုဖြတ်ပြီး ပုလိပ်သားမောင်ကြီး ခေါ်ဆောင်ရာသို့ လိုက်ပါသွားစဉ် ဧည့်ခန်းတစ်နေရာ၌ ချိတ်ဆွဲထားသော မိန်းမပျိုတစ်ဦး၏ ဓာတ်ပုံကြီးကိုတွေ့ရသည်။

ထိုချောမောသော ဓာတ်ပုံရှင်မိန်းမပျိုမှာ ငြိမ်းစန္ဒီဖြစ်သည်။

ပီအက်စ်အို ဦးဘထိန်တွင် တစ်ဦးတည်းသောသမီး ငြိမ်းစန္ဒီသာ သေ့သွားကျန်ရှိလေ၏။

ဇနီးသည် ဒေါ်ငြိမ်းရင်မှာ ငြိမ်းစန္ဒီ ဆယ့်ခုနစ်နှစ် သပိုးအရွယ်ကပင် သေဆုံးခဲ့သည်။

အိမ်မှုကိစ္စထိန်းသိမ်းရန် ဦးဘထိန်၏အစ်မ အပျိုကြီး ဒေါ်စိမ်းကို ခေါ်ယူထား၏။

တစ်ဦးတည်းသောသမီး ငြိမ်းစန္ဒီကို ဦးဘထိန်နှင့် ဒေါ်စိမ်းတို့က အလိုလိုက်ထားလေ့သည်။



'ဒါ....ဆရာနားနေဖို့အခန်းပါ၊ အထဲမှာ အဝတ်အစားသစ်တွေရှိပါတယ်၊ လဲဖယ်ပြီးရင် ရေချိုးဖို့ ကျွန်တော် လိုက်ပို့ပေးပါမယ်'

ဗဒင် ရေမိုးချိုးပြီးနောက် နံနက်စာထမင်းကို မြိန်ရှက်စွာစားသည်။

ထို့နောက်တွင်တော့ ပုလိပ်သား မောင်ကြီး ခေါ်ဆောင်ပြီး လိုက်ပို့သော မြန်မာကျောက်စာဝန်ဟောင်း ဦးမိုးထံသို့ သွားရောက်လည်ပတ်လေ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကျော်သက်

"မှောင်မနိုင်...တော်တော်ကဲ"

(အဒေါ်စိမ်း)

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

မြန်မာကျောက်စာဝန်ဟောင်း ဦးမိုး၏ အိမ်ဝသို့ရောက်လျှင် အောက်ပါအတိုင်း ပီသစွာ စာရွတ်ဆိုသံ ကြားရလေသည်။

'ရာဇပလ္လင်တော် လက်ဝဲ၊ လက်ယာခင်းကျင်းဆောက်ထူသည့် ထီးဖြူရှစ်စင်းကို ကနကဒဏ်၊ ထီးမှန်နှစ်စင်း ဝင်းဝင်းလျှံပတ်၊ တမွတ်နှစ်ဆူ၊ ရောင်ဖြူညီးညီး၊ ယင်ထီးလေးပါးဟူ၍ ရွှေစကားလွှာသည့်ပျူစောထီးမှ စ၍ဖြစ်သည်။ အချို့ရွှေစာအချို့တွင် ကြဌာန်းထီး လေးစင်း၊ ကမ္ဗုထီးလေးစင်းဟု ကဲ

www.burmeseclassic.com

www.burmeseclassic.com



ပြားဆိုရေးရှိကြသည်။အမှန်က ကမ္ဘာ့ထီးမှာ ထက် တော်မူရာ ဆောင်းကြောင်းကျောက်စာ ခိုင်လုံ သဖြင့် ကြဌာန်းထီးသာတည့်၍ လက်ယာထီးတော် လေးစင်းဟု ဆိုသင့်သည်။

'အခုစာရွတ်ဆိုနေတဲ့အသံက ဆရာကြီး ဦးမိုးရဲ့ အသံပါ ပဲ'

ဟု ပုလိပ်သားမောင်ကြီးက ပြော၏။

မြန်မာကျောက်စာဝန်ဟောင်း ဦးမိုး၏အသံမှာ အသံ ဝါကြီးဖြစ်ပြီး အောင်မြင်လှပေသည်။

ညှော်ခန်းမှာ မြန်မာဆန်လှပေသည်။

ဇာနားကွပ်သင်ဖြူးများ ခင်းထားပြီး မှိုခေါင်းအုံးတွင် ကိုယ်တစောင်းလှဲလျက် ပေစာရွက်တစ်ရွက်ကို ဖတ်နေသော ဦးမိုးကို တွေ့ရ၏။

သူ၏ရှေ့တွင် လက်ဖက်အစ်၊ အကြမ်းအိုး၊ အကြမ်း ပန်းကန်၊ ကွမ်းအစ် စသည်တို့ကို ချထားသည်။

ညှော်ခန်းနံရံ၌ ဆရာမြကြီး ရေးဆွဲထားသော ပုံတူပန်းချီ ကားကြီးကို ထင်းခနဲ တွေ့မြင်ရလေသည်။

'ဟော....ဘယ်သူများပါလိမ့်'

ဦးမိုးက စလင်းမျက်မှန်ပေါ်မှ ကျော်ကာ လှမ်းကြည့် သည်။

ပုလိပ်သား မောင်ကြီးက....



'ဆရာ ဦးဘထိန် လွှတ်လိုက်တာပါ ဆရာကြီး ဦးမိုး၊ ဆရာကြီးက ကိုဗဒင်ကို တွေ့ဆုံစကားပြောလိုတယ်ဆိုလို့ ကျွန် တော် လိုက်ပို့ပါတယ်'

'ဪ....ရန်ကုန်က ရှေးဟောင်းသမိုင်းတွေကို စိတ်ဝင် တစား လေ့လာဖို့ရောက်လာတယ်ဆိုတဲ့ သူငယ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

ဟု ဗဒင်က ဝင်ပြောလိုက်၏။

'လာပါကွယ်....လာပါ....ထိုင်ပါ....ဦးနဲ့ ဝါသနာတူတဲ့ မောင်ရင့်ကို စကားစမြည်းပြောချင်လို့ ဖိတ်ကြားတာပါ'

ဗဒင်နှင့် ပုလိပ်သား မောင်ကြီးတို့သည် ဦးမိုး၏ ရှေ့ သင်ဖြူးပေါ်တွင် ဝင်ထိုင်ကြသည်။

ဦးမိုးက ပေစာရွက်ကို ဘေးသို့ချထားလိုက်ပြီး သူ့ရှေ့မှ လက်ဖက်အစ်ကိုဖွင့်လျက် ရှေ့တိုးပေး၏။

'အကြမ်းရည်နဲ့ လက်ဖက်ကလေးများ သုံးဆောင်ပါဦး ကွယ်'

အကြမ်းရည်နှင့် လက်ဖက်မှာ မြန်မာဆန်လှသော ညှော်ခံမှု ဖြစ်ပေသည်။

ဗဒင်က လက်ဖက်အစ်ကို နှစ်ခြိုက်စွာ နှိုက်ယူစားသုံးလေ သည်။

ပုစွန်ခြောက်အကောင်ကြီးများက ဆိမ့်ချိုလှ၏။

လက်ဖက်မှာ ချဉ်ဖန့်လေးဖြစ်လျက် ဆီနိုင်းချင်းဖြင့် ခံတွင်း မြိန်ပေစွ။

ဦးမိုးက....

www.burmeseclassic.com

www.burmeseclassic.com



'မောင်ရင်က ပျူခေတ်ယဉ်ကျေးမှုကို အလွန်စိတ်ဝင်စားတာကြောင့် ပျူခေတ် ယဉ်ကျေးမှုအဆက်ဖြစ်တဲ့ ဟန်းလင်းကြီးဘက်ကို ဒေသန္တရ ဗဟုသုတလေ့လာဖို့ ရောက်လာတယ်လို့ သိရတယ်'

ဗဒင်သည် ပီအက်စ်အို ဦးဘထိန်ထံတွင် တည်းခိုရာ၌ သူ ယခုရောက်လာခြင်းမှာ သမိုင်းရှေးဦးပျူခေတ် ယဉ်ကျေးမှုကို စိတ်ဝင်စား လေ့လာမိရင်း ပျူယဉ်ကျေးမှုနှင့် ဆက်စပ်နေသော ဟန်လင်းဒေသကြီး၏ ဒေသန္တရ ပထဝီအနေအထားကို ကိုယ်တိုင် မျက်မြင်ကြည့်မြင်လို၍ ရောက်လာခြင်း ဖြစ်ကြောင်း၊ အကြောင်းပြ ပြောဆိုထားခဲ့လေသည်။

ပီအက်စ်အို ဦးဘထိန်ကလည်း ဗဒင် ပြောသည့်အတိုင်း ကောင်းစွာ ယုံသည်ဖြစ်ရကား သူတို့အရပ်ဒေသရှိ မြန်မာကျောက်စာဝန်ဟောင်း ဦးမိုးက ဗဒင်၏ သတိစကားကို ကြားသိ စုံစမ်းသောအခါ ဗဒင်သည် ရှေးဟောင်း သမိုင်းအချက်အလက်များကို စိတ်ဝင်စားသူဖြစ်ကြောင်း ရှင်းလင်းပြောဆိုပြခဲ့သဖြင့် ဦးမိုးက ဗဒင် ပြန်ရောက်လျှင် လူချင်းတွေ့ဆုံ စကားပြောခွင့်ပြုရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်၏။

ဗဒင်က ဦးမိုး၏မေးခွန်းကို....

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်အနေနဲ့ မြို့ပြကြီးတစ်ခု တည်ရှိခဲ့ဖူးတဲ့ ဟန်လင်းမြို့ဟောင်း တည်ရှိနေရာကို ကိုယ်တိုင် ရောက်ရှိတဲ့အခါ ကြွင်းကျန်ရစ်တဲ့ အထောက်အထားတွေကို လေ့လာချင့်ချိန်နိုင်ခွင့် ရပါတယ်'

ဟု ကောင်းမွန်စွာ ဖြေကြားလိုက်၏။



ဦးမိုးက....

'မောင်ရင့်နာမည် ဘယ်လိုခေါ်ပါသလဲ'

'မောင်ဗဒင်လို့ခေါ်ပါတယ်'

'အေးကွယ့်....မောင်ဗဒင်လို သက်လတ်ပိုင်းသာရှိသေးတဲ့ မြန်မာငစ်ဦးက ရှေးသမိုင်း အချက်အလက်တွေကို စိတ်ဝင်စားတာ နိုင်ငံအတွက်ကောင်းတဲ့အလားအလာပါပဲ၊ အင်း.... သမိုင်းအချက်အလက်တွေကို စာဟောင်းတွေစုံအောင်တော့ ဖတ်နိုင်မှကွယ့် နော'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်လဲ ရတတ်သရွေ့ ရှာဖွေ စုဆောင်းဖတ်ရှုပါတယ်'

'မောင်ဗဒင်အနေနဲ့ ဟန်လင်းကြီး မြို့ဟောင်းအကြောင်းကို ဦးကုလား မဟာရာဇဝင်ကြီးမှာ ရှာဖွေတွေ့ရှိခဲ့တယ် ထင်ပါတယ်'

'ဟုတ်ကဲ့....ဦးကုလား မဟာရာဇဝင်ကြီးမှာက အချက်အလက် တစ်ခုကိုပဲ ဖော်ပြထားပါတယ်၊ နရပတိစည်သူရဲ့ ပြင်းခံပြေည့်က ဟန်လင်းကြီးကိုဖြတ်ပြီး ငါးပတ်ချောင်းကို ရိုးဆက်တဲ့ အကြောင်းလောက်ပ[illegible] ဆရာဦးမိုးအနေနဲ့ ချင်ဒီသာပါမောက် ကျောက်စာကို စေ့စေ့စပ်စပ် ဖတ်ကြည့်ရင် သျှင်ဒီသာပါမောက္ခ မထေရ်ဟာ တရုတ်ပြည်ကို ရိုးသွားစဉ်က ဟန်လင်းကြီးမှာ စခန်းချနေခဲ့ဖူးကြောင်း ပတွေ့ရပါလိမ့်မယ်'

'ဟုတ်လိုက်လေ....မောင်ဗဒင်လဲ ဒီအချက်ကို တွေ့ထားတာကိုး'

'ဒါတင် မကပါဘူးဗျာ၊ ဘိုးတော်ဘုရား လက်ထက်မှာ ဟန်လင်းရွာစား စည်သူကျော်ထင် ဦးအောင်ဖြိုးဆိုသူ ရေးသား မှတ်တမ်းတင်ခဲ့တဲ့ ဟန်လင်း သမိုင်းအလင်္ကာကို ပေစာမူ မိတ္တူတစ်ခု ကျွန်တော် ရှာဖွေစုဆောင်း ရရှိထားပါတယ်'

'ဟင်....ချန်ပါပေ့၊ တော်ပါပေ့၊ ဇော်ပါပေ့ မောင်ဗဒင်ရယ်၊ ကျုပ်ကိုယ်တိုင်လဲ အဲဒီ ဟန်လင်း သမိုင်းလင်္ကာစာ ရှိခဲ့ဖူးကြောင်း တစ်ဆင့်စကား သတင်းကြားတာဖြစ်ကြာပါပြီကွယ်၊ ရအောင်မလိုက်နိုင်လို့ ကြည့်မြင်ချင်လွန်းပေမယ့် အခွင့်မသာခဲ့ဘူးလေ'

'ကျွန်တော် ရန်ကုန် ပြန်ရောက်ရင် ဦးအတွက် မိတ္တူတစ်စောင်ကူးပြီး ပို့ပေးပါ့မယ် ခင်ဗျာ'

'ဝမ်းသာလိုက်တာ၊ ကျေးဇူးတင်လိုက်တာကွယ်၊ ဒါ့ပြင်သော်လဲ မောင်ရစ်ပို့ပေးမယ့် စာမိတ္တူက အချိန်ကြာလို့ဦးမယ်လေ၊ ကျုပ်က ဟန်လင်း သမိုင်းလင်္ကာမှာပါတဲ့ အကြောင်းအရာကို အခုပဲသိချင်လှပြီမို့ မောင်ဗဒင် အကျဉ်းချုံးပြီး ပြောပြပါလားကွယ်'

'ဟုတ်ကဲ့....ပြောပြပါ့မယ် ဆရာဦးမိုး'

သို့နှင့် ဗဒင်သည် ဟန်လင်းသမိုင်းလင်္ကာတွင် ပါရှိသော အကြောင်းအရာများကို ပြောပြရလေတော့၏။

မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ မဟာသမ္မတမင်း၏ သားတော်လတ် ကရဗော် မင်းသားသည် မြန်မာနိုင်ငံသို့ ရောက်၍ လာပြီးလျှင် ဟန်လင်းကြီးကို တည်ထောင်မင်းပြုသည်။



ကရဗော်မင်းတရားကြီး လက်ထက်မှစ၍ ဟန်လင်းတွင် မင်းပြုခဲ့သော မင်းပေါင်း (၇၉၉)ပါးရှိခဲ့ပြီး နောက်ဆုံးမင်းသည် ပျူစောထီးဟု ကျော်ကြား၏။

ပျူစောထီး၌ ညီတော်ရှိရာ ၎င်းညီတော်သည် ထူးခြားသော အစွမ်းများရှိလေသည်။

www.burmeseclassic.com

( ၁၂ )

သူတစ်ခါပြုံးတိုင်း ကောင်းကင်ယံမှ ရတနာမိုး တစ်ကြိမ် ရွာသွန်းလေ့ရှိ၏။

ထိုထူးဆန်းသော ဂုဏ်သတင်းကို တရုတ်ပြည် ဦးစည်မင်း ကြားသိရာ သံစေလွှတ်စုံစမ်းစေ၏။

တရုတ်သံများရောက်လာချိန်၌ ညီတော်သည် မပြုံးနိုင်မရယ်နိုင် ဖြစ်နေချေသည်။

အကြောင်းမှာ သူ၏ မရီးတော်သည် အကြောင်းတစ်ခုဖြင့် အကုသိုလ်မှု ကျူးလွန်ခဲ့လေရာ သေလွန်ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



တမလွန်၌ ငရဲခံစားရ၍ ကြီးစွာသောဆင်းရဲ ဒုက္ခရောက်မည်ကို သူ၏ ဇာတိဿရဉာဏ်ဖြင့် ရှုမြင်မိနေချိန်ဖြစ်သောကြောင့်တည်း။

ထိုအချိန်တွင် နောင်တော် ပျူစောထီး ဘုရင်မင်းမြတ်က တရုတ်သံမျှားရှေ့တွင် ပြုံး၍ ရတနာ့မိုးရွာရန် စေခိုင်းသည်။

ညီတော်က မပြုံးမရယ်နိုင်သောအခါ နောင်တော်၏ အမိန့်ကို မနာခံဘိသကဲ့သို့ ဖြစ်သွား၏။

ဤတွင် နောင်တော်က အထင်မှားကာ ရာဇမာန်ပွားလျက် ညီတော်ကို ကွပ်မျက်လေ၏။

ထိုကွပ်မျက်မှုကြောင့် ဟန်လင်းကြီးပေါ်သို့ ရုတ်တရက်ပြာပူမိုးကြီးရွာချကာ မီးကြီး အကြီး အကျယ် လောင်၍ အကုသိုလ်များသူများ၊ သေဆုံးကာ အလောင်းချင်းထပ်လျက် ထိုအချိန်မှစ၍ မြို့ပျက်ပြီး ထီးသုဉ်း နန်းသုဉ်း ဖြစ်ခဲ့ရလေသည်။

(ဟန်လင်း မြို့ဟောင်းနှင့် ပတ်သက်၍ ထူးခြားသောအချက်များကိုခိုင်ခိုင်လုံလုံဖြင့် သမိုင်းသုတေသနပြုအားသည်ကို အကျယ်သိလိုပါလျှင် သတင်းနှင့် စာနယ်ဇင်း ပြန်ကြားရေး ဝန်ကြီးဌာနမှထုတ်သော 'ရှေးဟောင်း မြန်မာ့မြို့တော်များ' စာအုပ်ကိုဖတ်ရှုပါ)

'မောင်ဗဒင်ရဲ့ ပြောပြချက်ကို ကြားရတာ အတော်ပဲဗဟုသုတ တိုးပါတယ်ကွယ်၊ ဟင်....မောင်ကြီးတစ်ယောက်ငါတို့ပြောတဲ့စကားကို အတော် စိတ်ဝင်စားပုံ ရတယ်ကွ၊



ကြည့်စမ်းပါဦး၊ မျက်တောင်စင်းပြီး ခေါင်းတဆတ်ဆတ်နဲ့ အိပ်ငိုက်နေလိုက်ပုံများ'

ဦးမိုးက ပုလိပ်သားမောင်ကြီးကို မေးငေါ့ပြလိုက်၏။

ဗဒင် လှည့်ကြည့်လိုက်သောအခါ အတော်ပင်အံ့အားသင့်သွား၏။

ပုလိပ်သားမောင်ကြီးသည် ထိုင်လျက်သား အိပ်ငိုက်နေလေသည်။

ဦးမိုးက ပြုံးလျက်....

'ဟေ့....မောင်ကြီး၊ ထစမ်းပါဦးကွယ့်၊ ထစမ်း....ထစမ်း' ဟု အသံပြု၍ နှိုးလိုက်၏။

ပုလိပ်သား မောင်ကြီးသည် ကမန်းကတန်း မျက်လုံးကို ဖွင့်ကြည့်ကာ ဦးမိုးကို လက်အုပ်ချီ၍ တောင်းပန်၏။

'ဆရာကြီးကို ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော်ညက အိပ်ရေးပျက်ထားလို့ အိပ်ငိုက်သွားဟာပါ'

ဦးမိုးက ခါးမောရင်းမှ သူ့ကိုယ်တွင် ဝတ်ထားသော ိုးတိုက်ပုံထဲသို့ လက်နှိုက်လိုက်၏။

ထို့နောက် ပုလိပ်သားမောင်ကြီးထံ လှမ်းပေးကာ....

'ရော့ဟေ့....ပိုက်ဆံ၊ လမ်းမကြီးပေါ်က ကာကာဆိုင်ှာ လက်ဖက်ရည်နဲ့မုန့် သွားစားသောက်ချည်ကွယ့်၊ ပိုတဲ့က်ဆံလဲ မင်းပဲသုံးလိုက်၊ ငါတို့က ဒီမှာ စကား အတော်ျာအောင် ပြောဦးမှာဆိုတော့ မင်းအနေနဲ့ လက်ဖက်ရည်ို အေးအေး ဆေးဆေးသောက်ပေါ့၊ အချိန်ရပါတယ်၊ ပတော်ကြာမှပဲ ပြန်လာခဲ့ပေါ့ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်သားမောင်ကြီးလည်း ဦးမိုးပေးသော ပိုက်ဆံကိုယူပြီး အိမ်ခေါင်မှ ဆင်းသွားလေသည်။

ထိုအခါ ဦးမိုးက ဗဒင်ကို စလင်းမျက်မှန်ထဲမှ တစ်ချက်စိုက်ကြည့်ကာ....

'ကျုပ်က တမင့်ကိုပဲ မောင်ကြီးကို အပြင်သွားအောင် လုပ်လိုက်တာလေ၊ ကျုပ် ဗဒင်ကို အတွင်းစကား ပြောစရာရှိတယ်'

'ဩော်....ဟုတ်လား၊ ကျွန်တော်တော့ ဆရာမိုးပြောတာကို သိပ်နားမလည်လှဘူး'

'ပြောစရာတွေ မပြောခင် ပြစရာ အရင်ပြရဦးမယ်'

ဦးမိုးသည် ထိုင်ရာမှထပြီး ညှော်ခန်းထောင့် မှန်ဗီရိုကို ဖွင့်၍ တစ်စုံတစ်ခုကိုယူလာပြီး မောင်ဗဒင်ကိုပြ၏။

ပေစာထုပ် တစ်ထုပ်ဖြစ်သည်။

ပေစာထုပ် ထိပ်ဆုံးစာရွက်ပေါ်တွင်....

'စည်သူ ကျော်ထင်အောင်ဖြိုး မှတ်သား ရေးစီသည့် ဟန်လင်းသမိုင်းလက်ဘ' ဟူသော စာကို တွေ့ရ၏။

ဗဒင် အလွန် အံ့ဩသွားဖြင့်....

'ဟင်....ဆရာမိုးဆီမှာ ဟန်လင်းသမိုင်းလက်ဘ ရှိနေတာပဲ ဒါဆို ဆရာမိုးက သိလျက်နဲ့ ကျွန်တော့်ကို မေးခဲ့တာကိုး'

'အင်း....ကျုပ်က မောင်ဗဒင်ကိုတော့ စိတ်ပါလက်ပါ ချီးကျူးရလိမ့်မယ်၊ မောင်ဗဒင်ဟာ အလုပ်ထစ်ခုကို လုပ်ပဲ နေရာမှာ အတော့်ကိုစေ့စပ်သေချာတာပဲ၊ ရွှေဘိုမြို့ဟောင်း သမိုင်း သုတေသနလုပ်ငန်းအတွက် လာတယ်လို့ ဟန်ဆောင်



အကြောင်းပြတားတာ မှန်ပေမယ့်မောင်ဗဒင်က ရှေးဟောင်း သမိုင်းကို ကျွမ်းကျင်နှံ့စပ်အောင် လေ့လာခဲ့တာကို ဦး တွေ့ရတယ်လေ'

ဗဒင်က တစ်ချက်တွေသွားပြီးမှ....

'ကျွန်တော် ရှေးဟောင်းသမိုင်းကိစ္စအတွက် လာတယ်ဆိုတာ ဟန်ဆောင် အကြောင်းပြတာလို့ ဆရာဦးမိုးက ဆိုတယ် နော်၊ အဲဒီအချက်ကို ဆရာဦးမိုး ဘယ်လိုသိပါသလဲ'

'ငါက ပထမ ဆရာသိန်းရဲ့ တပည့်တစ်ဦးပဲလေ၊ ပထမ ဆရာသိန်း လှမ်းအကြောင်းထားလို့ သိနေတာပေါ့'

'ဩော်.... ဒီလိုကိုး၊ ဟုတ်ပါတယ် ကျွန်တော် ဒီကိုလာတာ ဆရာသိန်းခိုင်းတဲ့ကိစ္စ ဆောင်ရွက်ဖို့ လာတာပါပဲ'

'မောင်ဗဒင်လိုချင်တဲ့ မြောက်သချိုင်းသံ ရခဲ့သလား'

'ဟုတ်ကဲ့၊ ဆရာဟိန်းကျေးဇူးကြောင့် ရခဲ့ပါပြီ'

'ဩော်....ဆရာဟိန်းနဲ့ တွေ့ခဲ့ပြီကိုး'

'ဆရာမိုးက ဆရာဟိန်းကို သိတာပဲနော်'

'လူချင်းသိတာ မဟုတ်ပါဘူး၊ သတင်းကို ကြားသိတာပါ'

'ဩော်....ဒါနဲ့ ဆရာမိုးက ကျွန်တော့်ကို အတွင်းစကား ပြောစရာရှိတယ်ဆိုတာ ဘာများပါလိမ့်'

'မောင်ဗဒင်အရယူမယ့် ကိုးသချိုင်းသံဓားဟာ တစ်ဆင့် လက် တစ်ဆင့်ပြောင်းရာကနေ အခု ကာကွယ်ရေးဌာန အတွင်းဝန် မစ္စတာဂရေ့ဗလီထံကို ရောက်နေတယ်ဆိုတဲ့ အတင်းပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အို....ဆရာမိုးရယ် အဲဒီသတင်းကို ကြားလိုက်ရတာ အလွန် ဝမ်းမြောက်သွားပါတယ်၊ ကျွန်တော့်အတွက် ဗြိတိသျှ အရာရှိတွေ လက်ထဲမှာ ပျောက်နေတဲ့ ကိုးသန်းချိုင်း သံခွားကို သတင်းအနံ့ခံ စုံစမ်းခဲ့တာ သဲလွန်စပျောက်ပြီး အခက်အခဲတွေ့နေတယ်လေ'

'အဲဒါကို ပထမ ဆရာသိန်း သိပုံရပါတယ်၊ အဲဒါကြောင့် ကျုပ်ဆီ လှမ်းအကြောင်းကြားပြီး ကိုးသန်းချိုင်း သံခွား ဘယ်မှာရောက်နေတယ်ဆိုတာ စုံစမ်းခိုင်းခဲ့တယ်'

'စုံစမ်းလို့ ရခဲ့တဲ့သတင်းကို မောင်ဗဒင် ရောက်လာရင် ပြောပြအသိပေးဖို့လဲ ညွှန်ကြားခဲ့တယ်လေ'

'ဟုတ်ကဲ့၊ တာကွယ်ရေးဌာန အတွင်းဝန် မစ္စတာဂရေ့ ဗလီဆီမှာ ရှိနေတဲ့ ကိုးသန်းချိုင်း သံခွားကိုရအောင် ကျွန်တော် ပြန်ယူပါ့မယ်'

'ဆရာသိန်းက မောင်ဗဒင်ဟာ ဆန္ဒရှိရင် ဖြစ်အောင်လုပ်နိုင်စွမ်းရှိတဲ့ ယောကျ်ားကောင်း တစ်ယောက်ပဲလို့ ချီးကျူးတာ ကြားခဲ့ဖူးတယ်'

'အဲဒီစကားကို ကြားရတော့ ကျွန်တော့်ကိုကျွန်တော် အတော်ပဲ အားရှိသွားပါပြီ'

ဦးမိုးက အရေးကြီးသော အတွင်းစကားကို ဗဒင်အား ပြောကြားပြီးချိန်မှာပင် ပုလိပ်သားမောင်ကြီးလည်း လက်ဖက်ရည် သောက်ပြီးပြီဖြစ်၍ ပြန်ရောက်လာလေသည်။



ဗဒင်လည်း မြန်မာစကျောက်စာဝန်ဟောင်း ဦးမိုးကို နှုတ်ဆက်ကာ ပုလိပ်သား မောင်ကြီးနှင့်အတူ ပြန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

( ၁၃ )

ဦးဘထိန်တို့အိမ်တွင်ညနေစာ ထမင်းဝိုင်းမှာတော့ အလွန်စည်ကားလှပေသည်။

ထမင်းစားခန်းက လည်း ကျယ်၊ ထမင်း စား ပွဲ ဝိုင်း မှာ လည်း ကြီးမားကျယ်ပြန့်လေရာ လူငါးဦးအတွက် ချောင်ချောင် ချိချိ ရှိလှပေသည်။

ဦးဘထိန်မှာ ခေတ်မီသော အယူအဆရှိပေရာ ထမင်းစားခန်းကို သီးခြား ထားရှိရုံမက ထမင်းစား စားပွဲကို မှတ်တတ်ကုလားထိုင်များဖြင့် ထိုင်နိုင်အောင် စီမံထားသည့်အပြင် ဇွန်း၊ ခက်ရင်း၊ ဓားနှင့် ဥရောပလိုစားမလား၊ တူဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆာရှတ်လိုစားမလား၊ ဆန္ဒရှိသလို စားသောက်နိုင်အောင် အသုံးအဆောင်ပစ္စည်းများက ထမင်းစားခန်းထဲတွင် အဆင်သင့် ရှိပေသည်။

ဦးဘထိန်၏သမီး ငြိမ်းစန္ဒီမှာ ညအိပ်ညနေ သွားခဲ့သော ဘုရားပွဲမှ ပြန်လာပြီဖြစ်ရာ ထမင်းဝိုင်းသည် ငြိမ်းစန္ဒီ၏အသံ စာစာဖြင့် စိုပြည်နေခြင်းဖြစ်၏။

ဦးဘထိန်၌ ခေတ်မီအသုံးအဆောင်ဖြစ်သော ဖို့ဒ်ကား တစ်စီး ရှိသည့်အပြင် ဓေသသုံးဟု ပြောရမည်ဖြစ်သော မြင်းလှည်းတစ်စီးနှင့် မြင်းကောင်းတစ်ကောင်လည်းရှိပေရာ ငြိမ်းစန္ဒီတို့ ဘုရားပွဲကို သွားကြသည်မှာ အဆိုပါမြင်းလှည်းနှင့် ဖြစ်ပေသည်။

မြင်းမှာ မြင်းကောင်းဖြစ်ပေရာ ငြိမ်းစန္ဒီနှင့်အတူပါသွားသော အဒေါ်ဖြစ်သူ ဒေါ်စိမ်း၊ သူငယ်ချင်းဖြစ်သူ မေသဉ္ဇာနှင့် ညီသည် ကိုသင်းအောင်တို့အပါအဝင် မြင်းလှည်းမောင်းသူ ဦးဘိုးခပါနှင့် ဝါးဦးကို ကောင်းမွန် နိုင်နင်းစွာ ခရီးရှည် ဆွဲနိုင်ပေသည်။

ဦးဘထိန်က ဗဒင်၏ အကြံပေးချက်ကြောင့် 'ရာဇဝတ်ကောင် ဦးပါမောက်ကို ဘိန်းမည်းများနှင့်အတူ ဖမ်းမိခဲ့ပုံ' အား ဝမ်းသာအားရ ပြောပြနေရာ ငြိမ်းစန္ဒီနှင့်အဒေါ်စိမ်းတို့က အလွန်စိတ်ဝင်စားစွာ နားထောင် နေကြလေ၏။

ကိုသင်းအောင် တစ်ယောက်သည် ထမင်းစားရင်း တစ်ချက်တစ်ချက်၌ ငေးငိုင်ကာ စကားပိုင်း၌ အာရုံ မရှိ



ကြောင်းကို အခြားသူများ မရိပ်စားမိသော်လည်း ဗဒင်က သတိပြုမိနေလေသည်။

ငြိမ်းစန္ဒီက....

'ကိုဗဒင်ကြီးက စုံထောက်ပညာဘက်မှာ ဒီလောက် ထက်မြက်တဲ့ အရည်အချင်းတွေ ရှိလျက်သားနဲ့ ဘာကြောင့် ပုလိပ်ဌာနဘက်မှာ ဝင်မလုပ်တာလဲ၊ အစိုးရအလုပ်မို့ ကျဉ်းကျပ်မှာ ဝန်လေးရင်လဲ ကိုယ်ပိုင် အလွတ်စုံထောက် ဌာန ဖွင့်လိုက်ရင် ဘယ်လောက် ဟန်ကျလိုက်လေမလဲနော်၊ ဟု အသံစာစာလွင်လွင်ကလေးနှင့်ပြောလျက် ဗဒင်ကို မျက်စောင်းချီကာချီကာနှင့် ချစ်စဖွယ်အမူအရာများ လုပ်နေလေ၏။

ငြိမ်းစန္ဒီမှာ ဗဒင်ထက် သုံးနှစ်ခန့်ငယ်ပေရာ ခပ်နွဲ့နွဲ့ ပြောနေသော သူမ အမူအရာကို ဦးဘထိန်ကရော ဒေါ်စိမ်းကပါ သဘောကျ နှစ်ခြိုက်နေဟန် ရှိလေသည်။

ဗဒင်ကတော့ မပြုံးမရယ်နှင့်ပင် ထမင်းကို အာရုံပြုစားနေရာမှ ငြိမ်းစန္ဒီကို မျက်လုံးလှန်၍ တစ်ချက်ကြည့်လိုက်သည်။

ဗဒင်၏ အရှိန်အဝါပြင်းလှသော အကြည့်ကို ငြိမ်းစန္ဒီ မျက်လုံးများဆုံမိလျှင် ငြိမ်းစန္ဒီရင်ထဲတွင် ဒိန်းခနဲ လှုပ်ခုန်၍ ကျောင်းဆရာ၏အရှေ့တွင် ရောက်သွားသော မနေမနပ် အပျိုပေါက်ကလေးတစ်ဦးပမာ ပါးစပ်ကလေးဟ၍ လျှာကလေး ထစ်လစ်ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းစန္ဒီမှာ ဗဒင်ကို မျက်လုံးချင်း ရင်ဆိုင်မကြည့်စံ့ဘဲ မျက်လွှာချလိုက်သည်။

ဗဒင်က...

'ညီမ ငြိမ်းစန္ဒီက အစ်ကို့အတွက် သင့်လျော်မယ်ထင်လို့ အကြံပေးတာကို ကျေးဇူးတင်ပါတယ်၊ သို့သော်လဲ ညီမ အကြံပေးတာကို စဉ်းစားကြည့်တော့ အစ်ကို့ကို အသက်မွေးဝမ်းကျောင်းမှုတစ်ခုခုလုပ်ဖို့ တိုက်တွန်းတာလို့ အဓိပ္ပာယ်ထွက်နေတယ်၊ အစ်ကိုအနေနဲ့က စုံထောက်ပညာကိုဝါသနာပါလို့တာ မှန်ပေမယ့် ဒီစုံထောက်ပညာနဲ့ ဘဝ တစ်ခုအတွက် အသက်မွေးသွားဖို့ မဆုံးဖြတ်နိုင်ပါဘူး၊ ဘဝအတွက် အသက်မွေးလုပ်ငန်းကို ရွေးချယ်ဆုံးဖြတ်တဲ့နေရာမှာ ဝါသနာတစ်ခုတည်းကို ဦးစားမပေးသင့်ဘူးလို့ အစ်ကိုထင်တယ်လေ၊ အသက်မွေးလုပ်ငန်းလို့ဆိုတဲ့အတိုင်း ကြီးပွားချမ်းသာမှုကို အကန့်အသတ်မဲ့ လှမ်းပွင့်နေတဲ့ လုပ်ငန်းမျိုးကိုပဲ လုပ်ကိုင်ဖြစ်ရင် အစ်ကိုရွေးချယ်မယ့် စုံထောက်ပညာအပေါ်မှာ ရပ်တည်ရမယ့် အသက်မွေးဝမ်းကျောင်းမှုကတော့ ကြီးပွားချမ်းသာမှု အကန့်အသတ်ရှိပါတယ်၊ ရှင်းရှင်းတိုတိုပြောရရင် အလွန်အလွန် ကြွယ်ဝချမ်းသာနိုင်တဲ့ အခွင့်အလမ်းမရှိပါဘူး' ဟု ရှည်လျားစွာ ရှင်းပြလိုက်သည်။

ငြိမ်းစန္ဒီသည် ဗဒင်က ခပ်တိုတိုပြတ်ပြတ် တုံ့ပြန်လိမ့်မည်ဟု ယူဆခဲ့သော်လည်း ဗဒင်က ယခုကဲ့သို့ သူမ၏ ပြော



ဆိုချက်အပေါ် တလေးတနက်နှင့် စိတ်ရှည်ရှည် သုံးသပ်ပြောဆိုသောအခါ ရင်ထဲတွင် ကျေနပ်စိတ်များ ပြည့်လျှံသွားလေသည်။

ဦးဘထိန်က....

'ကိုဗဒင်ပြောတာ ဟုတ်တယ်ကွယ့် သမီးရဲ့၊ ဖေဖေလဲ အမှန်တော့ ဒီပုလိပ်အလုပ်ကို အသက်မွေးဝမ်းကျောင်းဖို့ ရည်ရွယ်ရင်း မရှိဘူး၊ မင်းအဘိုးနဲ့ အဘွားကြောင့်' ဟု ဝင်၍ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

ငြိမ်းစန္ဒီကာ ခပ်ခနဲ တစ်ချက်ရယ်လိုက်ပြီး....

'ဖေဖေကလဲ ကိုဗဒင်ကြီးက သမီး ထက် သုံးနှစ်လောက်ကြီးတာ၊ ဖေဖေနဲ့ဆို အသက်များကြီး ကွာတာများ၊ ဖေဖေက ကိုဗဒင်....ကိုဗဒင်နဲ့ ခေါ်ပြောနေတော့ နားထောင်ရတာ တစ်မျိုးကြီးပဲ'

အဒေါ်စိမ်းက....

'ဟဲ့....ငြိမ်းစန္ဒီ ညည်းအဖေက မောင်ဗဒင်ကိုမှ ထူးထူးခြားခြား ကိုတွေဘာတွေတပ်ပြီး ပြောနေတာ မဟုတ်ဘူးလေ၊ ဟိုကောင်....ဆားပုလင်းခင်ဇော်လို သူဝယ်မျိုးတွေ

www.burmeseclassic.com

www.burmeseclassic.com



တောင် ကိုခစ်ဇော် ဘာညာနဲ့ ခေါ်တာမျိုးက သူ့အကျင့်ပဲသေကွယ်'ဟု ခပ်ဟန့်ဟန့် ဝင်ပြော၏။

ငြိမ်းစန္ဒီက ခေါင်းကလေး တဆတ်ဆတ်နှင့်လုပ်ကာ နားထောင်နေရာမှ သူ့မရှေ့ရှိ ကြက်သားဟင်းပန်းကန်ထဲမှ အသည်းဖတ်တစ်ဖတ်ကို ခက်ရင်းနှင့် ထိုးကာ ဗဒင်ပန်းကန်ထဲသို့ သေချာစွာ ထည့်ပေးလိုက်၏။

'စားလေ အစ်ကိုဗဒင်ကြီးရဲ့'

ထိုအချိန်တွင် အဒေါ်စိမ်း၏ ခြေထောက်တစ်ဖက်က ငြိမ်းစန္ဒီ၏ ခြေသလုံးကို လှမ်းကန်လိုက်ကာ 'သိပ်မထနဲ့ ကူခြေန့်နေ'ဟူသော သဘောဖြင့် သတိပေးလိုက်သည်။

ထိုသို့သော် ဗဒင်ထံ၌သာ အာရုံ အလုံးစုံရောက်နေသော ငြိမ်းစန္ဒီသည် အဒေါ်စိမ်းက ခြေထောက်နှင့် ကန်လိုက်သည်ကို ရုတ်တရက် လန့်သွားကာ....

'အမယ်လေး....ဘာပါလိမ့်'

စားပွဲအောက်သို့ ငုံ့ကြည့်သည်။

အဒေါ်စိမ်းက....

'ဟဲ့....ငါ့ခြေထောက်ပါဟဲ့၊ အောက်မှာ ကြွက်တစ်ကောင် ဖြတ်သွားလို့ လန့်ပြီး ခြေထောက်ကို ရုပ်လိုက်တာ နှင့်ကို မတော်တဆ ထိသွားတာပဲ'ဟု စကားဟ၍ ပြောလိုက်၏။

ဦးဘထိန်ကတော့ ထိုအချက်ကို မသိပေရကား ကြမ်းပြင်တွင် အေးချမ်းစွာ လဲလျောင်းလျက် တစ်ကောင်နှင့်တစ်ကောင် လက်ပုတ်ခြေပုတ် ကစားနေကြသော ကြောင်ဖာကြီးနှစ်ကောင်ကို လှမ်းကြည့်ရင်း....



'ဟင်....အစ်မစိမ်း မျက်စိမှားတာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့ ထမင်းစားခန်းထဲကို တစ်ခါမှ ကြွက်မဝင်ဖူးပါဘူး၊ ဟိုမှာ စိန်နက်နဲ့ မြခြယ် ကြောင်နှစ်ကောင်လဲ ရှိနေသား'နဲ့ဟု ဝင်ပြောသည်။

ထိုအခါ စိတ်မရှည်တော့သော အဒေါ်စိမ်းက....

'အေး....ဟုတ်ဘယ်ဟေ့ ဌာနာအုပ်မင်းကြီးရဲ့၊ ငါမျက်စိမှားတယ်ပဲ ထားလိုက်ပါတော့၊ နောက်နောင် မျက်စိမမှားအောင် စလင်းမျက်မှန်ကလေးတစ်လက်လောက် လုပ်ပေးပါလို့ ငါပြောတာလဲ များလှပြီ၊ လုပ်ပေးမယ် လုပ်ပေးမယ်နဲ့ တစ်နေ့တစ်နေ့ ရက်တွေလဲ ရွှေ့ပေါင်းများလှပြီ မောင်ဘထိန်'ဟု ခပ်ဟောက်ဟောက် ပြောလေ၏။

ဦးဘထိန်လည်း အနည်းငယ် ခေါင်းပုသွားပြီး....

'ဟုတ်ကဲ့ပါ အစ်မစိမ်းရယ် လုပ်ပေးပါ့မယ်၊ ကျွန်တော်လဲ ကျွန်တော့်အလုပ်နဲ့ ကျွန်တော် မအားလွန်းလို့ပါ'

'မအား မအားနိုင်လွန်းတယ်ကွယ်'

နှုတ်ခမ်းစူသွားသော အဒေါ်စိမ်း မျက်နှာသေးလေးနှင့် ဖြစ်သွားသော ဦးဘထိန်တို့၏ မျက်နှာများကို ငြိမ်းစန္ဒီက တစ်လှည့်စီကြည့်ကာ ခစ်ခနဲ ခပ်အုပ်အုပ်ရယ်မောလိုက်လျှင် အဒေါ်စိမ်း၏ မျက်စောင်းက ငြိမ်းစန္ဒီထံသို့ ဒက်ခနဲ ကျရောက်သွားတော့၏။

'ကောင်မနော် တော်တော်ကဲ'

www.burmeseclassic.com

www.burmeseclassic.com

## သံကိုးမျိုး

'ဆင်သင်္ချိုင်းတွေမှာရှိတဲ့ ဆင်ရိုးတွေဟာ နှစ်ပရိစ္ဆေဒကြာတဲ့အခါ ဘာသာဘာဝအလျောက် သံသတ္တုအဖြစ် ပြောင်းလဲသွားတယ်၊ အဲဒီလို ဆင်ရိုးကဖြစ်တဲ့ သံကို ဟိုင်းသံလို့ ခေါ်တယ်'

(ဆရာဟိန်း)

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

စနေနေ့နံနက်သို့ ရောက်ခဲ့လေပြီ။

နံနက်ကိုးနာရီတိတိတွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရား၌ ဗဒနှင့် ဆလုဟိန်းတို့သည် ပြန်လည်တွေ့ဆုံရန် ချိန်းဆိုခဲ့ကြသည့်အတိုင်း ယခုအခါမဟာမြတ်မုနိဘုရားပေါ်တွင် ဆလုဟိန်းက ဘုရားဝတ်ပြု ပုတီးစိပ်နေခြင်းကို အနီး၌ ဗဒင်က ဘုရားဝတ်ပြုပြီး ထိုင်စောင့်နေလေသည်။

ဗဒင်သည် မဟာမြတ်မုနိဘုရားရှင်၏ ကြည်ညို သပ္ပာယ်ဖွယ်ရာသော မျက်နှာတော်ကို ငေးမော၍ ကြည်ညိုနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက္ခပူရတိုင်း၊ ညေဝတီပြည်၌ သီရိဓမ္မာစာမင်း ဝိမလာဒေဝီ မိဖုရားတို့၏သားတော် စန္ဒသူရိယမင်း နန်းစံတော်မူစဉ် ပဉ္စမဒေသမှ မြတ်စွာဘုရားကိုယ်တိုင် ဒေသစာရီ ကြွချီတော်မူ၍ ဤ မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကို ကိုယ်တော်စား သွန်းလုပ်တော်မူသည်ဟူ၍ ရာဇဝင်များတွင် ဆို၏။

ထို့အပြင် မဟာမြတ်မုနိဘုရားကြီး၏ အံ့ဖွယ် ဘုန်းဂုဏ်ကို အောက်ပါအတိုင်း ဗဒင် ကြားသိ မှတ်သားရဖူးလေသည်။

(၁) ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ လဝင်းစန္ဒာကဲ့သို့ ရောင်ဝါတောက်လင်း မျက်နှာတော်အဆင်းသည် မိစ္ဆာဒိဋ္ဌိလူမျိုးတို့၏ မျက်မှောက်တွင် မျက်နှာတော် ညိုမည်းတော်မူခြင်း၊ မိစ္ဆာဒိဋ္ဌိလူမျိုးတို့ ဖယ်ရှားသောအခါမှ မျက်နှာတော်တွင် မိုက်မှောင်ပယ်ရှင်း ရောင်ခြည်လင်းခြင်း။

(၂) ဘုရားကိုယ်တော်မြတ်ကြီး၏ အထက်တော်၌ ငှက်တို့သည် မည်သည့်အခါမျှ ဖြတ်၍ ကျော်လွှားပျံသန်းမှု မရှိခြင်း။

(၃) အလွန် ခြောက်ခြားစွာသော ရွှေသင်္ကန်းကို ကာလရှည်လျားစွာ ဆက်ကပ် လှူဒါန်းလာသော်လည်း ရုပ်ရှင်ပုံတော်၏ အသရေသည် တင့်တယ်မှုမပြယ်ခြင်း။

(၄) မဟာမြတ်မုနိဘုရားရှင်ထံ၌ သစ္စာခံ၍ အဓိဋ္ဌာန်ဝင်သူတို့ ပျက်ကွက်လျှင် လက်တွေ့ သစ္စာစုံခြင်း၊ မပျက်ကွက်လျှင် လက်တွေ့ ထမြောက် အောင်မြင်ခြင်း။



(၅) မဟာမြတ်မုနိဘုရားရှင်နှင့် သဏ္ဌာန်တူအောင် ထုလုပ်ဆောက်တည်၍မရဘဲ ကျောက်တောင်ကြီးပြိုသကဲ့သို့ အလိုလိုပြိုပျက်တတ်ခြင်း။

(၆) ရုပ်ရှင်တော်မြတ်အား ရေသပ္ပာယ် ဆက်ကပ်ပါလျှင် ဝဲယာ ရွှေမြောက် အနောက်မကျန် အရပ်လေးမျက်နှာရှိ ရေတို့သည် အလိုအလျောက် သွေ့ခြောက်ခြင်း။

(၇) ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြော် ကြည်ညိုလျှင် ကြည်ညို၍ မဝနိုင်အောင်ရှိခြင်း။

အထက်ပါအတိုင်း မဟာမြတ်မုနိပုံတော်ရွှေတွင်ထိုင်လျက် ဘုရားရှင်၏ ဘုန်းဂုဏ်များကို ဗဒင်သည် စဉ်းစားကြည်ညိုနေလေရာ သူ့နံဘေးမှ အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသောကြောင့် လှည့်ကြည့်မိသည်။

သာဓုကွယ် သာဓု....သာဓု၊ ရုပ်ရှင်တော်မြတ်ကြီးရဲ့ ဘုန်းတော်တွေကို ဆင်ခြင် ကြည်ညိုတဲ့ ကုသိုလ်ကြောင့် ရည်ရွယ် ကြံစည်ထားတဲ့လုပ်ငန်း တစ်ခုနက်အောင်မြင်ပါစေ

ပုဆိုးနီနီ၊ ပင်နီကြမ်း တိုက်ပုံရင်ဖွင့်ဝတ်လျက် ပခုံးတွင် လွတ်အိတ်အိုတစ်လုံးလွယ်ထားသော ခါးကိုင်းကိုင်း အဘိုးအိုက အထက်ပါအတိုင်း ပါးစပ်မှ ရွတ်ဆို ပြောကြားရင်း ဗဒင်နောက်မှ ဖြတ်သွားခြင်းဖြစ်သည်။

ဗဒင်က အံ့အားသင့်မိ၏။

ဗဒင်စိတ်ထဲမှအတွေးကို အဘိုးအိုက ဘယ်လိုသိသနည်း။ မိမိသည် လုပ်ငန်းတစ်ခုအတွက် ရည်ရွယ် ကြံစည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည့်ဟူ၍ အဘိုးအိုက ဘာကြောင့် တပ်အပ်သေချာ ပြောနိုင်ပါသနည်း။

တစ်ခါကစ်ရုံ၌ ဘဝတွင် ထိုကဲ့သို့ပင် မိမိတို့၏ဉာဏ်ရည်ဖြင့် တွေး၍မမီနိုင်သော အခြင်းအရာများကို ကြုံတွေ့ရတတ်လေသည်။

ဆရာဟိန်းကတော့ ပုတီးပတ်ပြည့်အောင် ဆက်၍စိပ်နေလေသည်။

အတန်ကြာမှ ဒေမျှပေးဝေပြီး ဆရာဟိန်း၏ ပုတီးစိပ်မှုကိစ္စပြီးသည်။

ဆရာဟိန်းက နံဒဘားတွင်ချထားသော တောင်ဝှေးကို ကိုင်သည်။

ဗဒင်က ဆရာဟိန်းကိုတွဲခေါ်ပြီး သင့်တော်သော တစ်နေရာသို့ လျှောက်လာကာ လူရှင်းရာတွင် နေရာယူပြီး ထိုင်လိုက်ကြ၏။

ဆရာဟိန်းက....

'မင်း ရန်ကုန်ကို ဘယ်နေ့ပြန်မလဲ'

'ဒီ တစ်ရက် နှစ်ရက်အတွင်းမှာ ကျွန်တော်ပြန်မယ် ဆရာဟိန်း'

'ကောင်းပြီ၊ မင်းကို ရှင်းပြစရာရှိတာတွေ ငါ ရှင်းပြလိုက်မယ်၊ ငါပြောပြီးတဲ့အခါ ရှင်းတာရှိရင်မေး၊ သိချင်တဲ့အကြောင်းအရာရှိရင် ထပ်မေး'

'ဟုတ်ကဲ့'



'မင်းကို ပထမဆုံး ရှင်းပြမှာက မင်း ကုန်းသချိုင်းမြေထဲက ကြေးစို့ကြီးတွေအကြောင်း၊ ဒီကြေးစို့ကြီးတွေကို ပထမ လမ်းစဉ်အတိုင်း ကျင့်ဆောင်ခဲ့တဲ့ ရှေးဆရာကြီးများက စီရင်ခဲ့တာပဲ၊ ဒီအစီအရင်ကို စီရင်အောင်မြင်တဲ့အခါ ဂမ္ဘီရ ကိစ္စတွေမှာ အသုံးလိုရင် အသုံးချနိုင်အောင် ဆရာတစ်ဆက်က တစ်ဆက်ကို လက်ဆင့်ကမ်းခဲ့ကြတယ်၊ ငါတို့ရဲ့ ပထမ လမ်းစဉ်ပညာကိုလဲ ဒီလိုပဲ လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြတယ်လေ'

'ကျွန်တော် အဲဒီ ကြေးစို့ကြီးတွေကို ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ခုထိ ကျွန်တော် မရှင်းဘူး'

'ကြေးစို့ကြီးတွေကို သဘာဝ မိုးကြိုးသွားနဲ့ ပြုလုပ်ထားတာကွယ့်၊ မိုးကြိုးသွားဆိုတာ ကောင်းကင်မှာ အပူအအေး ဆန့်ကျင့်ဘက် ဖြစ်မှုတွေကြောင့် ပေါက်ကွဲပြီး လျှပ်စစ်ဓာတ်တွေ ထွက်သာကာ မြေဆွဲအားမှီရာ ပြေးဆင်းလာရင်း အလွန်ပြင်းထန်တဲ့ ဓာတ်အားနဲ့ ထိတဲ့မြေကြီးထဲက ကြေးသတ္တုတွေဟာ အရည်ပျော် ပုဆိုန်သွားသဏ္ဌာန်ပြောင်းလဲရုံသာမက အဲဒီသတ္တုထဲမှာ အစွမ်းတစ်မျိုးလဲ ကိန်းအောင်း တည်ရှိသွားတယ်လေ'

'အတော်စိတ်ဝင်စားစရာ ကောင်းတာပဲ၊ ဒါဆိုရင် တစ်ဆင့်စကား တစ်ဆင့်နား ကြားခဲ့ရတဲ့ ယုံတမ်းလိုလို ဒဏ္ဍာရီပြောဆိုနေကြတဲ့ မိုးကြိုးသွားဆိုတာ တကယ် ရှိတာပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



'တကယ်ရှိတာပေါ့၊ အဲဒီမိုးကြိုးသွားက စွမ်းလဲစွမ်းတယ်လေ၊ စွမ်းပုံက မိုးကြိုးသွားအစစ်ကို ဆန်နဲ့ရောပြီး ကြက်ကြွေးရင် ကြက်က ဆန်ကို မစားဝံ့ဘူး၊ မိုးကြိုးသွားဖြစ်လာတဲ့ သတ္တုထဲကို အလွန်အင်အားပြင်းထန်တဲ့ လျှပ်စစ်ဓာတ်တွေ စီးဝင်ခဲ့ဖူးတဲ့အတွက် အဲဒီသတ္တုထဲမှာ လျှပ်စစ်ဓာတ်အားအချို့ ကိန်းအောင်းနေတယ်၊ အဲဒီအစွမ်းနဲ့ လူတွေမှာ ဖြစ်တတ်တဲ့ ပေါင်ရင်းသက်တံ့၊ အကြိတ်အဖုတွေကို မြန်မာဆရာတွေ ကုသကြတာပဲ၊ ဒါက ကြေးစို့ကြီးတွေရဲ့ မူလမိုးကြိုးသွားအကြောင်းပေါ့၊ ကြေးစို့ကြီးတွေကတော့ အဲဒီလိုအစွမ်းထက်တဲ့ မိုးကြိုးသွားကို ပထမပညာနဲ့ ထပ်မံစီရင်ပြုပြင်ထားတာကလည်း၊ အဲဒီညက ကောင်းကင်မှာ လင်းလက်လိုက်တဲ့ လျှပ်စစ်ဓာတ်တွေဟာ ကြေးစို့ကြီးတွေရဲ့ ဆွဲငင်မှုကြောင့် မောင်ဗဒင် ခန္ဓာကိုယ်ထဲကို အန္တရာယ်မရှိဘဲ ဖြတ်ဝင်သွားတယ်၊ ကြေးစို့ကြီးတွေရဲ့ အစွမ်းကြောင့် မောင်ဗဒင်ကိုယ်ထဲမှာ လျှပ်စစ်ဓာတ်အချို့ ကိန်းဝပ်တည်ရှိလာခဲ့တယ်၊ ငါးပတ်ချောင်း အနောက်ဘက်က တောအုပ်ထဲမှာ မြောက်သချိုင်းသံတွေ ယူတုန်းက မောင်ဗဒင်ကိုယ်ထဲမှာ ကိန်းဝပ်နေတဲ့လျှပ်စစ်ကိန်း စွမ်းအင်ကြောင့် မြွေတွေက မောင်ဗဒင်ကို အန္တရာယ်မပြုဝံ့ဘဲ ရှောင်ဖယ်ပေးကြတာပေါ့'

'ဆရာ....လူရဲ့ခန္ဓာကိုယ်ထဲမှာ လျှပ်စစ်ဓာတ်တွေ ကိန်းဝပ်နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား'



'ဖြစ်နိုင်တာ မဟုတ်ဘူး၊ ဖြစ်ကိုဖြစ်တာ၊ အနောက်တိုင်းသိပ္ပံပညာရှင်တွေက ငါတို့ရဲ့ လူ့ခန္ဓာကိုယ်ထဲမှာ အလွန့်သေးငယ်တဲ့ လျှပ်လှိုင်းတွေ အမြဲစီးဆင်းနေတယ်ဆိုတာ သိပ္ပံပစ္စည်းတွေနဲ့ လက်တွေ့သက်သေ ပြနိုင်ခဲ့ပြီးပြီလေ၊ သဘာဝအတိုင်း လျှပ်လှိုင်း အနည်းငယ် ကိန်းဝပ်နိုင်တဲ့ ခန္ဓာကိုယ်ထဲကို ကြေးစို့ကြီးတွေရဲ့ စွမ်းအင်နဲ့ နောက်ထပ် လျှပ်ပိုတွေ ထပ်တိုးပေးထားလိုက်တဲ့ သဘောပဲ'

'ဒါနဲ့ ဆရာက သချိုင်းသံမယူခင် မြေကြီးမှာ ကြေးနက်စုတ်အပ်ကြီးစိုက်ပြီး ကျွန်တော့်ကို ကိုင်ခိုင်းခဲ့တာက ဘာအတွက်လဲ ဆရာ'

'ကြေးနက်နဲ့ စီရင်ထားတဲ့စုတ်ကြီးကို မြေမှာစိုက်၊ မင်းလက်နဲ့ကိုင်လိုက်တော့ မြေကြီးထဲမှာရှိတဲ့ သဘာဝလျှပ်စစ်ဓာတ်အားအချို့ မင်းကိုယ်ထဲ စီးဝင်ပြီး မင်းအတွက် အစွမ်းသတ္တိတွေ ထွက်လာတာပေါ့၊ သဘောကတော့ မင်းကိုယ်ထဲမှာရှိတဲ့ လျှပ်စစ်ဓာတ်တွေကို လှုပ်နှိုးလိုက်တဲ့သဘောပဲ၊ လှုပ်နှိုးတာလို့ ဆိုပါတော့'

'အခုအထိ ကျွန်တော့်မှာ အစွမ်းတွေ ထွက်နေတုန်းပဲလား'

'မဟုတ်ဘူး၊ တစ်ရက်ကျော်တာနဲ့ လျှပ်စစ်ဓာတ်ဟာ မင်းကိုယ်ထဲမှာ ပြန်ငုပ်သွားတယ်၊ မင်းအတွက် အသုံးလိုရင် လှုပ်နှိုးဖို့ လိုမယ်'

'ဘယ်လို နှိုးရမှာလဲ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'အခုဆိုရင် မင်းအနေနဲ့ မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်လိုက်ပြီး မြေပြင်ပေါ်ကို လက်ဝါးနှစ်ဖက် ကပ်လိုက်တာနဲ့ လှုပ်နိုးပြီးသား ဖြစ်မယ်၊ အစွမ်းသတ္တိတွေ ပေါ်လာမယ်'

'ကျွန်တော့်အတွက် ဘယ်လိုအသုံးဝင်မှာလဲ ဆရာ'

'အဆိပ်နဲ့ အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါတွေ၊ အစွယ်နဲ့ အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါတွေ၊ ခွန်အားနဲ့ အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါတွေဟာ မောင်ရင်ကို လုံးဝအန္တရာယ် မပြုနိုင်ဘူးလေ'

'ဩော်....ဒီလိုကိုး၊ အခုလို ကျွန်တော့်ကို စီရင်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောပါရစေ'

'ရပါတယ်ကွယ်၊ အကြောင်းအကျိုး တိုက်ဆိုင်လာလို့ ဆောင်ရွက်ပေးရတာပါ'

'ဒါထက် ဆရာ၊ ဆရာ့ကိုစတွေ့တဲ့ညက ညအမှောင်ကြီးထဲမှာ ထူးထူးဆန်းဆန်း မီးမှုန့်အိမ်ကြီးထွန်းပြီး လျှောက်လာတာ အကြောင်းထူးရှိပုံရတယ်'

'အဲဒီညက ရွှေဂူကြီးဘုရားကို ဆရာလာခဲ့တဲ့ အကြောင်းရင်းက အဓိဋ္ဌာန်ပုတီးစိပ်ဖို့ကွယ့်၊ အဲဒီလို ကောင်းမှုအဓိဋ္ဌာန်တွေ ပြုလုပ်တဲ့အခါ အနာဂတ် ညပိုင်းတွေကို သတိထားရတယ်၊ ကောင်းတာလုပ်ရင် အဆိုးသမားတွေက ဝန်တိုမနာလိုစိတ်နဲ့ ဖျက်ဆီးတတ်တာ လောကဓမ္မတာမဟုတ်လား၊ အဲဒါကြောင့် မှုန်အိမ်ထွန်းပြီး အလင်းရောင်ကို ငါဆောင်လာခဲ့တာပဲ၊ နာနာဘာဝ ဝိနာဘာဝ စတဲ့ တမလွန်လောကသားတွေဟာ အလင်းရောင်ကို စိုးရွံ့ထိတ်လန့်ကြတယ်လေ၊ ပြီးတော့လဲ လေအလွန်တိုက်နေတဲ့အချိန် မဟုတ်လား၊ လေလုံတဲ့ မီးမှုန်အိမ်နဲ့မို့ ဘုရားရှင်ကို မီးပူဇော်နိုင်ခဲ့တာပေါ့'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

( ၁၆ )

'မြောက်သင်္ချိုင်းသံလို့ခေါ်တဲ့ အစွမ်းရှိတဲ့ အိုဒီသံတွေ ဟာ ကျင်းချိုင့်ထဲမှာစုပြီး ဒီလောက်များများ ဘယ်လိုဖြစ် ထွန်းလာခဲ့တာလဲ ဆရာ'

'ဒီလိုကွယ့် ဒီကိစ္စက အတော်စိတ်ဝင်စားစရာကောင်းပါ တယ်၊ မင်းအနေနဲ့ ဟန်လှင်းကြီး မြို့ပျက်ခဲ့ပုံကို ရှေးရာဇဝင် အကြောင်း သိသလား'

'ဟုတ်ကဲ့....သိပါတယ်၊ ပျူစောထီးမင်းက သူ့ သီဟော် ပြုံးမင်းကို မတရားကွပ်မျက်လိုက်တဲ့အတွက် အဲဒီမြို့ပေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြာပူမိုးကြီး ရွာချမိးလောင်ပြီး ထီးသုဉ်းနန်းသုဉ်းဖြစ်ခဲ့တာပါ'

'ကောင်းကင်က သဘာဝအလျောက်ကျလာတဲ့ ပြာပူမိုး ဆိုတာ သံမှုန့်သံမွှားတွေ ရဲရဲဘောက် အပူစွမ်းအင်တွေနဲ့ ကျလာတာကွယ့်၊ လူ့ခန္ဓာကိုယ်ကိုထိရင် ငယ်ထိပ်ကနေ စအိုအထိ ဖောက်ထွက်နိုင်စွမ်းရှိတယ်၊ အဲဒီလို သံပူမိုးရွာ လူတွေသေပြီး မြို့လုံးကျွတ် သင်္ချိုင်းမြေကြီး ဖြစ်သွားခဲ့တယ်၊ အဲဒီ သင်္ချိုင်းမြေပေါ်က သင်္ချိုင်းသံတွေကို ရေက တိုက်စားသယ်ဆောင်သွားတဲ့အခါ အခု တို့တွေ့ခဲ့ရတဲ့ ချောက်ထဲကို နှစ်ပရိစ္ဆေဒ ကြာပြီးတဲ့နောက် ရောက်ရှိသွားတော့တာပဲ'

'ဩော်....မြောက်သင်္ချိုင်းသံ ဆိုတာ ကောင်းကင်က ကျလာတဲ့ သံကို ဆိုလိုတာပေါ့နော်'

'ဝါ မြေကမ္ဘာပေါ်မှာ သံအမျိုးမျိုးရှိတယ်၊ ကောင်းကင်က ကျလာတဲ့ သံမျိုးကိုတော့ မြောက်သံလို့ ခေါ်တယ်၊ ခေတ်ပညာနဲ့ ကမ္ဘာကို အရပ်စွဲတဲ့အခါ ကောင်းကင်ကို မြောက်အရပ်လို့ ခေါ်တာကိုး၊ အေး....မြောက်သံ ရိုးရိုးကို ကိုးသင်္ချိုင်းသံခေားလုပ်ဖို့ အသုံးမဝင်ဘူး၊ ဟန်လင်းကြီးမြို့ဟောင်းသံကတော့ ကောင်းကင်ကကျလာတဲ့ မြောက်သံလဲ ဖြစ်တယ်၊ သင်္ချိုင်းကလဲဖြစ်တယ်၊ ဒါကြောင့် မြောက်သင်္ချိုင်းသံလို့ခေါ်တာပေါ့၊ အဲဒါမျိုးမှ အသုံးဝင်တယ်'

'ဟုတ်ကဲ့....ကျွန်တော် သဘောပေါက်ပါပြီ၊ ဒါကြောင့် မြောက်သင်္ချိုင်းသံဟာ အရှားပါးဆုံးပဲလို့ ပထမဆရာသိန်းကြီးက ပြောတာကိုး'



'မင်းက ကိုးသင်္ချိုင်းသံခေားလုပ်ဖို့ နောက်ထပ်သံရှစ်မျိုး ရှာရဦးမှာပေါ့'

'မဟုတ်ဘူးဆရာ၊ ကျွန်တော့်အတွက် ဗိမြောက်သင်္ချိုင်းသံမျိုးရရုံပဲ ကိုးသင်္ချိုင်းခေားလဲ ရပါပြီ'

'ဘာကြောင့်လဲကွယ့်၊ ကိုးသင်္ချိုင်းသံခေားဟာ သံ တစ်မျိုးတည်းနဲ့မှ လုပ်လို့မရဘဲ'

'မှန်ပါတယ် ဆရာ၊ ကျွန်တော်က ကိုးသင်္ချိုင်းသံခေား အသစ်စီရင်မှာ မဟုတ်ပါဘူး၊ အင်္ဂလိပ်မျက်နှာဖြူတွေ လက်ထဲကို ကိုးသင်္ချိုင်းသံခေားကို ရအောင်ပြန်ယူပြီး မြောက်သင်္ချိုင်းသံနဲ့ စီရင်မှာပါ'

'ဘယ်လိုကွယ့်....ငါတော့ နားမရှင်းလှဘူး'

'ဒီလိုပါ ဆရာ၊ ကျွန်တော် ရှင်းပြပါမယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့မျက်နှာဖြူတွေက မတရားသိမ်းပိုက်ပြီး ကျွန်ပြုစိုးမိုးတာကို မကျေနပ်တဲ့ အမျိုးသားခေါင်းဆောင်တွေက မျက်နှာဖြူ အင်္ဂလိပ်ကို နည်းအမျိုးမျိုးနဲ့ တော်လှန်ခဲ့ကြတာကို ဆရာသိပြီးဖြစ်ပါလိမ့်မယ်'

'အေး....သိတယ်လေ'

'အဲဒီ အမျိုးသား ခေါင်းဆောင်တွေထဲက တစ်ယောက်ဖြစ်တဲ့ ဝန်းသိုဒေဝ်ဘွားကြီးကို ဂန္ဓာရီပညာရှင် တစ်ဦးက ကိုးသင်္ချိုင်းသံခေား တစ်လက်ကို ခက်ခက်ခဲခဲ ပြုလုပ်စီရင်ပြီး ပေးအပ်ခဲ့တယ်'

'ဩော်....ကောင်းပါလေ့ကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်အားချင်း အင်မတန်မမျှအောင် အင်္ဂလိပ်မျက်နှာဖြူ စစ်သားတွေ ဝိုင်းတိုက်ခံရတဲ့ တိုက်ပွဲတစ်ခုမှာ ဝန်သို စော်ဘွားကြီးဟာ သူ့ရဲဘော်တွေလဲကျဆုံး၊ သူ့ကိုယ်ပေါ်က ကိုးသင်္ချိုင်းသံမားလဲ ဆုံးရှုံးပြီး အင်္ဂလိပ်တွေလက်ထဲ ရောက်သွားခဲ့တယ်၊ အင်္ဂလိပ်တွေက ကိုးသင်္ချိုင်းသံမားရဲ့ အစွမ်းကို တစ်စွန်းတစ်စ ကြားသိခဲ့ဖူးလေတော့ ဒီမား သူတို့လက်ထဲ ရောက်သွားတဲ့အခါမှာ မျက်နှာဖြူ စစ်ဗိုလ်ကြီး ဆာဖရက်ဖိုဒ်က လူကြီးတွေကို ဖိတ်ကြားပြီး ကိုးသင်္ချိုင်းသံမားရဲ့အစွမ်းကို ပြသဖို့ ညစ်ခံပွဲလေးတစ်ခု လုပ်တယ်၊ အဲဒီ ညစ်ခံပွဲကိုအနောက်တိုင်းဝတ်စုံအပြည့်ဝတ်ဆင်ထားတဲ့ပထမ ဆရာသိန်းဟာ အင်္ဂလိပ်မျက်နှာဖြူ စစ်ဗိုလ်ဟန်ဆောင် ရုပ်ဖျက်ပြီး ဝင်သွားခဲ့တယ်၊ ညစ်ခံပွဲမှာ ကိုးသင်္ချိုင်းသံမားရဲ့ စွမ်းရည်ကို မပြသခင် ညစ်ခံပွဲတက်ရောက်လာတဲ့ လူအားလုံး မြန်မာ့ဓားဆန်း တစ်လက်ဖြစ်တဲ့ ကိုးသင်္ချိုင်းသံမားကို တစ်ဦးစီ ကိုင်တွယ်ကြည့်ရှုခွင့်ရတယ်၊ အဲဒီအခါမှာ အင်္ဂလိပ်မျက်နှာဖြူစစ်ဗိုလ်ပုံ ဟန်ဆောင်ရုပ်ဖျက်ထားတဲ့ ပထမ ဆရာသိန်းက သူ့လျှို့ဝှက်ယူဆောင်လာတဲ့ ပြဒါးပြာ တစ်မျိုးကို ဓားပေါ်မှာ သုတ်လိမ်းလိုက်တယ်၊ အဲဒီ ပြဒါးပြာက ကိုးသင်္ချိုင်းသံမားထဲမှာ ပါဝင်ပေါင်းစပ်နေတဲ့ မြောက်သင်္ချိုင်းသံကို စွမ်းအင်တွေ ဖျက်စီးနိုင်တဲ့စွမ်းအား ရှိတယ်လေ'

'ဟင်....ဒါဆိုရင် ကိုးသင်္ချိုင်းသံမားရဲ့ အစွမ်းတွေဖြစ်တဲ့ မည်သည့်သံကိုမဆို ပိုင်းဖြတ်နိုင်ခြင်း၊ ထာဝယ်သိဒ္ဓိ ပြီးသူများကို ခုတ်ပိုင်းဖြတ်တောက်စေနိုင်ခြင်း၊ ဓားအိမ်ထဲက ဓားကိုမထုတ်ဘဲ ဓားအိမ်နှင့် ခုတ်ရုံမျှဖြင့် လူကို ဒဏ်ရာရသေစေနိုင်ခြင်း၊ ရာသီဥတုအလိုက် အပြာရောင်၊ အနက်ရောင်၊ အနီရောင်များသို့ ပြောင်းလဲစေနိုင်ခြင်း၊ ပြင်းထန်သော တိုက်ပွဲများတွင် ဓားသွားမှာ အရောင်လက်းလက်ခြင်းစတဲ့ အစွမ်းတွေ ပျက်ပြယ်သွားတာပေါ့'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

( ၁၇ )

'ဟုတ်ပါတယ် .... အစွမ်းတွေ ပျက်ပြယ်သွားတဲ့အတွက်ကြောင့်ပဲ ကိုးသချိုင်းသံစားကို မျက်နှာဖြူတွေက အထင်မကြီးတော့ဘဲ သူတို့ အင်္ဂလန်နိုင်ငံယူသွားမယ့်အစီအစဉ် ပျက်ခဲ့တာပေါ့'

'ပထမ' ဆရာသိန်းရဲ့ ရည်ရွယ်ချက်က မြန်မာ့စားဆန်းကို နိုင်ငံခြားတိုင်းပြည် မရောက်စေချင်တဲ့ သဘောပဲလေ'

'အခု မြမောင်ဗဒင် ဆောင်ရွက်မယ့်ကိစ္စကို ဆက်ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က အင်္ဂလိပ်မျက်နှာဖြူတွေ လက်ထဲက ကိုးသချိုင်း သံခေါးကို ရအောင်ယူမယ်၊ အခုခေါးက ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတာ ဝါသနာပါတဲ့ ကာကွယ်ရေးဌာနအတွင်းဝန် မစ္စတာ ဂရေ့ဗလီဆီမှာ ရောက်နေတယ်၊ သူ့ဆီက ခေါးကို ရအောင်ယူနိုင်ပြီးတဲ့အခါမှာ အစွမ်းပြယ်နေတဲ့ ကိုးသချိုင်းသံခေါးကို ပြန်အရည်ကြို့ပြီး ကျွန်တော် အခုရထားတဲ့ မြောက်သချိုင်းသံနဲ့ ပေါင်းစပ်စီရင်လိုက်ရင် အစွမ်းထက်တဲ့ ကိုးသချိုင်းသံခေါးရမယ်လို့ ဆရာသိန်းက ပြောခဲ့တယ်'

'ပထမ ဆရာသိန်းက ဖြစ်မယ်ဆိုရင် အဲဒီကိစ္စဟာ ကောင်းဖြစ်မယ့် ကိစ္စပဲ'

'ကျွန်တော်ကလဲ ယုံကြည်ပါတယ်၊ ကျွန်တော့် တာဝန်အရ အစွမ်းထက်တဲ့ ကိုးသချိုင်းသံခေါးကို စီရင်ရရှိပြီးတဲ့ အခါမှာ ကျွန်တော်ကိုယ်တိုင် ဝန်သိုဇော်ဘွားကြီး ဦးအောင်မြတ်ရဲ့ လက်ဝဲဗိုလ် စောခမ်းမောက်လက်ထဲကို အဲဒီခေါး အပ်နှံရမှာဖြစ်ပါတယ်၊ အလွန်အရေးကြီးတဲ့ အမျိုးသားရေး ကိစ္စတစ်ခုအတွက် ကိုးသချိုင်းသံခေါးတည်းချောင်း မရှိမဖြစ် လိုအပ်နေတယ်လို့ ဆိုပါတယ်'

'အင်း....မောင်ရင့် ပါဝင်ထမ်းဆောင်ခွင့်ရတဲ့ ကိစ္စဟာ တို့မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိမယ့် ကိစ္စပဲ၊ မောင်ရင့် အနေနဲ့ အစိုးရမင်းများရဲ့ရန်ကို ကြောက်ရတာကြောင့် ပိ



ကိစ္စကို အထူးသတိထား လျှို့ဝှက်ဆောင်ရွက်ပါလို့ သတိပေးချင်တယ်'

'စိတ်ချပါ ဆရာဟိန်း'

'ကြုံတုန်းကြုံခိုက် တစ်လက်စတည်း ကိုးသချိုင်းသံမျိုးတွေအကြောင်းကို မောင်ဗဒင် ဗဟုသုတဖြစ်ဖို့ ပြောလိုက်ဦးမယ်'

'ကျေးဇူးပါပဲ ဆရာဟိန်းရယ်၊ ဗဟုသုတဆိုတာ အလိုရှိရာ ရှိလို့ တမင်ရှာဖွေရရင် အလွန်ပင်ပန်းပြီး အချိန်ကုန် ငွေကုန် ဖြစ်တတ်တယ်၊ အခုလို အခွင့်သင့်တုန်း ဆည်းပူးထားလိုက်ရင်တော့ အချိန်ကုန် ငွေကုန်နဲ့ လူပင်ပန်း သက်သာလှပါတယ်'

'သချိုင်းအကြောင်း အရင် ပြောပြမယ်၊ သချိုင်းဆိုရင် ဝါတို့တစ်တွေက လူသားတွေရဲ့ သချိုင်းကိုပဲ သိတာကိုး၊ တကယ်က လူသားသချိုင်းအပြင်အခြားသချိုင်းတွေလဲ ရှိသေးသကွယ့်၊ ဆင်သချိုင်း၊ လူဝံသချိုင်း ဆိုတာမျိုးပေါ့၊ ဆင်တို့ လူဝံတို့ဆိုတဲ့ သတ္တဝါတွေဟာ သူတို့ သေကာနီးရင် အလွန်နက်ရှိုင်းတဲ့ တောနက်ကြီးထဲမှာရှိတဲ့ သူတို့ သဘာဝ သချိုင်းမြေကို ရောက်အောင်သွားကြတယ်။

'အဲဒီသချိုင်းမှာပဲ သေကြတယ်၊ အဲဒီ ဆင်သချိုင်း၊ လူဝံသချိုင်းတွေမှာ ပရိဿဒကြာတဲ့အခါကျတော့ ဆင်ရိုး၊ လူဝံရိုးတွေဟာ သယံဇာတအလျောက် သံသတ္တုအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားတယ်၊ အဲဒီ ဆင်သချိုင်းသံ၊ လူဝသချိုင်းသံတွေဟာ ကိုးသချိုင်းသံမျိုးထဲမှာပါတယ်၊ဆင်သချိုင်းသံကို ဟိုင်းသံလို့ခေါ်ပြီး လူဝသချိုင်းသံကို ဝသံလို့ခေါ်တာပေါ့'

ဆရာဟိန်းက ပြောလက်စ စကားကို ခေတ္တရပ်ပြီး တစ်စုံတစ်ရာကို နားစွင့်ထောင်သည်။

* * *

ထို့နောက် ဆက်လက်၍....

'ပင်လယ်ဆိုတာကတော့ရေသတ္တဝါတွေရဲ့သချိုင်းပေါ့၊ ဒါကြောင့် ပင်လယ်သံဟာလဲ သံကိုးမျိုးထဲမှာပါတယ်၊ ရွှေဝံသံ၊ နာဂသံ၊ တော်ဝင်သံဆိုတာတွေကလဲ သချိုင်းအမျိုးမျိုးရဲ့ သံတွေပဲ၊ ထူးဆန်းတာက သချိုင်းအားလုံးမှာ သတ္တ



ဝါဆိုးတွေ စောင့်တတ်ကြတယ်ကွယ့်၊ ဥပမာ လူသချိုင်းမှာ လင်းတငှက်စောင့်သလို ဆင်သချိုင်းမှာ ပင့်ကူကြီးတွေ စောင့်တယ်၊ လူဝသချိုင်းမှာ အသားစားပိုးတုန်းတွေစောင့်တယ်၊ ပင်လယ်သချိုင်းမှာ ရေဘဝဲစောင့်တယ်ကွယ့်'

ထိုအချိန်တွင် ဆရာဟိန်းအနီးသို့ လူရွယ်တစ်ဦး ချဉ်းကပ်လာသည်။

ဆရာဟိန်းက မျက်လုံးမမြင်သော်လည်း နားအကြားအာရုံ ကောင်းလှပေရကား ထိုလူရွယ်ဘက်သို့ ခေါင်းကို စောင်းငဲ့ကြည့်ကာ....

'မောင်ကြွက်လားဟေ့'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီး နံနက်စာသုံးဆောင်ဖို့ အချိန်ရောက်ပြီဖြစ်လို့ လာခေါ်တာပါ၊ဘုရားရှေ့မှာ ကားအသင့်ရောက်နေပါပြီ'

'အိမ်း....ခဏနေဦး၊ ဒီမှာ စကားပြတ်အောင် ပြောလိုက်ဦးမယ်'

'ဟုတ်ကဲ့'

'အဲဒီတော့ကွယ် တိုတိုပြောရရင် မင်းတွေ့ခဲ့တဲ့ မျောက်သချိုင်းသံကို မြွေတွေစောင့်နေတာ မင်းမျက်မြင်ပဲ၊ အဲ.... မြသံရှိတဲ့ တောင်ပို့ဟာလဲ သချိုင်းတစ်မျိုးပဲ၊ကျွတ်တွေသော

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြေပုံပေါ့၊ သံတစ်မျိုးရှိတယ် ခြတွေစောင့်တာယ်၊ ကိုင်း ဆရာပြောခဲ့တဲ့ သင်္ချိုင်းက (၁) မြောက်သင်္ချိုင်းသံ ခေါ်တဲ့ ကောင်းကင်သံ၊ (၂) ပင်လယ်သံ၊ (၃) ဆင်ရိုးက ဖြစ်တဲ့ ဟိုင်းသံ၊ (၄) လူ့ဝိရိုးက ဖြစ်တဲ့ဝသံ၊ (၅) နှာဝင်သံ၊ (၆) ရွှေဝင်သံ၊ (၇) တော်ဝင်သံ၊ (၈) ခြသံတွေပဲ၊ နောက်ဆုံးနံပါတ်(၉)သံကတော့ သစ်ပင်တွေသေရင် ဖြစ်ပေါ်လာတဲ့ ရေသယံသံပဲကွယ့်'

'ဟုတ်ကဲ့၊ အခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ် ဆရာဟိန်းခင်ဗျာ၊ ဒီမှာ ဆရာ့ကိုထမင်းစားဖို့ လာစောင့်ခေါ်နေတဲ့သူကို အားနာတာမို့ ဆရာပြန်လိုက ပြန်ပါလို့ ပန်ကြားအပ်ပါတယ်'

'ဩော်....အားမနာရပါဘူးကွယ်၊ မောင်ကြွက်က ဆရာ့တပည့်တစ်ဦးပါ'

'နာမည်က ကိုကြွက်တဲ့လား'

'မဟုတ်ဘူးကွယ့်၊ သူ့နာမည်ရင်းက ပြည့်သိမ်းတဲ့၊ နာမည်က စီးလွန်းတယ်ကွယ့်၊ ဒါကြောင့် ကြာသပတေးသားဖြစ်တဲ့ ပြည့်သိမ်းကို ဆရာက မောင်ကြွက်လို့ခေါ်တာ၊ ဩော်....ဒါနဲ့ မောင်ဗဒင်ကို တစ်ခုသတိပေးရဦးမယ်ကွယ့်၊ မင်း ရန်ကုန်ပြန်ရင် လမ်းခရီးမှာ သတိထားပါ၊ ဆရာ့အာရုံထဲမှာ အန္တရာယ်မြင်တယ်'

'ဟုတ်ကဲ့၊ ကျွန်တော် ကြပ်ကြပ် သတိထားပါ့မယ် ခင်ဗျာ'



ကိုကြွက်ကတွဲ၍ ဆရာဟိန်း ဘုရားပေါ်မှ ထွက်ခွာသွားလေသောအခါ ဗဒင်လည်း ဘုရားဝတ်ဖြည့် ဦးချပြီး ဘုရားပေါ်မှ ထွက်ခွာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

Don't Care ဦးဘထိန်

'ကျုပ်က ဘာမှုရမှာလဲ၊ သူတို့က နယ်ခြားမြေဝေးက အင်္ဂလိပ်တွေ ကျုပ်တို့ချင်းက မြန်မာအမျိုးသားချင်းပဲ၊ အရေးအရာ ကိစ္စတွေမှာ ကျုပ်တို့ချင်း လက်တွဲရမယ်၊ ကူညီရမယ်၊ သင်းတို့တစ်တွေက ဒါကို မကျေနပ်လို့ မျက်စောင်းထိုးရင် ထိုးပေါ့၊ ကျုပ်က မမှုပေါင်....'

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

'ကိုသင်းအောင် ကျွန်တော်တို့ မနက်ဖြန်ပြန်ကြမယ်၊ လိုအပ်တာလေးတွေ စီစဉ်ဗျာ'

'မြန်လှချည်လား ကိုဗဒင်ရယ်၊ တစ်ရက်နှစ်ရက်များ ဆက်ပြီး နေပါဦးတော့လား'

'ကိုသင်းအောင်....ခင်ဗျားစိတ်တွေ ဘယ်မှာ ငြိနေတယ်ဆိုတာ ကျွန်တော် သိတယ်၊ ငြိမ်းစန္ဒီရဲ့ သူငယ်ချင်း မေ့သဉ္ဇာရဲ့ အိမ်ရှေ့ပန်းခြံထဲက ဒန်းပေါ်မှာ စကားတွတ်ထိုးနေတာ အတော်သက်သာပုံရတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်၏ပြောကြားချက်ကြောင့် ကိုသင်းအောင် မျက်နှာပျက်သွားသည်။

'အင်းလေ…. ယောကျ်ားသားဆိုတာမျိုးဟာ တစ်ရွာတစ်ကျိဆောက်တတ်တာကို ကျွန်တော် အပြစ်မပြောလိုပါဘူး၊ ကိုသော်လဲ ယောကျ်ားဆိုတာ လုပ်ငန်းကို ဦးစားပေးရတယ်၊နှလုံးသား ဂက် ဦးနှောက်ကို ရှေ့တန်းတင်ရမယ် မဟုတ်လား'

ကိုသင်းအောင်က လက်ကာပြပြီး….

'ကောင်းပါပြီ ဗဒင်….ကောင်းပါပြီ၊ မနက်ဖြန်မနက်ခြောက်နာရီမှာ ခရီးသွားဖို့ အားလုံးအဆင်သင့် ဖြစ်စေရမယ်'

ဗဒင်က မျက်စိမျက်နှာအပျက်ကြီးပျက်နေသော ကိုသင်းအောင်ကို စိတ်အကျဉ်းအကျပ်မှ လွတ်မြောက်စေရန် စကားလမ်းကြောင်းလွှဲ၍ ပြောလိုက်သည်။

'ကိုသင်းအောင် မှတ်မိသေးလား၊ ရန်ကုန်မှာတုန်းက ကျွန်တော့်အိမ်ကို ဖောက်ထွင်း ဝင်ရောက်ဖို့ ကြိုးစားတုန်း ဖမ်းမိခဲ့တဲ့ညလူ သာဒင်ကိုလေ'

'အင်း….မှတ်မိတယ်၊မင်းက ပုလိပ်ဌာနာမပို့ဘဲ ဆုံးမပြီးပြန်လွှတ်လိုက်လို့ ငါတောင် ဒေါပွသွားသေးတယ်လေ'



'ဟုတ်ကဲ့ယ်….ကျွန်တော် ပြန်လွှတ်လိုက်တာကသူပြောတဲ့စကားကို ယုံကြည်လို့ဗျ၊ သူပြောတာက ကျွန်တော့်အိမ်ကို ဖောက်ထွင်းဝင်ရောက်တာ ပစ္စည်းခိုးဖို့ မဟုတ်ပါဘူး၊ ကျွန်တော့်စာကြည့်ခန်းက ပေးစာပြန်စာတွေကို ဖတ်ကြည့်ပြီး ဘိန်းမင်းသား ဦးပါမောက်ကို ပြန်ပြောပြရုံပဲလို့ ဆိုတယ်လေ'

'မင်းမို့ကွာ….သူခိုးပြောတဲ့စကား ယုံရတယ်လို့'

'ကျွန်တော် စုံစမ်းကြည့်တော့ သူပြောတဲ့စကားတွေက အမှန်ပဲဖြစ်နေတယ် ကိုသင်းအောင်ရဲ့၊ ဘိန်းမင်းသားလို့ အမှောင်သားတွေ ခေါ်ကြတဲ့ ရာဇဝတ်ကောင် ဦးပါမောက်ကညလူသာဒင်ကို အခပေးပြီး ခိုင်းလိုက်တာ'

'မင်းရဲ့ စာကြည့်ခန်းထဲမှာ သူနဲ့ပတ်သက်တဲ့ စာများရောက်နေလို့လား'

'သူနဲ့ ပတ်သက်တဲ့စာ ဘာစာရှိမရှိပါဘူးဗျာ'

'ဒီလိုဆို ဘာကြောင့် ဒီကောင်က သာဒင်ကို လွှတ်လိုက်ရတာလဲ'

'မဟုတ်မှလွဲရော၊ ကျွန်တော့်စိတ်ထင် မျက်နှာဖြူ အုပ်ချုပ်ရေးပိုင်းက အင်္ဂလိပ်အရာရှိကြီးတစ်ဦးက စုံစမ်းခိုင်းတယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ့ကြောင့်လဲကွ'

'အဲဒီရက်တွေ မတိုင်ခင်က ကျွန်တော့်အိမ်ကို ထူးဆန်းတဲ့ စာတစ်စောင် ရောက်ခဲ့တယ်လေ၊ စာက မြန်မာတစ်မျိုးသားလုံး ကျွန်ဘဝ လွတ်မြောက်ရေးအတွက် ဆောင်ရွက်နေတဲ့ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ရဲ့ ညာလက်ရုံးလက်ဝဲဗိုလ်စောခမ်းမောက်က သူနဲ့ လျှို့ဝှက်တွေ့ဆုံအောင် ချိန်းတဲ့စာပဲ'

'ဘာကိစ္စများလဲကွ'

'ဗြိတိသျှတွေလက်ထဲရောက်နေတဲ့ တို့မြန်မာလူမျိုးတွေရဲ့ ကိုးသချိုင်းသံခေါးကို ပြန်လည် ရယူရေးအတွက်ပဲ'

'ဪ....အခု မင်း ဒီကိုရောက်လာတာ အဲဒီကိစ္စပေါ့'

'အဲဒီကိစ္စလို့ တိုက်ရိုက်ပြောလို့ မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ စောခမ်းမောက်ရဲ့ ဆက်သွယ်ပေးမှုကြောင့် ထူးဆန်းတဲ့ လူပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရတယ်၊ ပထမ ဆရာသိန်းတဲ့၊ အဲဒီဆရာသိန်းရဲ့ ညွှန်ကြားချက်အရ ကိုးသချိုင်း၊ သံခေါးပြန်ရခဲ့ရင် ဓားရဲ့ ဣဒ္ဓိ အစွမ်းတွေ ပြန်လည် ထက်မြက်လာအောင် စီရင်ဖို့လိုအပ်တဲ့ မြောက်သချိုင်းသံဆိုတာကို လာခယူတာပါ'



'မင်းကလဲ ကိစ္စဝိစ္စတွေကို ဘယ်တော့မှ ကြို့ကြို့ တင်တင် ပြောပြလေ့မရှိတာ ခက်တယ်၊ အခုကိစ္စက ပေါ့ပေါ့မှ မဟုတ်ဘဲ၊ တို့မြန်မာတစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ကိစ္စပဲ'

'ဒါကြောင့် ကိုသင်းအောင်ရဲ့ နှလုံးသားရေးရာ ကိစ္စတွေ ခေတ္တခဏ ထားပါဦးလို့ ပြောတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

( ၁၉ )

'ငါ့သခင်တာပေါက်ပါပြီကွာ၊ အင်း....ဒါဆိုရင် ဟိုတစ်နေ့က ဒီမြို့မှာ ဘိန်းမှုနဲ့ ဖမ်းခံလိုက်ရတဲ့ ဦးပါမောက်ဟာ မင်းနောက်ကို နောက်ယောင်ခံ လိုက်လာရင်းနဲ့ ခရီးသွားဟန်လွှဲ ဘိန်းချတာ၊ မင်းကြောင့် အမှုမှန်ပေါ်ပြီး အကျိုးနည်းသွားတာ မဖြစ်နိုင်ဘူးလား'

'ကိုသင်းအောင်လဲ စဉ်းစား တွေးခေါ်မှုတွေ အတော်ပဲ တိုးတက်လာပြီဗျို့၊ မှန်တယ်ဗျာ၊ ရန်ကုန်မှာတုန်းက သူ့အကြောင်းကို ခရေစေ့တွင်းကျ လေ့လာခဲ့တယ်လေ၊ ဒီလူဟာ ဉာဏ်ဆေးလွန်ထက်တဲ့ လူဆိုးတစ်ယောက်၊ အင်္ဂလိပ်

www.burmeseclassic.com

www.burmeseclassic.com



အရာရှိတွေနဲ့လဲ အဆက်အသွယ်ရှိတယ်၊ ဒုစရိုက်ဒလာကက အရေးကြီးတဲ့သတင်းတွေကို ဗြိတိသျှအုပ်ချုပ်ရေးပိုင်းအရာရှိတွေက လိုချင်ရင် ဦးပါမောက်က စုံစမ်း ရှာဖွေပေးတယ်လေ၊ ဒါကြောင့်လဲ ဗြိတိသျှအရာရှိတွေက ဒီလူ့ကို တော်ရုံတန်ရုံ ရာဇဝတ်မှုတွေ ကျူးလွန်တာကို မမြင်ဟန်ပြုပြီး လွှတ်ပေးထားတယ်၊ လူကတော့ ရန်ကုန်မြို့မှာ အသက်အာမခံ ကိုယ်စားလှယ်ဆိုတဲ့ မျက်နှာဖုံးကိုစွပ်ထားပြီး လူကြီး လူကောင်းလို ဟန်တစ်ခွဲသားနဲ့ နေတာဗျ’

‘အင်း....လည်လွန်းတဲ့ဘီး ချေးသင့်ဆိုတာလို အခုတော့ ဗဒင်နဲ့တွေ့ပြီး အချုပ်ခန်းမှာ စံမြန်းနေရပြီ မဟုတ်လား၊ ဒီကောင် ထောင်ကျမှာ သေချာတယ်’

ဟု ကိုသင်းအောင်က အားရပါးရ မှတ်ချက်ချလိုက်သည်။

‘မထင်ဟာတွေ ဖြစ်ကုန်ပြီ ကိုဗဒင်ရေ၊ ဦးပါမောက်ကို ကျုပ်ကိုယ်တိုင် အချုပ်ထဲက လွှတ်ပေးလိုက်ရပြီဗျ’

ဟု ပြောကာ ပီအက်စ်အို ဦးဘထိန်သည် ဧည့်ခန်းထဲသို့ ကတိုက်ကရိုက် ဝင်ရောက်လာလေတော့သည်။

ဧည့်ခန်းထဲ၌ ဗဒင်နှင့်ကိုသင်းအောင်တို့နှစ်ယောက်သည် နေ့လယ် ကော်ဖီသောက်ရင်း နှစ်ဦးတည်း စကားပြောနေကြခြင်း ဖြစ်သည်။

ဦးဘထိန်သည် ကတ္တီပါဖုံးထားသော စပရိန် နှစ်ထပ်ဆိုဖာ ကုလားထိုင်ကြီးတွင် ခြေပစ်လက်ပစ် ဝင်ထိုင်ကာ ပါးစပ်ထဲမှ လေပူများကို ဖူးခနဲ မှုတ်ထုတ်လိုက်၏။



ဗဒင်က ဦးဘထိန်ကို စေ့စေ့စပ်စပ် ကြည့်၍ အကဲခတ်ရင်း....

‘ဘယ်လိုဖြစ်တာလဲ ဦးဘထိန်’

‘ကျုပ်ရဲ့အထက် အထက်က ဒီအောင်စ်ပီကြီး ကိုယ်တိုင် ရောက်လာပြီး ဦးပါမောက်ကို မလိုလားတဲ့သူ တစ်ဦးက တမင် အမှုဆင်ပြီး ဖမ်းဆီးစေတာဖြစ်တယ်လို့ အခိုင်အမာ ပြောဆိုပြီး ချက်ချင်းလွှတ်ပစ်စေခဲ့တယ်လေ’

‘ဩော်....ဒီလိုကိုး၊ ဗြိတိသျှ အရာရှိကြီးတွေက သူတို့ရဲ့ ခွေးတစ်ကောင်ကို အချိန်မီဝင်ကယ်တားတာကိုး’

‘ကိုဗဒင်ပြောတာ အမှန်ပဲဖြစ်မယ်လို့ ကျုပ်ယုံတယ်၊ အခုလို တရားဥပဒေကို သားရေကြိုးလို တင်းချည် ရှုံ့ချည်လုပ်တာ ကျုပ်မကြိုက်ဘူး၊ သို့သော် သူတို့ရဲ့ ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားအောက်မှာ ကျုပ်လဲ ဘာမှမတတ်နိုင်တဲ့အပြင် အခု ကျုပ်ပါ အရေးယူခံရပြီး ရာထူးက အချခံလိုက်ရတယ်လေ၊ အခု ကျုပ် ပီအက်စ်အို မဟုတ်တော့ဘူး၊ အက်စ်အိုင်ပီဆိုတဲ့ ရာဇဝတ်အုပ် ဖြစ်သွားပြီဗျ’

‘ဗျာ....ဘယ်လိုကြောင့်’

‘ကိုဗဒင်ကြောင့်တဲ့လေဗျာ၊ ကိုဗဒင်ဟာ ဗြိတိသျှတွေကို တော်လှန်တဲ့ အင်အားစုတွေနဲ့ တိတ်တဆိတ် ဆက်သွယ်နေတယ်လို့ သံသယရှိကြသတဲ့၊ ကျုပ်က အဲဒီလိုလူမျိုးကိုမှ အိမ်မှာလက်ခံထားတဲ့ အပြစ်ကြောင့်တဲ့ဗျာ၊ ရာထူးကချလိုက်တယ်လေ’

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကြောင့် ဖြစ်ရတာ စိတ်မကောင်းပါဘူး ဦးဘထိန်၊ အလွန်ပဲ ဝမ်းနည်းကြောင်း ကျွန်တော်ပြောပါရစေ'

ဟု ဗဒင်က နူးညွတ်စွာပြောသည်။

'အို….လုံးဝကိစ္စမရှိပါဘူး ကိုဗဒင်၊ ကျုပ်က အစိုးရလခကို ယူခနေပေမယ့် အစိုးရလခကို စားသောက်နေတဲ့လူ မဟုတ်ပါဘူး၊ အစိုးရလခကို စားရမှ ကျုပ်တို့က ထမင်းဝတဲ့ လူမျိုး မဟုတ်ပါဘူး၊ အစိုးရလခဆိုတာ ကျုပ်မိတ်ဆွေ သင်္ဂဟတွေနဲ့ ကျုပ်လက်အောက်ငယ်သားတွေကို ကျွေးမွေးညှဉ့်ခံတာနဲ့ ကုန်အောင် သုံးပစ်တာပါ၊ ကျုပ်က (Don't Care)ပဲ၊ လုံးဝ မရှုမစိုက်ဘူး၊ အခုတောင် ကျုပ်က အလုပ်က ထွက်စာတင်ဖို့ စဉ်းစားနေတာ'

ထိုအချိန်တွင် အိပ်စီခေါ် ဆားပုလင်း ခင်ဇော်သည် ညှိခန်းထဲသို့ ကတိုက်ကရိုက် ဝင်ရောက်လာကာ သူ့ဆရာ ဦးဘထိန်ကို ဆလုရိုက်လိုက်ပြီး….

'ဆရာ ကျွန်တော်အစီရင်ခံပါရစေ၊ ကျွန်တော်တို့ဌာနက ပုလိပ်ဝန်ထမ်းတွေအားလုံး ဆရာ့ကို ရာထူးချတဲ့ ကိစ္စနဲ့ပတ်သက်ပြီး လုံးဝမကျေနပ်တဲ့အတွက် ဆရာ့ကို မူလရာထူး ပြန်မပေးရင် ပုလိပ်သားတွေကအစ ပြာတာအဆုံး အရာရှိတွေနဲ့ ကျွန်တော်အပါအဝင် ဌာနာပုလိပ် ဝန်ထမ်းအားလုံးဟာ နုတ်ထွက်စာ တင်ကြမယ်ဆိုတာကို ပုလိပ်မင်းကြီးဆီ အစီရင်ခံစာ ပို့လိုက်ပါပြီ ခင်ဗျာ'ဟု ဆားပုလင်းခင်ဇော်က ဂုဏ်ယူစွာ ပြောကြားလျက် ရင်ကိုကော့ ထားလေသည်။



ကြားရသော စကားကြောင့် ဗဒင်နှင့် ကိုသင်းအောင်တို့ ကျေနပ်စိတ်ဖြစ်ကာ ကြက်သီးပင် ထမိတော့သည်။

အောက်သက်ငယ်သားများက ဦးဘထိန်ကို ချစ်ခင်ကြပေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

( ၂၀ )

ဦးဘထိန်က ထရပ်လိုက်ပြီး ဆားပုလင်းခင်ဇော်ကို လက်ကမ်းပေးလျှက် နှုတ်ဆက်လိုက်သည်။

'ကျွန်တော့်ဘက်က ရပ်တည်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ စိတ်ထဲမှာလဲ လေးလေးနက်နက်မှတ်သားထားလိုက်ပါတယ်၊ သာ....ထိုင် ကိုခင်ဇော်၊ မမြမေ့ရေ ကိုခင်ဇော်အတွက် ကော်ဖီယူခဲ့ပါဟေ့'

မကြာခင်မှာပင် ဒေါ်မြမေသည် ကော်ဖီနှင့် မုန့်ဗန်းကို ကိုင်ပြီး ရောက်လာသည်။

ဦးဘထိန်က ဒေါ်မြမေကိုကြည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



'သမီးတစ်ယောက်လဲ မတွေ့ပါလားကွယ်'

ဒေါ်မြမေက ဗဒင်ကို ကွက်ခနဲ တစ်ချက်လှမ်းကြည့်လိုက်ပြီးနောက်....

'မောင်ဗဒင် မနက်ဖြန် ရန်ကုန်ပြန်တော့မယ်ဆိုလို့ ငြိမ်းစန္ဒီတစ်ယောက် စိတ်ပကောင်းဖြစ်ပြီး အခန်းထဲ ဝင်အိပ်နေပါတယ် ကိုဘထိန်'

'ဟင်....မောင်ဗဒင်တို့တောင် မနက်ဖြန် ပြန်တော့မှာလား'

'ဟုတ်ပါတယ်ဦး၊ ရန်ကုန်မှာ အရေးကြီးတဲ့ ကိစ္စလေးတွေ ဆောင်ရွက်ဖို့ရှိလို့ အချိန်မဆိုင်းနိုင်ဘဲ ပြန်ရမှာပါ'

'ရန်ကုန်ရောက်ရင် ကိုအောင်သွင်ကို သတိရကြောင်းပြောလိုက်ပါ၊ ခွင့်ရက်ရရင် ကျုပ်ဆီကို လာလည်ဖို့လဲ ဖိတ်ကြားလိုက်တယ်လို့ ပြောပါနော်'

'ဟုတ်ကဲ့....စိတ်ချပါ'

ထို့နောက် သူတို့သည် အာလာပ သလ္လာပ စကားများပြောဆိုကြ၏။

ဗဒင်သည် အတန်ကြာအောင် တွေ၍ စဉ်းစားနေပြီးနောက်....

'ဦးဘထိန် ခင်ဗျား'ဟု လေးနက်စွာ ခေါ်လိုက်၏။

'ဆို....ကိုဗဒင်'

'ကျွန်တော့်ကြောင့် ဦးဘထိန်ကို အထက်က ဖြုတ်ချပ်ကိစ္စအပေါ် ဦးဘထိန် ဘယ်လိုသဘောထားပါသလဲ'



'ကျုပ်က ဘာမှုရမှာလဲ၊ သူတို့က နယ်ခြားမြေဝေးက အင်္ဂလိပ်တွေ ကျုပ်တို့ချင်းက မြန်မာ အမျိုးသားချင်းပဲ၊ အရေးအရာကိစ္စတွေမှာ ကျုပ်တို့ချင်း လက်တွဲရမယ်၊ ကူညီရမယ်၊ သင်းတို့တစ်တွေက ဒါကို မကျေနပ်လို့ မျက်စောင်းထိုးရင်ထိုးပေါ့၊ ကျုပ်က ဂရုမစိုက်ပါဘူး'

'ကောင်းပါပြီ၊ ဒါဆိုရင်လဲ ဦးဘထိန်ကိုပဲ ကျုပ်က မြန်မာအမျိုးသားချင်းအနေနဲ့ အကူအညီ ထပ်တောင်းပါရစေ'

'ဟာ....ပြောပါ ရပါတယ်၊ ကျုပ် ဘာကူညီရမလဲ'

'ကူညီရမှာကတော့ ဦးဘထိန်နဲ့အတူ ကိုခင်ဇော်ပါ ပါဝင်ဖို့ပါပဲ'

'ကျွန်တော်က ကျွန်တော့်ဆရာသဘောအတိုင်း အဆင်သင့်ပါ'

'ရာဇဝတ်ကောင် ဦးပါမောက်ကို ဖြတ်သျှိုအုပ်ချုပ်ရေးပိုင်းက ဥပဒေကွန်ယက်ထဲက ပြန်ဆွဲထုတ်သွားတာ ရှိုးရှိုးသားသား မဟုတ်ဘူး'

'ဟုတ်တယ် ဒီကိစ္စကို ကျုပ်တို့ကလဲ မရိုးသားဘူး ဆိုတာ သိနေပါတယ်'

ထို့နောက်တွင် ဗဒင်သည် ဦးဘထိန်၊ ဆားပုလင်း ခင်ဇော်၊ ကိုသင်းအောင်တို့အား ခေါင်းချင်းဆိုင် လျက် အကြောင်းတရာတစ်ခုကို အလေးအနက် ပြောဆိုရှင်းပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘာထိန်တို့က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေကြသည်။

'အဲဒီတော့ ကျွန်တော်ပြောတဲ့ အစီအစဉ်အတိုင်း ဦးတို့ဘက်က မနက်ဖြန်ဆို အချိန်အတိအကျနဲ့ ဆောင်ရွက်ပေးကြဖို့ အလွန်အရေးကြီးပါတယ်'

'ကိုဗဒင်တောင်းတဲ့ အကူအညီကို မဖြစ်မနေ ဆောင်ရွက်ပေးမယ်လို့ ကျုပ်က လေးလေးနက်နက် ကတိပေးပါတယ်' ဟု ပြောကာ သူတို့၏ စကားဝိုင်းကို နိဂုံးချုပ်၍ သိမ်းလိုက်လေ၏။

* * *

ရွှေဘိုညနေခင်းသည် အလွန်ကြည်နူးဖွယ် သာယာနေ၏။

ဗဒင်နှင့် ကိုသင်းအောင်တို့နှစ်ယောက် အိမ်ရှေ့ပန်းခြံတွဲသို့ဆင်းကာ အညောင်းပြေလမ်း လျှောက်နေကြသည်။

ပန်းခြံထဲ၌ ပန်းမျိုးစုံစိုက်ပျိုးထားရာ နှင်းဆီ၊ စံပယ်၊ သစ်ခွ၊ ရွက်လှ သည်တို့ဖြင့် အရောင်မျိုးစုံလှပနေလေသည်။

ကိုသင်းအောင်က....



'ဟို အရွက်အဝါပေါ်မှာ အစက်အပြောက် အစိမ်းတွေနဲ့ ရွက်လှပန်းက အရွက်ထွက်ပုံ၊ အကိုင်းဖြာပုံ၊ အရေးဝ်အသွေးစုံပုံတွေလှ က်တာဗျာ နော်၊ ရန်ကုန်ရောက်ရင် တင့်တင့်ကို လက်ဆောင် ပေးရအောင် မျိုးတောင်းသွားဦးမှထင်တယ်'

ဗဒင်က ရယ်လျက်....

'ကိုသင်းအောင်တစ်ယောက်လဲ ဓာယ်ခက်တာပဲ၊ မိန်းကလေးတွေကို စိတ်ဝင်စားပြီး မိန်းကလေးတွေအကြောင်း တကယ်မသိတာက ခက်တာယ်'

'ဘာကြောင့်လဲဗျ၊ ဘာကိုမသိတာလဲ ပြောပါဦး'

'မိန်းကလေးဆိုတာ ရွက်လှပန်းမျိုးကို စိတ်မဝင်စားဘူး၊ သူတို့ခေါင်းမှာ သူတို့ကိုယ်မှာ ပန်လို့ရတဲ့ နှင်းဆီလို စံပယ်လို ပန်းမျိုးကိုမှကြိုက်တာ၊ ယောကျ်ားလေးဆိုတာ ပန်းရဲ့အလှကို အပင်ပေါ်မှာ လှခနေတာကို မြင်တွေ့ ကျေနပ်ကြည်နူး ပီတိဖြစ်ကြတယ်၊ မိန်းကလေးဆိုတာကတော့ ပန်းအလှကို သူတို့ခေါင်းမှာသင်ပြီး ပန်းအလှကြောင့် သူတို့ ပိုလှလာတာကိုပဲ ကျေနပ်တတ်ကြတာမျိုးလေ'

ကိုသင်းအောင်သည် ဗဒင်၏ အဘိဓမ္မာဆန်လှသော စကားများကို သေချာစွာ မှတ်သားနေမိ၏။

ထိုအချိန်တွင် အိမ်ရှေ့ဆင်ဝင်အောက်တွင် တံမြက်လှည်းနေသော ဒေါ်မြမကိုမြင်လျှင် ဗဒင်သည် နှင်းဆီအိုးများအနက် အလှဆုံးနှင်းဆီနီညိုတစ်ပွင့်ကိုခူးပြီး ဒေါ်မြမထံသို့ လျှောက်သွားသည်။

ဒေါ်မြမရှေ့သို့ရောက်လျှင်....

www.burmeseclassic.com

www.burmeseclassic.com



'တစ်ဆိတ်ခင်ဗျာ၊ ဒီ နှင်းဆီပန်းလေးက အရမ်းလှနေတာ တွေ့လို့ သူ့ဘာသာသူ အပင်မှာလှပြီး အချိန်တန်လို့ကြွေသွားရင် သိပ် နှမြောစရာကောင်းမှာပဲ၊ အကယ်၍သာ ဒီ ပန်းအလှလေးကို ညီမလေး ငြိမ်းစန္ဒီ ပန်လိုက်ရင် သူ့အလှနဲ့ အလွန်လိုက်ဖက်လိမ့်မယ်လို့ ယူဆပြီး ကျွန်တော်ခူးယူခဲ့တာပါ၊ အဒေါ်ကသာ ငြိမ်းစန္ဒီဆီသို့ပေးမယ်ဆိုရင် ကျေးဇူး အလွန်တင်စရာဖြစ်မှာပါပဲ'

ဒေါ်မြမက နှင်းဆီပန်းကိုလှမ်းယူလိုက်ပြီး ခပ်ပြုံးပြုံး အမူအရာလုပ်လျက်....

'မောင်ဗဒင်က စကားပြောအလွန်ကောင်းကိုးကွယ့်၊ ဒီ ပန်းကိုလဲ ငြိမ်းစန္ဒီဆီပေးလိုက်ပါ့မယ်၊ မောင်ဗဒင်ပြောတဲ့ စကားတွေကိုလဲ ငြိမ်းစန္ဒီကို ပြောလိုက်ပါ့မယ်'

ဗဒင်က ခေါင်းညွှတ်လျက် အရှိအသေပြုပြီး ကိုသင်းအောင်ဆီ ပြန်လျှောက်လာခဲ့သည်။

* * *



ကိုသင်းအောင်က....

ငြိမ်းစန္ဒီ တစ်ယောက် စိတ်ကောက်နေတာဗျ၊ မင်းပေးတဲ့ ပန်းကို ပန်ပါ့မလား ဗဒင်ရဲ့'

'စောင့်ကြည့်ပါဦး ကိုသင်းအောင်'

နှစ်ယောက်သား ထွေရာလေးပါးစကားများကိုပြောရင်း ပန်းခြံထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေကြ၏။

ဗဒင်က ဗဟုသုတအဖြစ်ဖြင့် 'ပွဲကျောင်းသိုင်းပညာ' အကြောင်းအရာအချို့ကို ပြောပြနေရာ ကိုသင်းအောင်က အလွန်စိတ်ဝင်စားစွာ နားထောင်နေသည်။

အတန်ကြာပြီးနောက်....

'ကိုဗဒင်ကြီး....ကိုဗဒင်ကြီး၊ ဒီမှာကြည့်စမ်းပါဦး၊ ကျွန်မက နှင်းဆီပန်းနဲ့ တကယ်လှရဲ့လား' ဟူသော အသံကို ကြားပေရာ နှစ်ဦးတစ်ပြိုင်တည်း လှည့်ကြည့်လိုက်လျှင် အိမ်ပေါက်ဝမှ ပြေးဆင်းလာသော ငြိမ်းစန္ဒီကို တွေ့ရပေ၏။

သူမသည် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ကာ မျက်နှာတွင်လည်း လိမ်းခြယ်လျက် နှင်းဆီပန်း ရဲရဲကို ခေါင်းတွင် ခပ်စွင့်စွင့် ပန်သားပေသည်။

အနီးသို့ရောက်လာသောအခါ သူမမျက်နှာသည် ပြုံးရွှင်ဝင်းလက်နေကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်က အရည်လဲ့သော မျက်လုံးများဖြင့် ငြိမ်းစန္ဒီကို ရွှန်းရွှန်းစားစားကြည့်ကာ....

'လှတာပေါ့ ညီမရယ်၊ ညီမအလှနဲ့ နှင်းဆီအလှက အလွန့်လိုက်ဖက်တဲ့ အပြန်အလှန် အလှမိတ်ဖက်တွေပဲ' ဟု ချီးကျူးပြောဆိုလိုက်၏။

ငြိမ်းစန္ဒီသည် ကြည်နူးစွာ ပြုံးလိုက်သည်။
ဗဒင်က....
'ညီမ အစ်ကို့ကို စိတ်ကောက်နေသယ်ဆို'

'စိတ်ကောက်ပြေတာ ကြာပါပြီအစ်ကိုရ၊ ညီမက အခန်းထဲ အောင်းနေရတာ ညောင်းညာနေလို့ ညီမကို ဘယ်သူများ လာချော့ခေါ်ပါမလဲ စောင့်နေတာ ဘယ်သူမှ မလာဘူးလေ၊ ဟွန်း....ခုတော့ တော်ပါသေးရဲ့ ကိုဗဒင်ကြီးက နှင်းဆီပန်း ပေးခိုင်းလိုက်လို့ပေါ့၊ မဟုတ်ရင် ညီမဖြင့် ဗီညပိုင်းအထိ အခန်းထဲက အပြင်ထွက်ရမှာ မဟုတ်ဘော့....'

ဗဒင်က ရယ်မောလျက်....

'ဩော်....ညီမရယ်၊ ကိုယ်ဘာသာကိုယ် ထွက်ချင် ထွက်လာခဲ့ပေါ့'

'အို....ဘယ်ဖြစ်မလဲအစ်ကိုရဲ့၊စိတ်ကောက်တယ်ဆိုပြီးချော့မယ့်လူ မရှိဘဲ စိတ်ကောက်ပြေလိုက်ရင် ရှက်စရာကြီး'



'ဩ....အခုတော့ ကိုဗဒင်ချော့လို့ စိတ်ကောက်ပြေတယ် ပေါ့....ဟုတ်လား'
ငြိမ်းစန္ဒီက ခေါင်းညိတ်လိုက်ပြီး....
'ကိုဗဒင်ကြီးက နှင်းဆီပန်းပေးပြီး ချော့တာကိုး၊ ပန်း ပေးတယ်ဆိုတာ အရှုံးပေးတာပဲလေ'

ဗဒင် အားရပါးရ ရယ်မောမိလေ၏။
ကိုသင်းအောင်ပင် မနေနိုင်ဘဲ ပြုံးရယ်မိရပါသည်။
'အစ်ကို....ဒါပဲနော်၊ ညီမကတော့ အစ်ကိုတို့ဆီ စာရေးမယ်၊ အခွင့်သာရင် အစ်ကို့ဆီကို လာလည်မယ်၊ ရန်ကုန် ရောက်ရင် ဘုရားတွေ၊ ရုပ်ရှင်ရုံတွေ၊ ဈေးတွေစုံအောင် လိုက်ပို့ရမယ်နော်'

'စိတ်ချပါ ညီမရယ်'
ထိုညနေခင်းထဲသို့ ငြိမ်းစန္ဒီ၏သူငယ်ချင်းဖြစ်သူ မေသဥ္ဇာ ဆိုသည့် ရွှေဘိုသူ မိန်းမချောကလေး ဝင်ရောက်လာသော အခါ ငေးငေးငိုင်ငိုင် ဖြစ်နေသည့် ကိုသင်းအောင်မှာ ရေထိ ချလိုက်သော ငါးပမာ ဖျတ်ဖျတ်လတ်လတ် ဖြစ်လာလေ၏။

'မေသဥ္ဇာ လာလည်တယ်လား'
'ကိုသင်းအောင်တို့ မနက်ဖြန် ပြန်တော့မယ်ဆိုလို့ လာ နှုတ်ဆက်တာပါ'
'ကိုယ်ပေးထားတဲ့ လိပ်စာအတိုင်း ရန်ကုန်ကို စာရေး နော်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုသင်းအောင်က အရင်ရေးလေ၊ အဲဒီအခါကျတော့ မေသဉ္ဇာ စာပြန်မှာပေါ့၊ မေသဉ္ဇာက စာရေးသိပ်ပျင်းတဲ့ အစ်ကိုရဲ့'

သို့နှင့် ပန်းခြံအတွင်းရှိ ဒန်းကလေးသည်လည်းကောင်း၊ ခုံတန်းလျားကလေးများသည် လည်းကောင်း၊ မိန်းမပျိုနှစ်ဦးနှင့် ယောကျ်ားသားနှစ်ယောက်တို့၏ ပျားရည်လူးသော စကားလုံးများကို မှတ်သားနေလေတော့သည်။

• • •

ထိုနေ့ညတွင် ဦးဘထိန်၏အိမ်၌ ရွှေဘိုပုလိပ်ဌာနမှ ပုလိပ်ဝန်ထမ်း ...ားလုံး စုရုံးရောက်ရှိနေကြသည်။

ဦးဘထိန်က သူ့ဘက်မှ ရဲဝံ့စွာ ရပ်တည်ခဲ့သော ရဲဘော်ရဲဘက်စိတ်ရှိသည့် လုပ်ဖော်ကိုင်ဖက်များကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း ဖြစ်ပေသည်။

ထိုညစာစားပွဲ၌ ဦးဘထိန်က စကားအနည်းငယ်ပြောရာ သူ့အနေနှင့် ဗြိတိသျှကိုလိုနီ မျက်နှာဖြူ အရာရှိများကို အရေးမစိုက်ကြောင်း '.........'ချင်း မိုးမွှန်လျက် ဒေါနှင့်မောနှင့် ပြောဆိုခဲ့လေသည်။



သူ၏စကား နိဂုံးချုပ်ပြီးနောက် သူ၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများက ဦးဘထိန်ကို '.........ဦးဘထိန်'ဟု နောက်ပြောင် ခေါ်ဆိုကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ (၁)ရက်

'မင်း ဘာတွေလုပ်နေတယ်ဆိုတာ ငါမသိဘူး၊ သိလဲ မသိချင်ဘူး။ ငါသိတာက မင်း တစ်ခုခုလုပ်နေတယ်၊ အဲဒီအလုပ်ကို ငါ့သခင်ကြီးတွေက မကြိုက်ဘူး၊ မင်း အဲဒီအလုပ် ဆက်မလုပ်ဖြစ်အောင် ငါက တားမြစ်ပေးရမယ်၊ ဒါပဲ'

(ဦးပါမောက်)

www.burmeseclassic.com

www.burmeseclassic.com



## ( ၂၁ )

နံနက်စောစောပင် ရွှေဘိုမြို့က ထွက်ခဲ့ကြပြီ ဖြစ်၏။

ကိုသင်းအောင်က ကားကို ဖြည်းဖြည်းနှင့်မှန်မှန် မောင်းလာသည်။

နှုတ်ဆက်ကျန်ရစ်ခဲ့သော မေသဥ္စာနှင့် ငြိမ်းစန္ဒာတို့ နှစ်ယောက်လုံး၏ မျက်လုံးများတွင် မျက်ရည်များဝဲလျက် ကျန်ရစ်ကြသည်ကို ထောက်ချင့်ခြင်းအားဖြင့် ဖခင်နှင့် ကိုသင်းအောင်တို့ အပေါ် ကျင် ထားရှိသော သူမတို့၏ သံယောဇဉ်ကို သိမြင်နိုင်ပေသည်။

ကိုသင်းအောင်က....

www.burmeseclassic.com

www.burmeseclassic.com



'မိန်းကလေးတွေရဲ့စိတ်ဟာ အတော်ဆန်းကြယ်တယ်လို့ ဆိုရမယ်ခင်ဗျာ၊ အချိန်တိုတိုလေးအတွင်းမှာ သံယောဇဉ်ကြီးကြီး ချင်ကြီးတတ်ကြတာပဲ'

မိန်းကလေးဆိုတာ ခံစားမှုကို ဦးစားပေးကြတာမျိုးဗျ၊ သူတို့အတွက် အချိန်အတိုအရှည်က အရေးမပါဘူး၊ မျက်လုံးချင်း တဒင်္ဂဆုံရုံနဲ့ တစ်သံသရာလုံး အတွက် ဖူးစာရှင်အဖြစ် သတ်မှတ်လိုက်ကြတာ၊ တစ်သက်လုံး အတူနေနေပေမယ့်လဲ ချစ်စိတ်တစ်စက်မှမဝင်ဘဲ ရွံမုန်းချင် မုန်းနေကြတာလေ'

ကားလမ်းမကြီး၏ လူပြတ်သောတစ်နေရာသို့ အရောက်တွင် လမ်းမပေါ် အလယ်ကည့်တည့်၌ ထမ်းပိုးတွင် လှည်းဒေါက် ထောက်၍ ရပ်ထားသော နွားလှည်း တစ်စီးကို ရုတ်တရက်တွေ့လိုက်ရသောကြောင့် ကိုသင်းအောင်က ကားကို ဘရိတ်အုပ်၍ ရပ်လိုက်ရ၏။

လှည်းကို လမ်းပေါ် ကန့်လန့်ဖြတ် ရပ်ထား၍ နံဘေးမှ ကွေ့ရှောင်၍ ကားမောင်းသွားရန် နေရာမရှိချေ။

ထိုနေရာတွင် လူတစ်ဦးမျှ မတွေ့ရ။

ထမ်းပိုးကြိုးမှ ပြုတ်ထားဟန်တူသော နွားတစ်ရှဉ်းကိုသာ လမ်းနံဘေးလယ်ကွင်းစပ်တွင် လှန့်ထားသည်ကို တွေ့ရသည်။

'ဟေ့....မလှုပ်နဲ့ ဗဒင်၊ မင်းတို့ နှစ်ယောက်လုံး ကားပေါ်က ဆင်းလိုက်ကြပါ'



အသံကို ကြားရပြီး ခြောက်လုံးပြူးသေနတ်တစ်လက်က ကားပြတင်းပေါက်မှပြူကာ ဗဒင်၏ ဦးခေါင်းကို ချိန်ရွယ်ထားလိုက်သည်။

ခြောက်လုံးပြူးသေနတ်ကိုကိုင်ဆောင်ပြီး ရောက်ရှိလာသူမှာ မျက်နှာတွင် ပဝါ အနက်ပြောက်ကို စည်းနှောင်ထားသည်။

သူသည် လမ်းဘေးချုံတစ်ခုထဲမှ ကားနံဘေးသို့ လျင်မြန်စွာ ပြေးကပ်လာပုံရသည်။

အခြားတစ်ဖက်သို့လည်း ချုံတစ်ခုထဲမှ ခပ်သုတ်သုတ်ထွက်လာသော အဝတ်နက်မျက်နှာစည်းထားသည့် လူတစ်ဦးက နှစ်လုံးပြူးသေနတ်ဖြင့် လိုးချိန်ရင်း ချဉ်းကပ်လာသည်။

သူတို့အဖွဲ့သားများ ဖြစ်သည့် အခြား လူနှစ်ဦးလည်း ပြောင်လှသော ငှက်ကြီးတောင် ဓားနှစ်ချောင်းကို ဝင့်ကာ ဝင့်ကာ ရောက်ရှိလာတော့သည်။

'ဟေ့ ကောင်....ဗဒင်၊ ဘာငိုင်ဖနေတာလဲ၊ ကားတံခါးဖွင့်ပြီး ဆင်းခဲ့လေကွာ၊ ဘာလဲမင်းကို ကားထဲမှာပဲ ပစ်သတ်လိုက်ရမလား'

ခေါင်းဆောင်နှင့်တူသော ခြောက်လုံးပြူးသေနတ် ကိုင်ထားသူက ခက်ထန်မာကျောစွာဖြင့်ပြောလိုက်သည်။

ထိုစကားကိုကြားလျှင် ဗဒင်စိတ်ထဲ၌ အခြေအနေ မဟန်မှန်း ရိပ်စားမိလိုက်သည်။

ကျုပ်ကားပေါ်ကဆင်းရင် ခင်ဗျားတို့ဘာလုပ်မှာလဲ၊ ကျုပ်ကို ပစ်သတ်မှာပဲမဟုတ်လား၊ ခင်ဗျားတို့ရဲ့ အထက်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတွေက ကျုပ်ကိုအသေသတ်ဖို့ အမိန့်ပေးလိုက်ပြီ မဟုတ်လား'

အထက်ပါအတိုင်း ဗဒင်ကမေးလိုက်လျှင် ခေါင်းဆောင်နှင့်တူသော လူ၏ ဦးခေါင်း ဆတ်ခနဲ မတ်ထောင်လာပြီး ဗဒင်ကို စူးစူးရဲရဲ စိုက်ကြည့်ကာ....

'စကားများမနေနဲ့၊ ကားပေါ်က ဆင်းမှာသာ ဆင်း'

ဗဒင်က မဲ့လိုက်ပြီး ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်သည်။

'ဟေ....ဟိုဘက်က တစ်ယောက်ကရော ဘာလုပ်နေတာလဲ၊ မြန်မြန်ဆင်းစမ်းကွာ၊ ငါ စိတ်မရှည်တော့ဘူး၊ထုထည့်လိုက်မိတော့မယ်'

ကိုသင်းအောင် နည်းနည်းလန့်သွားပုံရ၏။

ဗဒင်က....

'ဘာဖြစ်လို့ ကျုပ်မိတ်ဆွေကို ကားပေါ်က ဆင်းခိုင်းရတာလဲ၊ ခင်ဗျားရဲ့မျက်နှာဖြူသခင်က ကျုပ်ကိုပဲသတ်မိန့်ပေးလိုက်တာ မဟုတ်ဘူးလား ဦးပါမောက်'

ဦးပါမောက်ဟုခေါ်ခံရသော ထိုလူက ဗဒင်၏ပခုံးကို သူ၏ သန်မာလှသော လက်ဝဲလက်ဖြင့် ဆောင့်တွန်းလိုက်ပြီး....

'ဩ....လူလည် ဗဒင်က အကုန်လုံး ရိပ်စားမိကုန်ပြီကိုး၊ နေး....ဒါပေမယ့် မင်းထွက်သလိုတော့ မင်းကို အဆုံးစီရင်မှာ မဟုတ်ဘူး၊ မင်းအခုလုပ်နေတဲ့အလုပ်ကို ဆက်မလုပ်ရဲအောင် မင်းရဲ့လက်ဖဝါးနှစ်ဖက်ကိုခြောက်လုံးပြူးသေနတ်နဲ့ တစ်ချက်စီပစ်ဖောက်ပြီး ဟိုဘက်ချောင်းထဲမှာ တူးထားတဲ့ကျင်းထဲကို မင်းဝင်ရမယ်၊ မြေကျင်းက မင်းလည်ပင်းအထိ နက်တယ်၊ မြေကျင်းထဲမှာ မင်းကို မြေဖို့ပြီး မြှုပ်ထားခဲ့မယ်၊ မင်းကံဆိုးရင် လက်ကဒဏ်ရာနဲ့ အစာငတ် ရေငတ်ဖြစ်ပြီး သေသွားလိမ့်မယ်၊ မင်းကံကောင်းရင် လူတွေနဲ့တွေ့ပြီး မင်းကို ကယ်ရင် အသက်ရှင်မယ်၊ ဒါပဲ မင်းမိတ်ဆွေကိုတော့ တို့ ဖမ်းခေါ်သွားမယ်၊ နှစ်ရက်ပြည့်မှ ပြန်လွှတ်မယ်'



'ဦးပါမောက်....ခင်ဗျားဟာ မြန်မာအမျိုးသား တစ်ယောက်ပါ၊ ကျုပ် အခုလုပ်နေတာက အမျိုးသားရေးဗျ၊ ခင်ဗျားအနေနဲ့ အမျိုးချစ်စိတ် တစ်ခုတည်းနဲ့တင် ကျုပ်ဘက်က ပါဝင်ကူညီသင့်ပါတယ်'

'မင်းဘာတွေလုပ်နေတယ်ဆိုတာ ငါမသိဘူး၊ သိလဲမသိချင်ဘူး၊ ငါသိတာက မင်းတစ်ခုခုလုပ်နေတယ်၊အဲဒီအလုပ်ကို ငါ့သခင်ကြီးတွေ မကြိုက်ဘူး၊ မင်း အဲဒီအလုပ် ဆက်မလုပ်ဖြစ်အောင် ငါက တားမြစ်ပေးရမယ်၊ ဒါပဲ'

ထိုအချိန်တွင်ကား ဓားလွတ်ကိုင်ထားသူနှစ်ဦးက ကိုသင်းအောင်ကို ကားပေါ်က ဆွဲခေါ်လာသဖြင့် ကိုသင်းအောင်မှာ ဒယီးဒယိုင်နှင့် ပါလာ၏။

'ကဲ....ဗဒင်၊ မင်းလက်နှစ်ဖက်ကို ခပ်ကားကားဖြန့်ပြီး ခေါင်းပေါ် မြှောက်လိုက်စမ်း၊ပြီးရင် ဘုရားကို တ,ပေတော့'

ဗဒင်ဟာ လက်ဖဝါးကိုဖြန့်ပြီး ခေါင်းပေါ် မြှောက်လိုက်ရ၏။

www.burmeseclassic.com

ဦးပါမောက် ခြောက်လုံးပြူးကို မြှောက်၍ ဗဒင်၏လက်ဖဝါးတစ်ဖက်ကို အသေအချာ ချိန်ရွယ်လိုက်သည်။

'ဒိုင်း....'

ကော်ဒိုက်ယမ်းများ ပေါက်ကွဲလျက် မြည်ဟိန်းသွားသော သေနတ်သံနှင့်အတူ ဦးပါမောက်၏နှုတ်မှ 'အား' ခနဲ အော်ကာ သူ့လက်ထဲမှခြောက်လုံးပြူးသေနတ်လည်း လမ်းပေါ်သို့ လွတ်ကျသွားတော့သည်။

ဦးပါမောက်သည် ဒဏ်ရာရသွားသော သူ၏ ဘယ်လက်ကို ညာလက်နှင့် အုပ်ကိုင်လိုက်၏။

သူသည် ဘယ်သန်ဖြစ်သည်။

လက်မှသွေးများ စီးဆင်းလာတော့သည်။

'ဟော့....တစ်ယောက်မှ မလှုပ်နဲ့၊ ကျည်ဆန်ထိပ်မှာ အသက်ပါသွားမယ်'

ဦးဘထိန်၏ အောင်မြင်သောအသံကြီးက ဗဒင်တို့၏ ရိုးရှုံ့ကားထဲမှ ထွက်ပေါ်လာသည်။

ဦးပါမောက်ကို ဦးဘထိန်က ပစ်ချလိုက်ခြင်းဖြစ်သည်။

'တည့်လိုက်တဲ့ လက်များ'

ဗဒင်က ရယ်ရယ်ပြုံးပြုံး ချီးကျူးလိုက်သည်။

ဆားပုလင်း ခင်ဇော်မှာ သူ၏ တုတ်ခိုင်ထွားကျိုင်းသော ခန္ဓာကိုယ်နှင့် မလိုက်အောင်ပင် ကားပေါ်မှ သူ၏လက် လျင်မြန်စွာ ပြေးဆင်းလာပြီး နှစ်လုံးပြူးသေနတ်ကို ဟိုထိုးချိန် သည်ထိုးချိန်နှင့် ယောင်နန ဖြစ်နေသည့် ဦးပါ



မောက်၏ တပည့်ကို ခြောက်လုံးပြူး သေနတ်ဒင်ဖြင့် ခေါင်းအား ရိုက်ချလိုက်၏။

'ခွမ်း'

'အား....'

နှစ်လုံးပြူးသေနတ်မှာ လမ်းပေါ် လွတ်ကျသွားလေပြီ။

www.burmeseclassic.com

## ( ၂၂ )

ဓားလွတ်ကိုင်ထားသူ နှစ်ဦးမှာလည်း ထိတ်လန့်လျက် ဦးပါမောက် နောက်ကျောဘက်သို့ လျှိုဝင်သွားကြ၏။

ယူနီဖောင်းအပြည့် ဝတ်ထားသော ရာထူးကျ ရာဇဝတ် အက်စ်အိုင်ပီ ဦးဘထိန်သည် ခြောက်လုံးပြူးကို ဝင့်ကာ ဖိနပ်ခွာသံပေးပြီး ခြေကားရား လက်ကားရားဖြင့် ကား ပေါ်မှ ဆင်းလာရင်း ဦးပါမောက်ကို ဟိန်းဟောက်လိုက် သည်။

'ဟေ့ကောင်....ရာဇဝတ်ကောင်ပါမောက်၊ မင်းကို ဝါ ဖမ်းလိုက်ပြီဟေ့၊ တရားမဝင် လက်နက်ကိုင်ဆောင်မှု၊ အခွင့်

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ သမ်းပိတ်ဆို့မှု၊ လူသတ်လှန်ကြံစည်မှု၊ ရာဇဝတ်မှု ကျူး လွန်ရန် ရည်ရွယ်ချက်နဲ့ အုပ်စုဖွဲ့မှုကွ၊ ပုဒ်မ တစ်သီကြီးထပ် ပြီး မင်းကို တောင်ချမယ်'

ဦးပါမောက်က ဦးဘထိန်ကို ကြောက်ရွံ့ပုံမရချေ။ ခဲရဲ ရင့်ရင့်ကြည့်ပြီး....

'ခင်မျှားသပ်ပြီး နှာချွန်ပြန့်ပြီထင်တယ် ဦးဘထိန်၊ ပထမ တစ်ကြိမ် ကျုပ်ကို ဖမ်းကတည်းက ကျုပ်ကတိပေးခဲ့တာတို ခင်မျှား မိုက်မဲခဲ့တယ်၊ ပထမအကြိမ် ကျုပ်ကိုဖမ်းတဲ့အတွက် ခင်မျှား ရာထူးကျရှုံပဲကျတယ်၊ အခုတစ်ကြိမ် ကျုပ်ကိုဖမ်း ရင်တော့ ခင်မျှားအလုပ်ပါ ပြုတ်သွားစေရမယ်လို့ ကျုပ် ပြောလိုက်မယ်

ဦးဘထိန်မှာ အသံတိတ်သွားရင်တော့၏။

ဦးပါမောက်ပြောသည်မှာ မှန်ပေသည်။

အုပ်ချုပ်ရေးပိုင်းရှိ အင်္ဂလိပ်အရာရှိကြီးများက ဦးပါ မောက်ကို မွေးမြူထားသည် မဟုတ်ပါလား။

သူတို့တပည့်ကိုထိလျှင် သူတို့က ဦးဘထိန်ကိုရန်လုပ်ကြပေ လိမ့်ဦးမည်။

ထိုအချိန်တွင် ဗဒင်က လမ်းပေါ်တွင်ကျနေသော ဦးပါ မောက်ကိုင်ဆောင်သည့် ခြောက်လုံးပြူးသေနတ်ကို ကောက် ယူလိုက်ပြီး လက်ထဲတွင် ဆကာဆယာနှင့် လုပ်ရင်း....

'ဦးဘထိန်ရေ...ဦးပါမောက်ပြောတာ မှန်တယ်ဗျ၊ ဒီလို လူမျိုးကို ဥပဒေနဲ့ ဆုံးမလို့မရဘူး၊ အင်္ဂလိပ်တွေရဲ့ ဥပဒေက မျှော့ကြိုးလိုပဲ၊ တိုလို့ရှည်လို့ရတယ်၊ ခင်မျှား ဒီတစ်ခါဖမ်း



သွားရင်လဲ သူက အသာလေး လျှောထွက်သွားမှာပဲ၊ ခင်မျှား သာ အလုပ်အကိုင် ထပ်ထိခိုက်ပြီး ဒုက္ခရောက်မယ်၊ ဒီတော့ ကျုပ် ဒီလိုဆုံးဖြတ်ထားတယ်၊ ဦးပါမောက်ကို ထားခဲ့ပြီး ခင်မျှားတို့ပြန်ပါ၊ ဟိုအက်ကွင်းစပ်ထဲမှာ သူတို့တူးထားတဲ့ ကျွင်းတစ်ကျင်းရှိတယ်၊ ခြေလေးယောက်လုံး ကျင်းထဲထည့်ပြီး သူတို့ခေါင်းတွေကို ကျည်ဆန်တစ်တောင့်စီ လက်ဆောင် ပေးလိုက်မယ်'

ဟု ပြောကာ ဗဒင်က စူးရဲသောအကြည့်ဖြင့် ဦးပါ မောက်ကို စိုက်ကြည့်နေလေသည်။

ဦးပါမောက်မှာ ဗဒင်သည် သူပြောလျှင် ပြောသည့် အတိုင်း လုပ်မည့်လူစားမျိုးမှန်းသိမြင်လေရာ စူးရဲသော ဗဒင်၏အကြည့်အောက်တွင် ကျောစိမ့်၍ ကြောက်လာမိလေ ၏။

'ဗ...ဗဒင်၊ မင်း....မင်း ငါ့အသက်ကိုတော့ ရန်မရှာပါ နဲ့ကွာ၊ မင်း....မင်းဘာဖြစ်စေချင်သလဲ၊ မင်းခိုင်းတာ ငါ လုပ်မယ်'

ဟု တုန်ယင်ချောက်ချားစွာ ပြောလေသည်။

ဗဒင်က တဟားဟား ရယ်မောလိုက်ပြီး....

'ခင်မျှားလို သူတစ်ပါးဆိမ့်မှာ အလွယ်တကူ သစ္စာခံတဲ့ လူကို ကျုပ်က ဘယ်လို ယုံရမှာလဲဗျ'

'ယုံပါကွာ၊ ငါ တကယ်ပြောတာပါ၊ မင်းလိုလူမျိုးကို ငါ လှည့်စားလို့မရဘူးဆိုတာ ငါသိပါပြီ၊ ငါ ကတိပေးပါ တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်က တစ်ချက်ကြည့်လိုက်ပြီး…

‘ကောင်းပြီ၊ ခင်ဗျားကို ဘာမှမလုပ်ဘဲ ကျုပ် ပြန်လွှတ်လိုက်မယ် ခင်ဗျား လိုက်နာရမယ့်ကတိကတော့ သိပ်ခက်ခက်ခဲခဲမဟုတ်ပါဘူး၊ စက်တင်ဘာ လဆန်းတစ်ရက်နေ့ကို ရောက်တိုင်း ကျုပ်အိမ်ကို ၁၀ နာရီ တိတိ အရောက်လာပြီး ကျုပ် ကျွေးမွေးညှော်ခံတဲ့ထမင်းပွဲကို သုံးဆောင်ဖို့ပါပဲ’

‘ဗျာ’

မမျှော်လင့်သော စကားကို ကြားလိုက်ရသောကြောင့် ဦးပါမောက်မှာ အာမေဋိတ်သံပြု၍ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

ဗဒင်က….

‘ဟုတ်တယ်ဦးပါမောက်၊ ကျုပ်က လူတွေကို အမျိုးအစား နှစ်မျိုးပဲခွဲပြီးပေါင်းတတ်တယ်၊ မိတ်ဆွေဆိုတဲ့အမျိုးအစားရယ်၊ ရန်သူဆိုတဲ့အမျိုးအစားရယ်’

ဗဒင်က ပြောလက်စ စကားကို ရပ်နားလိုက်ပြီး သူ့လက်ထဲမှ ခြောက်လုံးပြူးကို ငုံ့ကြည့်သည်။

ထို့နောက် ဦးပါမောက်၏နဖူးဆီသို့ သေနတ်ကို ဖြည်းညင်းစွာ မြှောက်ချိန်လိုက်ပြီး သေနတ်မောင်းကို ခြေ‌ာက်ခနဲ တင်လိုက်သည်။

သူ၏ တည်ငြိမ်သောလက်ထဲတွင် ခြောက်လုံးပြူးသေနတ်သည် အဆိပ်ပြင်းစွာ ပေါက်တော့မည့် မြွေဟောက်တစ်ကောင်လို မာန်ဖီနေလေပြီ။



‘ကျုပ်က ရန်သူဆိုရင် အပြတ်ရှင်းတတ်တယ်၊ ဦးပါမောက် ခင်ဗျားဟာ ကျုပ်ရဲ့ရန်သူလား မိတ်ဆွေလား’

‘ကျုပ်….ကျုပ်၊ မိတ်….မိတ်ဆွေပါ’

‘ရန်သူလိုလို မိတ်ဆွေလိုလိုလုပ်လို့မရဘူး၊ မိတ်ဆွေဆိုရင် ကျုပ်ဖိတ်တဲ့ ထမင်းစားပွဲကို ခင်ဗျား လာဖြစ်အောင် ဆက်ဆက်လာခဲ့ပါ၊ စက်တင်ဘာလ တစ်ရက်နေ့ရောက်တိုင်း ကျုပ်ရဲ့မိတ်ဆွေတွေကို အိမ်မှာ ထမင်းစားပွဲကျင်းပဧည့်ခံတာ ကျုပ်ရဲ့ဓလေ့ပဲ’

‘ဟုတ်….ဟုတ်ကဲ့၊ ကျုပ် ရောက်အောင် လာခဲ့ပါ့မယ်’

‘တစ်နှစ်မှ မပျက်စေနဲ့ဗျာ အချိန်နာရီ မှန်ကန် တိကျပါစေ၊ မိတ်ဆွေတို့ရဲ့ဝတ္တရားလဲ မပျက်ကွက်ဖို့ ကျုပ် လေးလေးနက်နက် သတိပေးလိုက်မယ်’

‘ဟုတ်….ဟုတ်ကဲ့’

‘ကောင်းပြီ…. ခင်ဗျား သွားနိုင်ပြီ’

ဗဒင်က ဦးပါမောက်၏ မျက်ခုံးနှစ်ခုအကြားတည့်တည့်သို့ ချိန်ရွယ်ထားသော သေနတ်ပြောင်းဝကို အောက်သို့ လျှောချလိုက်၏။

ထိုအခါမှ နဖူးတွင် ချွေးသီးများစို့နေသော ဦးပါမောက်သည် သက်ပြင်းချလိုက်၏။

ပြီးလျှင် မှုန်ကုပ်မှ အမူအရာများကို ပြုပြင်၍ တွန့်ဆုတ်သည်ကာ အနည်းငယ်တင်းလိုက်လျက်….

www.burmeseclassic.com

www.burmeseclassic.com



'ဟို....ခါးကိုင်ထားတဲ့နှစ်ကောင် ကြွက်စုတ်တွေ ရေနစ်သလို ဖြစ်မနေကြနဲ့၊ သွား....နွားကောက်ပြီး နွားလှည်းပြန်တပ်၊ မြန်မြန်လုပ် တို့သွားကြမယ်'

ဦးပါမောက်က လမ်းပေါ်တွင်ကျနေသော နှစ်လုံးပြူးသေနတ်ကို လှမ်း၍ကြည့်လျှင်....

ဦးဘထိန်က....

'ဟော့....အဲ့ဒီသေနတ်တွေကိုတော့ ဘယ်နည်းနဲ့မှ ပြန်ယူခွင့် မပေးနိုင်ဘူး'

ဦးပါမောက်လည်း မည်သို့မျှမတတ်နိုင်ဘဲ လက်လျှော့သွားတော့သည်။

နွားတပ်ပြီးလျှင် ဝလားယောက်လုံး နွားလှည်းပေါ်တက်ကာ လှည်းလမ်းကြောင်းအတိုင်း အနောက်စူးစူးသို့ ထွက်ခွာသွားတော့သည်။

ဆားပုလင်းခင်ဇော်က နှစ်လုံးပြူးသေနတ်ကို ကောက်ယူ သိမ်းဆည်းလိုက်၏။

ဗဒင်က သူ့လက်ထဲမှ ခြောက်လုံးပြူးကို လှမ်းပေးလျှင် ဆားပုလင်းခင်ဇော်က ရိုသေစွာလှမ်းယူရင်း....

'ဆရာကိုဗဒင် ကြိုတင်တွေးဆထားတဲ့အတိုင်း ကွက်တိဖြစ်လာတာပဲဗျာ၊ ဆရာ့ဦးနှောက်ကို ကျွန်တော့်ဘဝတစ်လျှောက်လုံး အမြဲ အမှတ်ရနေတော့မှာပဲ'

'သင့်ခို ကိုခင်ဇော်၊ကဲ....ဦးဘထိန် ခင်ဗျားတို့ကို ကားနဲ့ ပြန်လိုက်ပို့ပေးရမှာလား'



'ဟာ....မလိုပါဘူးလေ....ကိုဗဒင်၊ ကျွန်တော် ဒီမလာခင်အဘည်းက စီစဉ်ခဲ့တာပဲ၊ မကြာခင်မှာပုလိပ်ဌာနာကကားနဲ့ ပုလိပ်သားမောင်ကြီး ရောက်လာပါလိမ့်မယ်၊ ကိုဗဒင်တို့သာ ခရီးဆက်စရာရှိတာ ဆက်ကြပါ'

'ကိုင်း....ဒါဆို ကျွန်တော်တို့ သွားတော့မယ်၊ကျွန်တော် ဖိတ်ကြားချက်ကိုသာ ဦးဘထိန်နဲ့ ကိုခင်ဇော်တို့ မမေ့ကြစေချင်ဘူး'ဟု ဗဒင်က ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၄ )

ဗဒင်ပြောသောအဓိပ္ပာယ်မှာ ဗဒင်သည် နှစ်စဉ် စက်တင်ဘာလတစ်ရက်နေ့ရောက်တိုင်း သူ၏အိမ်၌ မိတ်ဆွေရင်းချာများကို ဖိတ်ကြားလျက် ထမင်းကျွေး ဧည့်ခံလေ့ရှိသည်။

ထိုထမင်းစားပွဲသို့ တက်ရောက်ရန် မနေ့ညနေကတည်းက ဦးဘထိန်နှင့် ဆားပုလင်းခင်ဇော်ကို ကိုဗဒင်က ဖိတ်ကြားထားပြီး ဖြစ်သည်။

ဗဒင်အနေဖြင့် ဦးဘထိန်နှင့် ဆားပုလင်းကိုခင်ဇော်ကို မိတ်ဆွေများစာရင်း၌ ထည့်သွင်း ထားလိုက်ပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘထိန်က....

'ကျွန်တော်တို့နှစ်ယောက်လုံးမရောက် ရောက်အောင် လာခဲ့ပါမယ် ကိုဗဒင်၊ ကိုဗဒင်နဲ့ မိတ်ရင်းဆွေရင်း ဖြစ်ခွင့်ရတာကို ကျုပ်တို့က အလွန် ဂုဏ်ယူကြပါတယ်ဗျာ။ စိတ်ချ၊ နှစ်တိုင်းရန်ကုန်ကို အရောက်လာခဲ့ပါမယ်'

ကျွန်တော်ကလဲ မျှော်နေမှာပါပဲ ဦးဘထိန်'

ကိုသင်းအောင်က ကားကို အရှိန်မြှင့်၍ မောင်းရင်းဖြင့် ပိုလိုစီးကရက်ဘူးကို ထုတ်ယူကာ စီးကရက်တစ်လိပ်ကို လက်တစ်ဖက်တည်းဖြင့် ကျွမ်းကျင်စွာ ထုတ်ယူလျက် နှုတ်ခမ်းတွင် တပ်လိုက်သည်။

၅ ိုင်ရယ်အိပ်စ်ချိန်းအမျိုး အစားရွှေဖြူမီးခြစ်ကိုထုတ်၍ ခြစ်ပြီး စီးကရက်ကို အေးချမ်းစွာ ရှိုက်ဖွာလိုက်သည်။

ထို့နောက်....

'အင်း....ရှေ့မှာတော့ ကားကိုတားပြီး နှောင့်ယှက်မယ့်လူရှိတော့မယ် မထင်ပါဘူး၊ ဒီတစ်ခါတော့ စိတ်ချလက်ချ ကို မောင်းလို့ရပြီပေါ့' ဟု ပြောလိုက်သည်။

ဗဒင်က....

'မဟုတ်ဘူးဗျ၊ ခကြာခင်မှာဘဲ ဒီလမ်းတစ်နေရာမှာ ဒီကားကို တားမယ့်လူ ပေါ်လာလိမ့်ဦးမယ်ဗျ'

'ဟင်....ဘယ်လို'

ကိုသင်းအောင်၏ မေးခွန်း မဆုံးမီမှာပင် ရှေ့မြင်ကွင်း၌ ကားလမ်းဘေးတွင် ရပ်နေသော ရွှမ်းလွယ်အိတ်နှင့် အဘိုးအို တစ်ဦးက ပြောင်လက်ထောက်ပနေသော ရှိုးရှို ့ကာ်ကားကို



မြင်လျှင် ကမန်းကတန်း လက်ပြ၍ တားနေသည်ကို တွေ့လိုက်ရ၏။ ဗဒင်က....

ရပ်ပေးလိုက်ဗျို့...ကိုသင်းအောင်'ဟု ပြောလိုက်သောကြောင့် ကိုသင်းအောင်မှာ ဘရိတ်ကို ဆောင့်နင်းလိုက်လေသည်။ အမျိုးအစားကောင်းလှသောကားဖြစ်၍ ကျွီခနဲမြည်ကာ အဘိုးအိုနံဘေးတွင် ငြိမ့်ခနဲ ရပ်သွားသည်။

အဘိုးအိုက ဗဒင်ကို သူ့ပခုံးမှ ရှမ်းလွယ်အိတ်ဖြုတ်၍ လှမ်းပေးလိုက်ရင်း....

'ကျုပ်စောင့်နေတာ သုံးရက်ရှိပြီ မောင်ဗဒင်'

'အရေးပေါ်ကိစ္စလေးတွေဖြစ်နေလို့ ကျွန်တော် နောက်ကျသွားတာပါ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ပြီးတော့ အခုလို ကျွန်တော့်ကို ကူညီတဲ့အတွက်လဲ အများကြီးကျေးဇူးတင်ပါ ယ်'

'ဖြော်....ဒီအတွက်တော့ ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ဆရာကြီးက မောင်ရင်လိုချင်တဲ့ အကူအညီကို အားလုံး ပေးဖို့ မှာထားလို့ ကျုပ်က ကူညီတာပါပဲ'

'ဒီလိုဆို ကျွန်တော် သွားတော့မယ်နော် ဦးကောင်းမြတ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး'

ကားမောင်း ထွက်လာသောအခါ ဦးကောင်းမြတ်က လက်ပြ နှုတ်ဆက်ကျန်ရစ်သည်။

ကိုသင်းအောင်က....

'သူက ဘယ်သူလဲဗျ၊ လွယ်အိတ် လှမ်းပေးတာ လွယ်အိတ်ထဲမှာ ဘာတွေလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူက ဆရာဟိန်းရဲ့မိတ်ဆွေ ဦးကောင်းမြတ်တဲ့၊ ဟန်လင်းကြီး သွားတုန်းက သူတို့အိမ်မှာ တစ်ညအိပ်နားခဲ့ရတယ်လေ၊ မှတ်ထိဆိုတဲ့အရပ်မှာ နေတာ၊ လွယ်အိတ်ထဲက ပစ္စည်းကတော့ မြောက်သချိုင်းသံတွေပဲ၊ ကျွန်တော် ဟန်လင်းကြီးကို သွားတဲ့ အဓိကရည်ရွယ်ချက်က မြောက်သချိုင်းသံ သွားရှာတာ ကိုသင်းအောင်ရဲ့၊ သို့သော်လဲ ဦးဘထိန်ကို အသိပေးထားတာက ဟန်လင်းကြီးမြို့ဟောင်းရဲ့ သမိုင်း အထောက်အထားတွေ သွားလေ့လာမယ်လို့ အသိပေးခဲ့တာဆိုတော့ မြောက်သချိုင်းသံကို ဦးဘထိန်အိမ် ယူခလာချင်ဘူး၊ အဲဒါကြောင့် မှတ်ထိက ဦးကောင်းမြတ်ကို အကူအညီတောင်းတဲ့အခါ ဦးကောင်းမြတ်က ကျွန်တော်တို့ ပြန်မယ့်လမ်းတစောင့်နေပြီးမှ မြောက်သချိုင်းသံကို ပေးမယ်ဆိုလို့ သူ့အကူအညီ ယူခဲ့တာပါ'

'ဪ....ဪ....ဂါ ရှင်းပြီဟေ့'

'ထပ်ပြီး ရှင်းအောင်ပြောရရင် ကျွန်တော် ဒီကိုလာတဲ့ ရည်ရွယ်ချက်ကို အင်္ဂလိပ်မျက်နှာဖြူတွေ မသိစေချင်ဘူး၊ ဒါကြောင့် မြောက်သချိုင်းသံကို ရွှေဘိုမြို့ထဲအထိ ယူမလာတာပါပဲ'

'အင်း....မင်းရဲ့ အစီအစဉ်က ပိရိသေသပ်ပါတယ် ဗဒင်ရယ်'

ကိုသင်းအောင်က ကားကို အရှိန်မြှင့်၍ မောင်းလိုက်လေသည်။



သူ့စိတ်အာရုံထဲ၌ ရန်ကုန်ရှိ တင့်တင့်၏ရုပ်ပုံလွှာ လွှမ်းမိုးပေါ်ပေါက်နေပြီ မဟုတ်ပါလား။

ကိုသင်းအောင်သည် စီးကရက် နောက်တစ်လိပ်ကို မီးကူးပြောင်းညှိလိုက်သည်။

အားရပါးရ ရှိုက်ဖွာပြီး ဖူးခနဲ မှုတ်ထုတ်လိုက်ရင်း ရှေ့သို့ ခပ်ငေးငေး ကြည့်နေသည်။

ဗဒင်က....

'အင်း ....မဟုတ်မှလွဲရော ကိုသင်းအောင် တစ်ယောက် ရန်ကုန်က တင့်တင့်ကို သတိရသွားပြီထင်တယ်'

'တ....ခေါင်းပိုက်ထဲမှာ ပုဏ္ဏားလေး ရှိတယ်ထင်တယ်'

'ယောကျ်ားတွေဆိုတာက နောက်ကို ဘယ်တော့မှခေါင်းငဲ့ကြည့်လေ့ကြည့်ထ ရှိတာမဟုတ်ဘူး၊ ရှေ့သို့ရှေ့သို့ပဲ မဟုတ်လား၊ အခု ကျွန်တော်တို့ရှေ့မှာကလဲ ရန်ကုန်လေ၊ ရန်ကုန်မှာကလဲ တင့်တင့်ပဲရှိတော့ ခင်ဗျား သတိရရင် တင့်တင့်ပဲဆိုတာ မြေကြီးလက်ခတ်မလွဲပေါ့'

'ဟုတ်လိုက်လေ... ဗဒင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com

အချစ်သည် ရုံဖန်ရံခါ ဒုက္ခ၏။

'မိန်းကလေးအားလုံးဟာ ကိုယ့်ချစ်သူတွေနဲ့ ပတ်သက်ရင် အလွန်ထော်တဲ့ စုံထောက်ကောင်းတွေချည်းပါ။ ကိုယ့်ကွယ်ရာမှာ ကိုယ့်ချစ်သူတွေ ဘယ်လိုစိတ်ပြောင်းလဲ၊ ဖောက်ပြန်တတ်ကြသလဲဆိုတာ မိန်းမသားတိုင်း သိချင်ကြတာပဲလေ၊ ဒါမှ သစ္စာမဲ့ကို မြန်မြန်ခွာနိုင်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com

( ၂၄ )

ရန်ကုန်မြို့ရောက်ပြီး တစ်လခန့် ကြာသည့်အခါ ပပဝင်သည် မည်သည့်အလုပ်ကိုမှမလုပ်ဘဲ စာဖတ်လိုက် ရုပ်ရှင်ကြည့်လိုက်၊ တစ်ခါတစ်ရံ ကိုသင်းအောင်နှင့် စစ်တုရင်ထိုးလိုက်၊ ခင်မြင့်ကြီး လာလည်သောအခါ ခေါင်းရင်းဘက်ရှိ ခြံထဲသို့ဆင်း၍ နေ့ခင်းမှိုပါသော အပန်းဖြေခုံတန်းရှည်ကွင်ထိုင်ကာ စကားစမြည် ပြောလိုက်နှင့် အိမ်ထဲတွင်သာ ငြိမ်သက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဒင်၏အိမ်ရှေ့သို့ ရုပ်ဖျက်၍ရောက်ရှိလာကာ ရှီးတိုး ရိုပ်တိပ် အကဲခတ်ပြီး ဖြတ်သွားကြသော အထူးစုံထမ်း ထောက်လှမ်းရေး ဌာနမှ စုံထောက် အမှုထမ်းများကို ဗဒင်၏အိမ်အတွင်းမှ မှန်ပြောင်း တစ်လက်ဖြင့် တိတ်တဆိတ် ချောင်းမြောင်း ကြည့်ရှုနေသူ တစ်ဦး ရှိသည်။

သူသည်ကား ဗဒင်၏ အိမ်မှုရေးရာ အဝေဝေသွင်ကိစ္စအားလုံးကို စီစဉ်ဆောင်ရွက်ပေးနေသော ဦးအမ္ဗပေတည်း။

နေ့စဉ်ပင် ဦးအဂ္ဂသည် လိုက်ကာထူထူ ကာထားသော ပြတင်းပေါက်အကွယ်မှ စစ်သုံးမှန်ပြောင်းကြီးဖြင့် လမ်းပေါ်မှ ဖြတ်သန်းနေကြသော စုံထောက်အမှုထမ်းများကို စေ့စေ့ စပ်စပ် စောင့်ကြည့် အကဲခတ်နေလေသည်။

ဗဒင်က....

'ဦးအဂ္ဂရေ ဘခြေအနေ ဘယ့်နှယ်လဲဗျ၊ စုံထောက် အမှုထမ်းတွေ အိမ်ရှေ့ကို မလာတော့ဘူးထင်တယ်၊ ကျွန်တော်လဲ သည်းခံနေရတာ အတော်ကြာပြီ၊ ကျွန်တော် လုပ်စရာရှိတာတွေ လုပ်ချင်လှပြီ'

'သည်းခံဦး မောင်ဗဒင်၊ အိမ်ရှေ့ကိုလာနေတဲ့ ရဲဝိုး ပုဂ္ဂိုလ်တွေက အလာကျဲရှိကျဲတာ၊ လာတဲ့လူ အရေအတွက် နည်းသွားတာပဲ ရှိသေးတယ်၊ လုံးလုံးမလာတာတော့ မဟုတ်သေးဘူးလေ၊ နောက်ထပ် တစ်ပတ်လောက်တော့ ထပ်စောင့်သင့်သေးတယ်၊ အန္တရာယ်ရှင်းမှ စိတ်ချလက်ချ လှုပ်ရှားပါ ကွယ် မောင်ဗဒင်ရယ်'



ဦးအဂ္ဂ၏ဖျောင်းဖျမှုကြောင့် ဗဒင်သည် မရိုးမရွဖြစ်နေသော သူ၏စိတ်များကို ပြန်လည် ထိန်းချုပ်ထားလိုက်ရ၏။

သူသည် ကာကွယ်ရေးဌာနအတွင်း ဝန် မျက်နှာဖြူလူမျိုး ဂမေ့ဗလိတ်တွင်ရှိနေသော ကိုးသချိုင်းသံဓာ ကိုပြန်လည် ရရှိအောင် ကြံဆောင်လိုလှပြီ။

သို့သော် သူ့ အတွက် အခွင့်မသာသေးချေ။

သူ မည်သည့်ကိစ္စကို ရည်ရွယ်လှုပ်ရှား ဆောင်ရွက်နေသည်ကို အလွန်သိချင်နေသော မျက်နှာဖြူအုပ်ချုပ်ရေးပိုင်းက အထူးစုံထောက်များလွှတ်ပြီး ဗဒင်၏အိမ်အား စောင့်ပေါင်းစုံမှ စောင့်ကြည့် အကဲခတ်နေကြသည် မဟုတ်ပါလား။

ဗဒင်မှာ အိမ်ထဲတွင် ကုပ်နေရသည်မှာ ကြာပြီ ဖြစ်၍ အလွန်ပျင်းရိနေမိလေသည်။

ထိုအချိန်တွင် ခင်မြင့်ကြီးတစ်ယောက်တည်း ကားနှင့် ရောက်လာသည်။

ခင်မြင့်ကြီးက....

'ကိုဗတ်ဖို့ အင္ဂလိပ်လင်ပိုးရဲ့ ဝတ္ထုတို ပေါင်းချုပ် စာအုပ် အိန္ဒိယနိုင်ငံကထုတ်ထားတာလေ၊ မြို့ထဲက စာအုပ်ဆိုင်မှာတွေ့လို့ ဝယ်လာတယ်၊ ရော့....ကို'

ယခုအခါတွင် ခင်မြင့်ကြီးက ဗဒင်ကို ကိုရယ် ခင်ရယ် ဖြင့် ပြောဆိုသုံးနှုန်းနေပြီဖြစ်လေသည်။

ဗဒင်က....

www.burmeseclassic.com

www.burmeseclassic.com



'ခင်ရောက်လာတာနဲ့ အတော်ပဲ၊ ဒီနေ့ အိမ်မှာ မနက်စာ စားနေဘ်၊ ဦးအဂ္ဂကြီးကိုယ်တိုင် ငါးသလောက်ပေါင်း ချက်ထားတယ်၊ မယ်ဇလီဟာဝ်ချိန်နဲ့လေ'

'အင်း....ကောင်းသားပဲ၊ ငါးသလောက်ပေါင်းက ခင်နဲ့ တည့်လှတယ်တော့ မဟုတ်ဘူး၊ တက်စာတွေလေ၊ သို့သော်လဲ စားရဖို့ကြုံကြိုက်ခဲ့တယ်၊ တစ်ခါတလေပဲ ဇက်ကြောထိုးတဲ့ အထိတော့ ဖြစ်လိမ့်မယ်မထင်ဘူး'

'ထမင်းစားပြီးရင် အအီပြေအတက်ပြေ သံပရာရည်တိုက်ပါ့မယ်၊ စားပေါ့ခင်'

'ကောင်းပါပြီရှင်'

ဗဒင်နှင့် ခင်မြင့်ကြီးမှာ စကားပြောလျှင် အလွန် ယဉ်ကျေး သိမ်မွေ့စွာ ပြောလေ့ရှိသည်။

ဦးအဂ္ဂကြီးကလည်း သူ့လက်ရာကို ခင်မြင့်ကြီးက စားကြည့်မည်ဆို၍ ထမင်းဝိုင်းကို လိုလေသေးမရှိအောင်ပြင်ဆင်ပေးလေသည်။

သူ စိတ်ပါလက်ပါ ထမ်းဆောင်နေသော တာဝန် ဖြစ်သည့် လမ်းပေါ်မှ အထူးစုံထောက်များကိုစောင့်ကြည့်သည့် အလုပ်ကိုပင် မေ့လျော့နေလေရာ စားပွဲပေါ်၌ စစ်သုံး မှန်ပြောင်းကြီးသည် အသုံးပြုသူမဲ့လျက် သည်အတိုင်း ငြိမ်သက်နေရလေတော့သည်။

ခင်မြင့်ကြီးနှင့် ဗဒင်တို့လည်း ပျော်ရွှင်စွာ ထမင်းဝိုင်းကို စားသောက်ကြလေသည်။



စကားပြောကာပြောကာ တစ်ဦးပန်းကန်ထဲ တစ်ဦးက ဟင်းခပ်ထည့်ကာ ယုယကာ ပြုံးကာ ကြည်ကာ ရယ်မောကာနှင့်။

www.burmeseclassic.com

www.burmeseclassic.com

( ၂၅ )

စားသောက်ပြီး၍ သံပရာရည်တစ်ခွက်စီ သောက်နေချိန်တွင် အိမ်ရှေ့မှာ စာပို့လုလင်တစ်ဦး ရောက်ရှိလာသည်။

'သံကြိုးစာခင်ဗျ…သံကြိုးစာ'

'ဦးအဂ္ဂရေ…သံကြိုးစာတဲ့၊ ဘယ်က အရေးကြီးလို့မျှား သံကြိုးရိုက်လိုက်တယ်မသိဘူး၊ လက်မှတ်ထိုးပြီး ယူလိုက်ပါဦးမျှာ'

ဦးအဂ္ဂက သံကြိုးစာကိုင်၍ ဝင်လာသည်။

'ရွှေဘိုကတဲ့…မောင်ဗဒင့်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဩ....ပီအက်စ်အို ဦးဘထိန်ဆီက ထင်ပါရဲ့၊ ဘာများ အရေးကြီးတယ် မသိဘူး၊ ဖတ်ပါဦးဗျ'

ဦးအဂ္ဂက တွန့်ဆုတ်တွန့်ဆုတ်ဖြစ်လျက်နှင့်....

'မောင်ဗဒင်ပြောသလို မဟုတ်ဘူးကွယ့်၊ စာက....စာက မိန်းကလေးတစ်ယောက်ဆီကစာ၊ ငြိမ်းစန္ဒီတဲ့'

အခန်းထဲတွင် လေဒဂ်မျှ ငြိမ်သက်သွားသည်။

ထို့နောက် ဗဒင်က....

'ငြိမ်းစန္ဒီဆိုတာ ဦးဘထိန် သမီးပါ ဦးအဂ္ဂရဲ့၊ကျွန်တော်တို့ တည်းတဲ့ အိမ်ကလေ၊ သံကြိုးရိုက်ပုံ ထောက်တော့ အရေးကြီးတဲ့ကိစ္စထင်တယ်'

ဗဒင်က လက်ထဲမှ သံပရာရည်ခွက်ကို စားပွဲပေါ် ချပြီး သံကြိုးစာကို ဂရုမပျက် လှမ်းယူရန် ဟန်ပြင်လိုက်သည်။

ထိုအချိန်တွင် ခင်မြင့်ကြီး၏ စူးစမ်းသော အကြည့်က ဦးအဂ္ဂ၏ လက်ထဲရှိ သံကြိုးစာပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ခင်မြင့်ကြီးက ပြုံးလျက်....

ဦးအဂ္ဂကြီးရဲ့ သံကြိုးစာထဲမှာ ခင်မသိအောင် လျှို့ဝှက်စရာ ဘာတွေများပါလို့လဲရှင်၊ သံကြိုးစာကို ဖတ်မပြဘဲ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေပုံ ထောက်တော့ စာထဲက အကြောင်းအရာဟာ ကျွန်မကြားလို့ မတော်တာ ဖြစ်မယ် ထင်ပါတယ်၊ ဒီမှာက သူစိမ်းဆိုလို့ ကျွန်မတစ်ယောက်ပဲ ရှိတာကိုး'



ဦးအဂ္ဂကြီးမှာ မည်သည့်စကားမှ မဆိုနိုင်ဘဲ ဗဒင်၏ မျက်နှာကိုလည်းကောင်း၊ သံကြိုးစာကိုလည်းကောင်း တစ်လှည့်စီသာ ကြည့်နေတော့သည်။

ဗဒင်က မျက်နှာကို ဂရုမပျက်စေဘဲ....

'ခင်....ဘယ်လိုစကားတွေ ပြောတာလဲကွယ်၊ တို့အိမ်မှာ ခင်ဟာ သူစိမ်းမဟုတ်ဘူး၊ အိမ်သားထက်ပိုတဲ့ အိမ်သားပါ၊ ခင့်ကို ဘာမှ လျှို့ဝှက်စရာမရှိဘူး၊ ဦးအဂ္ဂကလဲ သံကြိုးစာမှာ ဘာတွေပါလို့လဲ၊ ဖတ်ပါဗျ'

ဦးအဂ္ဂသည်း မလွှဲသာတော့ဘဲ သံကြိုးစာကို အသံ ခပ်တိမ်တိမ်နှင့် ဖတ်လိုက်ရတော့သည်။

ဦးအဂ္ဂစိတ်ထဲ၌ ထိုအချိန်က စာမတတ်သူ တစ်ဦးသာ ဖြစ်နေချင်တော့သည်။

သို့ဆိုလျှင် မဖတ်ချင်သော သံကြိုးစာကို ဖတ်ပြရတော့မည် မဟုတ်။

ယခုတော့....

'သံကြိုးစာက ကိုဗဒင့်ကြီးရှင့်တဲ့၊ ဒီဇင်ဘာလထဲမှာ ညီမနှင့်အတူ ခမသညာကိုခေါ်ပြီး ဒေါ်ကြီးစိမ်းလဲ ဘုရားဖူး အဖြစ်နဲ့ လိုက်ပါလျက် ရန်ကုန်ကို ရောက်လာပါမည်၊ ရောက်မှပဲ နှစ်ယောက်တည်း စကားတွေဝအောင် ပြောတော့မည်၊ မျှော်နေပါ၊ ကိုဗဒင်ပေးခဲ့တဲ့ နှင်းဆီပန်းက ကျွန်မအသည်းနှလုံးတွင် ဘယ်တော့မှ မနွမ်းဘဲ လန်းဆန်းနေပါသည်ရှင့်၊ ငြိမ်းစန္ဒီတဲ့'

www.burmeseclassic.com

www.burmeseclassic.com



တစ်ခန်းလုံးတွင် အပ်ကျသံ မကြားရအောင် တခဏ်မျှ တိတ်ဆိတ်သွားတော့သည်။

ခင်မြင့်ကြီးသည် သံကြိုးစာကိုကြားပြီးနောက် မျက်နှာပေါ်တွင် သွေးဆုတ်ဖြူရော်သွားသည်။

အလွန့် ဣန္ဒြေကောင်းသော ဗဒင် ကိုယ်တိုင်ပင်လျှင် မျက်နှာထား တင်းမာ စိတ်လှုပ်ရှားသွားမှုကို အတော်ထိန်းသိမ်းလိုက်ရသည်။

ခင်မြင့်ကြီး၏အကြည့်က ဗဒင်၏မျက်လုံးပေါ်သို့ ကျရောက်လာပြီ။

* * *

ဗဒင်က အကြည့်ချင်းမရှောင်ဘဲ ပြန်ကြည့်ကာ အောက်ပါအတိုင်း သိမ်သိမ်မွေ့မွေ့ပြောသည်။

သူ၏ အကြည့်ထဲတွင်လည်း ကြင်နာခြင်း၊ ကရုဏာနှင့် သက်ညှာခြင်း၊ စာနာနားလည်ခြင်းတို့ ပေါ်လွင်နေ၏။

'ခင် ကိုဟာ တစ်နှယ်မြင် တစ်စင်မေ့တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ချစ်ရေးချစ်ရာကိစ္စကို လွယ်လွယ်နဲ့စိတ်ကစား



ပြီး အချစ်သစ်တည်ဆောက်တတ်တဲ့လူမျိုး မဟုတ်ပါဘူး၊ ကိုဟာ တဝမှာ ဘာကိုပဲ တည်ဆောက် တည်ဆောက် တန်ဖိုးထားပြီး အလေးအနက် တည်ဆောက်တတ်သူပါ၊ ကိုဟာ ခင့်ကို ရာသက်ပန်ရိုးမြေကျပေါင်းသင်းသွားဖို့ ရည်ရွယ်ဆုံးဖြတ်ထားတာ ခင်သိပါတယ်၊ ခုဟာက မမျှော်လင့်တဲ့ အထင်လွဲစရာ ကံကြမ္မာရဲ့ လှောင်ပြောင်မှုပါပဲ၊ ကြေးနန်းစာနဲ့ ပတ်သက်လို့ ကိုတစ်ခါတည်း ဖြေရှင်းလိုက်ချင်ပါတယ်၊ ကိုဟာ ငြိမ်းစန္ဒီကို ညီမလေးတစ်ယောက်လိုပဲ သဘောထားတယ်၊ ဒီထက် နည်းနည်းမှလဲ မပိုဘူး၊ နောင်လဲမပိုဘူး၊ ကို့ရဲ့ ကာယကံ၊ ဝစီကံ ပြောဆိုဆက်ဆံမှုတွေကလဲ တစ်စက်ကလေးမှ အပိုဆာဒါး အတိမ်းအစောင်း မပါခဲ့ဘူး၊ သို့သော်လဲ နှင်းဆီပန်း သစ်ပွင့်ကိုတော့ အမှန်ပဲ လက်ဆောင်ပေးခဲ့ကြောင်း ဝန်ခံပါတယ်၊ အဲဒါကလဲ မိန်းကလေး တစ်ယောက်ဟာ ပန်းအလှကို အခြားအရာ အားလုံးထက် ပိုမြတ်နိုးတတ်ကြောင်းကို ကိုသင်းအောင်ကြီးနဲ့ စကားဆက်စပ်မိရာကနေ လက်တွေ့ သက်သေပြတဲ့အနေနဲ့ ဒီမိန်းကလေးရဲ့ခြံထဲက ပန်းကိုပဲ ခူးပြီး လက်ဆောင်ပေးဖြစ်လိုက်တာပါ၊ အခြားရည်ရွယ်ချက် မဟုတ်ပါဘူး'

'ကို ခင်က ဒီကြေးနန်းစာကြောင့် ခင့်စိတ်ထဲမှာ ဘာမှမဖြစ်ပါဘူးလို့ မလိမ်ချင်ဘူး၊ ခင် စိတ်ထိခိုက်ရတာအမှန်ပဲ၊ သို့သော်လဲ ခင့်အနေနဲ့ ကို့အပေါ်မှာ ချစ်စိတ်အပြင် လေးစားစိတ်လဲ ရှိတာကြောင့် ကို့ရဲ့ ဖြေရှင်းချက်ကို လေးလေးနက်နက် စဉ်းစားပါမယ်၊ ကိုသင်းအောင်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



သက်ဆေတူထားတော့ ခင့်အတွက် ခိုင်လုံလှတဲ့ သက်သေသို့ မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ကိုသင်းအောင်ကြီး ကိုယ်တိုင်က မျက်နှာများတဲ့လူလေ၊ ခင်က ခင့်ကိုမှ မဟုတ်လို့ မပြောတာ၊ ရန်ကုန်မှာ ကိုသင်းအောင်ကြီးက တင့်တင့် အပြင် ရည်းစားနှစ်ယောက်ရှိတယ်လေ၊ စကော့မတ်ကက်ထဲမှာ စိန်ရွှေရတနာရောင်းတဲ့ စိန်စိန်ရယ်၊ ကြည့်မြင်တိုင်ဘက်မှာ နေတဲ့ ကျောင်းဆရာမလေး ဘေဘီအေးရယ်လေ၊ ခင်က သိပေမယ့် တင့်တင့် စိတ်မကောင်း ဖြစ်မှာစိုးလို့ မပြောဘဲ ထားတာ၊ အဲဒီတော့ ကိုရယ်....မျက်နှာများတဲ့သူနဲ့ အတူ သွားတဲ့ ခရီးမှာ ကိုရော ကျွဲကူးရေပါဆိုသလို မဖြစ်ဘူးလို့ ပြောနိုင်မှာလား'

'ရော....ခက်ပေါ့ခင်ရယ်၊ ခင်ပြောတဲ့ အချက်အချက်တွေကို ကိုဖြင့် မသိတာအမှန်ပါပဲ၊ ခင်က စုံစမ်း ထောက်လှမ်းတဲ့ ဘက်မှာ တွံ့ထက်ထောင် စောင်နေတော့တာပဲ'

'မိန်းကလေး အားလုံးဟာ ကိုယ့်ချစ်သူတွေနဲ့ ပတ်သက်ရင် အလွန်ဖော်တဲ့ စုံထောက်ကောင်းတွေချည်းပါပဲ၊ ကိုယ့်ကွယ်ရာမှာ ကိုယ့်ချစ်သူတွေ ဘယ်လိုပြောင်းလဲ ဖောက်ပြန် တတ်ကြသလဲဆိုတာ မိန်းမသားတိုင်း သိချင်ကြတာပဲလေ၊ ဒါမှ သစ္စာမဲ့သူကို မြန်မြန်ခွာနိုင်မှာပေါ့'

'ကို့ကိုတော့ တခြားလူတွေနဲ့ရောပြီး တစ်သားတည်း မသတ်မှတ်ပါနဲ့ကွယ်၊ ရေကရေ....လောကလေပါ၊ အင်း.... ကိုလဲ အပေါင်းကြောင့် ဂုဏ်ပျက်ဆိုတာလို ကိုသင်းအောင် ကြောင့် ခင်ရဲ့ ညှိုညင်မှုကို ခံရတော့မယ် ထင်တယ်'



'သူများကို အပြစ်မပုံပါနဲ့၊ ကိုယ်ကောင်းရင် ခေါင်း ဘယ်မှ မရွေ့ပါဘူး၊ အင်းလေ....ကို့ရဲ့ ပြေရှင်းချက်ကို ခင် စောင့်ကြည့်ပြီးမှ ဆုံးဖြတ်ချက် ချပါမယ်၊ ငြိမ်းစန္ဒီဆိုတဲ့ မိန်းကလေး ရန်ကုန်ကို လာပါစေ၊ သူရောက်လာတဲ့ အခါ ခင့်ကို ကို့ရဲ့သာမန် မိတ်ဆွေ မိန်းကလေး တစ်ယောက်အဖြစ်ပဲ မိတ်ဆက်ပေးပါ'

'ဘယ်လိုကွယ့်....ခင်ရဲ့၊ ခင့်ကိုကိုရဲ့ချစ်သူ မိန်းကလေး အဖြစ် မိတ်ဆက်မပေးရဘူး ဟုတ်လား'

'ဟုတ်တယ်....ဒါမှ ခင်က ငြိမ်းစန္ဒီရဲ့ အတွင်းစိတ်ကို လွတ်လွတ်လပ်လပ်အကဲခတ်လို့ ရမယ်လေ'

'ခင်ရယ်....ငြိမ်းစန္ဒီရဲ့ အတွင်းစိတ်ထက် ကို့ရဲ့အတွင်း စိတ်က ပိုအရေးကြီးပါတယ်'

'ကို့ကို စိတ်ချပါ၊ အဲဒီအခါကျတော့ ငြိမ်းစန္ဒီရဲ့ အပြောအဆို အပြုအမူတွေနဲ့ယှဉ်ပြီး ကို့ရဲ့ အတွင်းစိတ် သဏ္ဌာန် အခြေအနေကို မလွတ်တမ်း အဖြေမှန် ထုတ်မှာပါ'

ဟုခင် ဖြူ သွားသည်။

ခင်မြင့်ကြီးသည် အာဂ မိန်းမသားတစ်ဦးပေပဲ။

'ကဲ....ကို အခုတော့ ခင့်ကို ပြန်ခွင့်ပြုဦး၊ ကိုနဲ့ ငြိမ်း စန္ဒီကိုစ အဖြေမှန်မတွေ့ခင် ဒီကြားထဲမှာတော့ ခင်နဲ့ ကို ဟာ သာမန်မိတ်ဆွေတွေလိုပဲ ထိန်းထိန်းသိမ်းသိမ်း ပေါင်းသွား သွားချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဩ....ခင်က ဒီကိစ္စအပေါ် စိတ်ခုတယ်ပေါ့'
'ခင် မလိမ်ချင်ဘူးလို့ ဝန်ခံထားသားပဲ'
'ကောင်းပါပြီဗျာ၊ ဒီအတိုင်းဆို ငြိမ်းခန့်ထက်ယောက် အမြန်ရောက်လာပါစေလို့ ဆုတောင်းရမလို ဖြစ်နေပြီ'

'ဘာကြောင့်လဲ....ကို'
ခင်မြင့်ကြီး၏ မျက်လုံးထဲ၌ မီးပွင့်များကို အရောင်လက်လက် ပေါ်လာ၏။
မိန်းမသားတို့၏ 'ချစ်သဝန်တိုမှုသည် ပြင်းထန်သော ပေါက်ကွဲနိုင်သည့် အစွမ်းရှိပေသည်။

ဗဒင်က....
'တခြား အဓိပ္ပာယ် မဟုတ်ပါဘူး ခင်၊ ဒီကလေးမ အမြန်ရောက်လာမှ ခင်က အမှန်ကိုသိပြီး ကိုယ့်အပေါ် စိမ်းကားမှုတွေ ပြေပျောက်သွားလိမ့်မယ်လို့ ဆိုလိုချင်တာပါကွယ်'
ခင်မြင့်ကြီး၏မျက်ခုံးစောင်း ခပ်ပြင်းပြင်းတစ်ချက် ဗဒင်ထံ ကျရောက်လာပြီး....

'ကို ပြောတဲ့အတိုင်းသာ မှတ်မိစေဘဲ ဖြစ်ပါစေ'
ဟု ပြောပြီး ခြေသံ ပြင်းပြင်းနှင့်လျက် ဗဒင်အိမ်ထဲမှ ထွက်သွားတော့သည်။
သည်တစ်ခါတွင် ခင်မြင့်ကြီး စီးနင်းထွက်ခွာသွားသော ရှီးရှိုက်ကားကြီး၏စက်သံသည် ကျယ်လောင် မြည်ဟိန်းလျ



သည်ဟု ဗဒင် စိတ် နား၌ ထင်ယောင်ကြားယောင်ပေသည် တကား။
ဩော်....အချစ်သည် ရံဖန်ရံခါ ပူပြင်းတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းပဲသမား

'ဘာပဲဖြစ်ဖြစ် ခင်ဗျားကိုတော့ ကျုပ်က ဆုံးမစကား ပြောလိုက်ဦးမယ်၊ လောကမှာ သစ္စာတရားထက် မြင့်မားတဲ့ အကျင့်မရှိဘူး မုသာဝါဒထက်လဲ ယုတ်ညံ့တဲ့ ဒုစရိုက် မရှိဘူး'

(ပန်းပဲသမား ဘိုးလှော်)

www.burmeseclassic.com

www.burmeseclassic.com

( ၂၆ )

'တရုတ်ဘာသာစကားမှာ ပြဿနာဆိုတဲ့ စကားလုံးဟာ အန္တရာယ်လို့လဲ အဓိပ္ပာယ်ဖွင့်နိုင်သလို အခွင့်အရေးလို့လဲ အနက်အဓိပ္ပာယ်ထွက်တယ်၊ ပြဿနာကို မနိုင်မနင်းရင်တော့ အန္တရာယ် ကျရောက်နိုင်ပေမယ့် ပြဿနာကို ဖြေရှင်းနိုင်ရင်တော့ အောင်မြင်မှု အခွင့်အရေးကို ရနိုင်မယ် မဟုတ်လား'

ငြိမ်းစန္ဒီ၏ သံကြိုးစာနှင့် ခင်မြင့်ကြီး စိတ်ဆိုးသွားပုံကို ဗဒင်က ပြောပြသောအခါ ကိုသင်းအောင်က ရယ်မောလျက် အထက်ပါစကားစုကို ဗဒင်အား ရွတ်ဆိုပြလေ၏။

ဗဒင်ကတော့ မရယ်မောနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီပြဿနာကတော့ နိုင်နင်းအောင်ကို ဖြေရှင်းရမယ့် ပြဿနာပဲ'

ဟု ဗဒင်က လေးနက်စွာ ပြော၏။

ကိုသင်းအောင်က....

'ဗဒင်ရယ် မင်းမျက်မှောင်ကြီး ကြုတ်ထားတာ ဖြေလျှော့လိုက်စမ်းပါဦး၊ အချိန်တွေ အများကြီး ကျန်ပါသေးတယ်၊ ငြိမ်းစန္ဒီတို့လာမှာက ဒီဇင်ဘာလမှပဲ'

ဗဒင်က ကိုသင်းအောင်ကိုကြည့်ပြီး....

'ဟေ့လူ ကိုသင်းအောင်၊ ခင်ဗျားပုံကြည့်ရတာ စိတ်ညစ်ပုံမရပါလား၊ ခင်ဗျားအဆက် မေသဥ္ဇာ ပါလာမှာနော်၊ တင့်တင့်နဲ့ ရင်ဆိုင်မိရင် ဘယ်နှယ်လုပ်မလဲ ရင်ဆိုင်မိမှာလဲ အမှန်ပဲလို့ ကျွန်တော်ထင်တယ်၊ ခင်မြင့်ကြီးက ဒီကိစ္စမှာ တင့်တင့်ကိုတော့ ခေါ်ဖြစ်အောင် ခေါ်လာမှာ အမှန်ပဲ'

'ငါက ဘာစိတ်ညစ်ရမှာလဲ ဗဒင်ရယ်၊ မင်းက ပူစရာမရှိ၊ ငါ့အတွက်ပါ ရောပူမနေစမ်းပါနဲ့ ကိုယ့်အပူပဲ ကိုယ်ငြိမ်းအောင် ငြိမ်းစမ်းပါ'

'မဟုတ်ပါဘူး တပြုံးပြုံးဖြစ်နေတဲ့ ခင်ဗျားကို ကျူပ်နားမလည်လို့ ပြောတာပါ'

'ဟ....မပြုံးလို့ ငါက ငိုနေရမှာလား၊ အခိပ္ပာယ်မရှိတာပဲကွာ၊ မိန်းကလေးတွေအတွက်တော့ ငါက မငိုဘူးဟေ့'

'အံမယ်....ကိုသင်းအောင်က ဒါမျိုးကျတော့ စိတ်ဓာတ်အမာကြီးပဲ၊ ကဲ....ပြောပါဦး၊ တင့်တင့်နဲ့ မေသဥ္ဇာတို့ ရင်ဆိုင်မိရင် အဲ့ဒီပြဿနာကို ခင်ဗျား ဘယ်လို ရှင်းမလဲ'



'ငါက ဘာရှင်းစရာလိုသလဲ ဗဒင်ရယ်၊ သူတို့အချင်းချင်း ရင်ဆိုင် သူတို့အချင်းချင်းပဲ ရှင်းကြပေါ့၊ နှစ်ယောက်ရင်ဆိုင်ရင် တစ်ယောက်ယောက်က အလျှော့ပေး အရှုံးခံချင်ခံသွားမယ်၊ ဒါမှမဟုတ်လဲ နှစ်ယောက်သားဘာတူပြီး ငါ့ကို ဓဝမျှ ချစ်ချင် ချစ်လိမ့်မယ်လေ၊ ဘယ်လိုပဲဖြစ်ဖြစ် တစ်ယောက် ဒါမှမဟုတ် နှစ်ယောက် ငါက အရှုံးကြီးမဟုတ်လှပါဘူးကွာ ဝမ်းနည်းစရာ မဟုတ်တာ'

'ခင်ဗျားက ကိုယ့်ဘက်ပဲ ကိုယ်ယက်တက်နေတာကိုးဗျ၊ နှစ်ယောက်လုံးက ခင်ဗျားကို ခွာသွားရင်ကော ဘယ့်နှယ် လုပ်မလဲ'

'ရပါတယ် ဗဒင်ရယ်၊ ငါကတော့ မိန်းကလေးကို အဝတ်အသည်လိုပဲ သဘောထားတယ်၊ တစ်ထည်ဟောင်းလို့ စုတ်တော့လဲ တစ်ထည်အသစ်လဲဝတ်တာပေါ့ကွာ၊ မကြွင်လို့ သူ့စိမ်းမှတော့ ကိုကလဲ ကျောက်စိမ်း မြစိမ်း ဘာစ်ရှက်စိမ်းပဲ'

'အင်း....ခင်ဗျားအဘိဓမ္မာနဲ့ ခင်ဗျားတော့လဲ ဟုတ်နေတာ'

'ကဲ....မ,ကိစ္စကိုအသာထားပြီး မင်း ငါ့ကို ဖုန်းဆက်ခေါ်တဲ့ အကြောင်းရင်းကို လင်းစမ်းပါဦး'

'ကျွန်တော့်လုပ်ငန်းစတော့မယ်၊ စုံထောက်အလုပ်တော့ ကျွန်တော့်အိမ်ရှေ့ကို မလာတော့ဘူး၊ ကျွန်တော် ငြိမ်ကျက်သားကောင်းနေလို့ သူတို့သံသယ ပြယ်သွားပုံရတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းလုပ်ငန်းမှာ ငါ့အခန်းကဏ္ဍက ဘာတာဝန်ယူရမှာလဲ ပြောလေ'

'ဒီတစ်ခါတော့ ကျွန်တော်လဲ စိတ်ကူးပေါ်သလို လုပ်ရတော့မယ် အစီအစဉ် ကျကျနန စဉ်းစားပြီးမှ လုပ်သော့ လုပ်ထရှိတာပဲ'

'အခု အခြေအနေကတစ်မျိုးဖြစ်နေတယ်လေ၊ စုံထောက်အမှုထမ်းတွေက ကျွန်တော့်အိမ်ကို စောင့်ကြည့်နေကြတာ ခင်ဗျားအသိပဲ'

'သူတို့က မင်းလုပ်မယ့် အစီအစဉ်ကိုတော့ သိပုံမရပါဘူး၊ မျက်နှာဖြူတွေကို ပုန်ကန်တဲ့သူနဲ့ အဆက်အစပ်ရှိတယ်ဆိုပြီးစောင့်ကြည့်လောက်ပဲ သိတာမဟုတ်လား'

'အဲဒီလောက် သိနေတာကိုက ကျွန်တော့် လှုပ်ရှားမှုမှာ လွတ်လပ်တော့ဘူးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့် ရည်ရွယ်ချက် အောင်မြင်အောင် လုပ်မှာပါ၊ သို့သော် ကျွန်တော့် အလေ့အကျင့်ကို ဒီတစ်ခါ တစ်မျိုးပြောင်းလဲ လှုပ်ရှားကြည့်မယ်'

'ကောင်းပြီလေ၊ ဒါကတော့ မင်းသဘောပဲ'

'ပထမဆုံး ကျွန်တော်လိုချင်တာက ပန်းပဲဆရာကောင်းကောင်း တစ်ယောက်ပဲ ကိုသင်းအောင်၊ ကျွန်တော် ကိုသင်းအောင်ကို လိပ်စာတစ်ခုပေးလိုက်မယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ကျွန်တော်သိကျွမ်းတဲ့ ပန်းပဲဆရာပဲ'



'ကြို့ကုန်းဘက်မှာ သူ့ပန်းပဲဖိုရှိတယ်၊ အခု အဲဒီမှာ နေမနေတော့ မသိဘူး၊ သူနေအိမ် ပြောင်းရွှေ့သွားရင်တော့ ဘယ်ကို ပြောင်းသွားတယ်ဆိုတာ ဆက်စုံစမ်းပြီး တွေ့အောင်ရှာစေချင်တယ်၊ တွေ့ရင် ဓားကောင်းတစ်လက် အပ်မလို့ဆိုပြီး ကြိုက်ဈေးပေးမယ့် အကြောင်း ပြောပါ၊ ဒီလူက စကားပြောရခက်တယ်၊ ခပ်ဘတ်ကတ်လူပဲ၊ သို့သော် ပန်းပဲပညာမှာတော့ အတော်တော်တဲ့ ပညာရှင်ဗျ၊ သူလိုလူမျိုးနောက်တစ်ယောက် အစားရှာဖို့ မလွယ်ဘူး။

'နည်းနည်း စကားပြော အဆင်မချေတာနဲ့ ရေနံငွေ သုံးထုကျပ်ကို အတင်းထိုးပေးခဲ့၊ ဓားအပ်ဖို့ကိစ္စအတွက် နောက်တစ်ကြိမ် ထပ်လာဦးမယ်ဆိုပြီး နေ့ရက်အချိန် အတိအကျ ချိန်းခဲ့၊ ခင်ဗျား ကြို့ကုန်းဘက်သွားရင် ထုံးစံအတိုင်း ပိပိရိရိ ရုပ်ဖျက်သွားဖို့ မမေ့နဲ့နော်'

'စိတ်ချပါ ဗိုလ်ရား၊ ငါကလဲ မင်းသင်ပေးထားတဲ့ မိတ်ကပ်ပညာကို စိနေတုန်းမှာ အသုံးချပြီး ဘယ်သူမှ မမှတ်မိအောင် အကောင်းဆုံး ရုပ်ဖျက်ထွက်ပါ့မယ်'

'ရုပ်ဖျက်တဲ့နေရာမှာ ပိတ်ကပ်ကိုချည်း အားကိုးတာမျိုး လုပ်လို့မရဘူး၊ အဝတ်အစားလဲ အရေးကြီးတယ်၊ သဏ္ဌာန် လုပ် သရုပ်ပါအောင် ဟန်ဆောင် ပြောဆိုတတ်ဖို့လဲ လိုတယ်'

'အိုကေ၊ အားလုံး အဆင်ပြေစေ့ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'...ဘ်ဖြန် မနက်ပိုင်း ထွက်ခဲပေတော့'

'ကောင်းပြီ၊ ဒါဆို ငါပြန်မယ်၊ ဂွဒ်အီးဗနင်း ဗဒဝ်'

'ဂွဒ်လပ်ခ် ကိုသင်းအောင်'

• • •

ဘိုးလှော်သည် ကြို့ကုန်းအရပ်ကို စွန့်ခွာပြောင်းရွှေ့တော့မည်ဟု အကြိမ်ကြိမ် ဆုံးဖြတ်ခဲ့သည်။

သို့သော် အကြိမ်ကြိမ်ပင် ဆုံးဖြတ်ချက်ကို အကောင်အထည် မဖော်ဖြစ်ဘဲ ဤအရပ် ဤအိမ်၌ ဆက်လက်၍ နေထိုင်ဖြစ်သည်မှာ ယခုတိုင်ပင် ဖြစ်သည်။

အိုမင်းနေပြီ ဖြစ်သော ပန်းပဲဖိုသည် သူ၏နေအိမ်လည်းဖြစ် အလုပ်ရုံလည်း ဖြစ်လေသည်။

ပန်းပဲဖိုမှာ ခပ်ကုပ်ကုပ် တဲကြီးတစ်လုံးပင်။

တဲကြီး၏ရှေ့၌ အောက်ပါအတိုင်း ဆိုင်းဘုတ်တစ်ခုကို လဘော်ဆေးဖြင့် ရေး၍ချိတ်ဆွဲထား၏။

'ဘိုးလှော် ပန်းပဲ...



အကောင်းဆုံးဓားမှုလာစ်ပါ...

အခြားမလုပ်'

ဆိုင်းဘုတ်မှာ ကြေးဓာထပ်တပ်ဖြင့် ဟောင်းနွမ်းနေလေပြီ။

တဲအတွင်း၌ မီးခဲရဲရဲဖိုအတွင်းသို့ သံချောင်းတစ်ချောင်းကို ထိုးထည့်ကာ ဘေး၌ ထိုင်စောင့်ကြည့်နေသော ကျောပြောင်ပြောင် အသားမည်းကြုတ်ကြုတ်နှင့် ဗလ ကောင်းတောင်းလူမှာ...

'ပန်းပဲဆရာ ဘိုးလှော်' ပေတည်း။

ဘိုးလှော်က မီးခဲရဲရဲထဲတွင် ဖြူဖွေးပြီဖြစ်သော သံချောင်းကို ညှပ်နှင့်ထိုင်လျက် ဆွဲတုတ်လိုက်ပြီးလျှင် ရေထဲသို့ ရှဲခနဲနှစ်လိုက်ကာ ဆတ်ခနဲ ပြန်ဆွဲထုတ်ကြည့်လိုက်သည်။

ရေခဲနှုံးငွေများ ထောင်းတောင်းထနေသောသံချောင်းသည် ပြာလဲ့လဲ့အရောင်သို့ ပြောင်းလဲနေပြီ ဖြစ်၏။

ဘိုးလှော်သည် သံကိုရေနှင့်ဆေးကာ သံသတ္တုပြောင်းလဲပုံကို လေ့လာနေခြင်း ဖြစ်၏။

သူသည် ပန်းပဲပညာကို အသက်မွေး ဝမ်းကျောင်းမှု အတွက် တွေ့လာသင်ကြားခဲ့ခြင်း မဟုတ်ချေ။

သံသတ္တုကို မီးနှင့်ပူပြင်ကာ ရေတွင်နှစ်ဆေးခြင်း၊ ရွှံ့နှင့် သုတ်ဆေးခြင်းဆားနှင့် စိမ်ဆေးခြင်း၊ ထိုးဖြင့် ဖုတ်ဆေးခြင်း စသော နည်းလမ်းများကြောင့် သံရိုးရိုးသည် အလွန် မာသွားခြင်း၊ အလွန်ပျော့သွားခြင်း၊ အလွန် ကြွပ်ဆတ်ခြင်း၊ အလွန် ပျင်းတွဲခြင်း၊ အလွန်ပြာလဲ့ခြင်း၊ အလွန်မည်းပြစ်

www.burmeseclassic.com

www.burmeseclassic.com



[illegible]လွန် ဖြုံရော်ခြင်း၊ အလွန်နီရဲခြင်း စသည်ဖြင့် [illegible]ကို ပြင်ပြောင်းလဲနိုင်သည့် အတတ်ပညာကို စိတ်ဝင်စား[illegible]သနာထက်သန်ရာမှ ထူးဆန်းလှသည့်ဓာတ်သတ္တဝါများ ပြောင်းလဲမှုကိုစူးစမ်းသိမြင်လိုသောအဓိက အကြောင်းကြောင့် ပန်းပဲပညာကို သင်ကြားခဲ့ခြင်း ဖြစ်သည်။

ပန်းပဲပညာ တတ်မြောက်ပြီး ပန်းပဲဆရာ ဖြစ်လာသောအခါ မီးရဲနေသောသံကို ပေပေါ်တင်၍ တူနှင့်ရိုက်ခနခြင်းမှာ သံသတ္တု၏ပုံသဏ္ဌာန်ကိုသာပြုပြင်ခြင်းမဟုတ်၊ သံသတ္တုအတွင်းရှိ ဓာတ်သားကိုပါ သိပ်သည်းကျစ်လျစ်မှု ပြောင်းလဲပေးသော အလုပ်ဖြစ်ကြောင်း သိရှိလာသောအခါ ၎င်းအချက်များသည် အသံ အတိုးအဆုတ် အကျယ်အစူးအလိုက် အင်အားကို အဓိပ္ပာယ်ရှိရှိ အသုံးချလာရလေသည်။

ဘိုးလှော်မှာ ပန်းပဲပညာကို နက်နက်ရှိုင်းရှိုင်း ကျွမ်းကျင်လာလေလေ သာမန် ပေါက်တူးပေါက်ပြား ထင်းခွဲသားများကို လုပ်ကိုင်ချင်စိတ် မရှိတော့လေဖြစ်၏။

အလွန်တန်ဖိုးရှိ၍ ရှားပါးသော အလွန်လည်း ခဲခဲကတ်ကတ်လုပ်ရသော သံကောင်းများကိုသာ လုပ်ကိုင်တော့မည်ဟု ဆုံးဖြတ်ကာ အထက်ပါ ဆိုင်းဘုတ်ကို အဘော်အဆေးဖြင့်ရေး၍ တဲရှေ့တွင် ချိတ်ဆွဲခဲ့ခြင်း ဖြစ်သည်။

ပုလိပ်ဌာနမှ ဆားပုလင်းကိုလွှတ်ပြီး ပန်းပဲဖိုကို လာရောက် စစ်ဆေးကာ ဆောင်ဓားများ အခွင့်မရှိဘဲ လုပ်ခွင့်မရှိကြောင်း လာရောက်တားမြစ်လေသည်။



ဘိုးလှော်လည်း ဒေါပွပြီး ဆိုင်းဘုတ်ကိုဖြုတ်၍ ရွှေရေမြောင်းထဲ ထိုးနှစ်ပစ်လိုက်သည်။

ဘိုးလှော်အနေဖြင့် သံကောင်းဓားကောင်းကိုမှ မ[illegible] ရလျှင် ပန်းပဲသမား၏ ဘဝမှာ အဓိပ္ပာယ်မရှိတော့ချေ။

ထို့ကြောင့် ပန်းပဲဖိုနှင့် တဲကြီးကိုဖျက်ဖို့ ပြင်ဆင်လေသည်။

ထိုအချိန်တွင် ဗဒင်ဆိုသော လူငယ်တစ်ယောက် ပန်းပဲဖိုကို ရောက်လာပြီး ပန်းပဲဆရာ ဘိုးလှော်၏ အခက်အခဲကို ကြားသိ၍ ကူညီရန်လာခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

ကြို့ကုန်းရပ်ကွက် ဆပ် ခြေဖုံး လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ထိုင်၍ လက်ဖက်ရည်သောက်နေစဉ် ကြို့ကုန်း ပုလိပ်ဌာနမှ ဆားပုလင်းတစ်ဦးက ဆောင်ဓားများကိုသာ ပြုလုပ်ပေးနေသော ပန်းပဲဆရာတစ်ဦးကို နောက်နောင် ဆောင်ဓားများ မပြုလုပ်ရန် တားမြစ်ခဲ့ကြောင်း သူ့မိတ်ဆွေကို အာဖေါင်အာရင်းသန်သန်ပြောပြနေရာ ဗဒင်က ဘိုးလှော်အကြောင်းကိုကြားသိပြီးနောက် ထိုဆားပုလင်းအား လက်ဖက်ရည်ဖိုး စီးကရက်ဖိုး အကုန်ခံကာ ဦးဘိုးလှော်၏ နေရပ်လိပ်စာကို မေး မြန်းစုံစမ်းသိရှိရပြီး ယခုကဲ့သို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ဗဒင်က ဘိုးလှော်နှင့် စကားစမြည်ပြောကြည့်ပြီးနောက် ပန်းပဲပညာအပေါ် နက်နက်ရှိုင်းရှိုင်း သိနားလည်ထားသော ဘိုးလှော်၏ပညာ မတိမ်ကော မပပျောက်စေလိုသော

www.burmeseclassic.com

www.burmeseclassic.com



ကြဖြင့် ဘိုးလှော်၏ အခက်အခဲကို သူကူညီရန် ဆုံးဖြတ်၏။

ထို့နောက် ဘိုးလှော်ကိုခေါ်ကာ ကြို့ကုန်း ပုလိပ်ဌာန၏ ဌာနအုပ်ဖြစ်သော ဦးအေးမောင်ထံ ခေါ်ဆောင်လာခဲ့၏။

ဦးအေးမောင်မှာ ဗဒင်နှင့် ရင်းနှီးကျွမ်းဝင်သူဖြစ်၏။

ဗဒင်က ဘိုးလှော်၏ အခက်အခဲကို ပြောပြကာ ဘိုးလှော်အနေဖြင့် ဆောင်စားများကို လုပ်ခွင့်ပေးပါရန် ဗဒင်က ဖျောင်းဖျခွင့်ပန်ပေးသည်။

ခွင့်ပန်ပေးသည်ဆိုရာတွင် စားလုပ်ခွင့်အတွက် အခွန်ဆောင်သည့်အနေဖြင့် တစ်နှစ်လျှင် တစ်ရာ့နှစ်ဆယ်ကျပ်ပေးဆောင်မည်ဖြစ်ကြောင်း ဆယ်နှစ်စာ တစ်ထောင့်နှစ်ရာကျပ်ကို ယခုပင် ကြိုတင်ပေးဆောင်သွားမည်ဟု ပြောလျက်ဗဒင်က ဦးအေးမောင်လက်ထဲသို့ ငွေစက္ကူထုပ်ကို ထိုးထည့် ပေးလိုက်ခြင်း ဖြစ်၏။

ဗဒင်သည် ဦးအေးမောင်အကြောင်းကိုကြတွင်းသိအစင်းသိ ဖြစ်၏။

ဦးအေးမောင်သည် မြင်းလောင်းဝါသနာပါလှ၍ သူရသည့် လခနှင့် မလောက်သူ ဖြစ်သည်။

ထိုအခါ အပြင်ဝင်ငွေများကို လစဉ်မှန်မှန်ကန်ကန် ယူနည်းလမ်းဖြင့် ရှာဖွေလေ့ရှိသည်။

ဌာနအုပ် ဦးအေးမောင်က....



'ကိုဘိုးလှော်... ခင်ဗျားကို ကျုပ် ခွင့်ပေးလိုက်သော်လဲ ခင်ဗျားတဲ့မှာ ချိတ်ထားတယ်ဆိုတဲ့ ဆိုင်းမှာတော့ ရုံးပန်ရုံးခါ ကျုပ်ဌာနက ဆားပုလင်း လေက်လာရင် ကျောဘက်လှန်ပြီး မှောက်ထားပေးပါဗျာ၊ ကျုပ်က ခွင့်လွှတ်ပေးမယ့် ဥပဒေ သဘောက ရှိသေးတယ် မဟုတ်လား'

ဘိုးလှော်သည် ဗဒင်ကို အလွန်ကျေးဇူးတင်ကြောင်းပြောဆို၏။

လိုအပ်သာရှိလျှင် အချိန်မရွေး ခိုင်းစေရန် ပြော၏။

ဗဒင်က မည်သို့မျှ မဆိုဘဲ ပြုံးရုံသာပြုံး၍ နှုတ်ဆက်ပြန်သွားလေသည်။

ထိုအချိန်မှစ၍ ယခုတိုင် ကိုဗဒင်ကို ပြန်လည်မမြင်တွေ့ရတော့ချေ။

ဘိုးလှော်သည် ထိုနေ့မှစ၍ မီးရဲရဲဆွဲကာ သံရဲရဲဖုတ်ပြီး တူသံ ညံညံပေး၍ ဓားကောင်းများ လုပ်ခဲ့သည်။

ပန်းပဲဖိုက နာမည်ရလာသည်။

သို့သော် ဘိုးလှော်က ဓားကောင်းအတွက် စျေးကောင်းတောင်းရာ အလုပ်အပ်သူကတော့ ရှားပါးလှသည်။

ဆားပုလင်းရောက်လာသောအခါ သူ့ရှေ့မှာပင် ဘိုးလှော်က ဆိုင်းဘုတ်ကို မှောက်၍ ပြောင်းပြန် ပြန်ချိတ်ထားလိုက်၏။

ဆားပုလင်းကတော့ ဘာမှမပြောတော့။

ဘိုးလှော် အတော်ရယ်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



…ျုတို့၏ ဥပဒေဆိုသည်မှာ ငွေနှင့်ဖက်ထားလျှင် …ရြက ဆိုင်းဘုတ်လိုပဲ မှောက်လိုမှောက် လှန်လိုလှန်၍ …ည် မဟုတ်ပါလား။

နောက်ပိုင်းတွင် ဆားပုလင်းကိုယ်တိုင်က ဓားမြှောင်ကောင်းကောင်း တစ်ချောင်းစ နှစ်ချောင်းစ လာအပ်သည်။

ဘိုးလှော်ကတော့ ဆားပုလင်းပေမင့် ဈေးကိုလိုးဝလျှော့မယူ။

သံကောင်းကောင်းနှင့် ဓားကောင်းကောင်းကို ရသည်မို့ ဆားပုလင်းကလည်း ဈေးမဆစ်ပေ။

သို့နှင့် ဆားပုလင်းကိုယ်တိုင်က ရာဇဝင်လူဆိုးအချို့ကို ခေါ်လာပြီး သူတို့လိုအပ်သောဓားများကို ဘိုးလှော်ထံ အပ်နှံလျက် လုပ်ကိုင်ပေးစေလေ၏။

ထိုအချိန်မှစ၍ ဘိုးလှော် သိလိုက်သည်မှာ ဓားကောင်းကောင်းကို လူကောင်းတွေက ငွေများများပေး၍ မကိုင်ဆောင်ကြခြင်းပင်။

လူဆိုးလူမိုက်တွေကသာ ဓားကောင်းကောင်းကို မက်မောပြီး ငွေများများပေးလျက် ကိုင်ဆောင်ကြပေသည်။

ဘိုးလှော်အတွက် ဝက်ဖြစ်မှ ဈေးကြောက်လို့မရတော့။

သုံးသူတွေက မိမိတို့ဘာသာ ခေတနာကံအလျောက် သုံးကြ။

( ၂၉ )

ဘိုးလှော်ကတော့ အသက်မွေးကျောင်းမှုအတွက် တတ်အည့် ပညာ မနေသာဘဲ ဓားကောင်းကို ဈေးကောင်းနှင့် ထုတ်လုပ်ပေးနေလေတော့သည်။

မည်သို့ဖြစ်စေ ဘိုးလှော်အတွက် အလုပ်ကတော့ မပေါ်များလှပါ။

တစ်လသေသေ တစ်လဆန်းဆန်းမှ ဓားတစ်လက်နှစ်လက်ကောင်း လုပ်ပေးရကား ဓားကောင်းအတွက် ငွေကောင်းကောင်း တန့်ဖိုးမြင့်၍ယူထားသော်လည်း တစ်လနှင့်တစ်လ ဆန်ဖိုး၊ ဆီဖိုး၊ မီးသွေးဖိုးမျှပင် ယောက်ငအောင် အနိုင်နိုင်ဖန်တီးနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘိုးလှော်.... ကိုဘိုးလှော်၊ ကိုဘိုးလှော် ရှိပါသလား'
ကမှ ညှောင်နှာနှာအသံဖြင့် ခေါ်ငင်နေသံကို ကြား၍ လှော်သည် လက်ထဲမှ မီးရဲရဲသံချောင်းကို ပစ်ချကာ ဆတ်ကနဲ ရပ်လိုက်သည်။

တဲဝမှ ခေါ်နေသူမှာ အလုပ်အပ်ဖို့ဖြစ်လိမ့်မည်။

ဘိုးလှော်ထံသို့ အလုပ်အပ်မည့်သူမှအပ မည်သူမျှ လာလေ့လာထ မရှိချေ။

အကြောင်းမှာ ဘိုးလှော်သည် လူ့ကန့်လန့် လူ့ခွစာ ဖြစ်ရာ မည်သူနှင့်မျှ စကားပြော အဆက်အသန်း မထည့်ရကား အကြောင်းမရှိဘဲ ဘိုးလှော်ထံ မည်သူမျှ လာလိုစိတ် မရှိကြချေ။

ဘိုးလှော်က တဲဝသို့ ခပ်သွက်သွက်လျှောက်သွားပြီး....

'လာဗျို့.... လာ ကျုပ် ဒီမှာရှိတယ်'

ဘိုးလှော် အသံပေးသဖြင့် တဲအတွင်းသို့ လူတစ်ယောက် ဝင်လာသည်။

လူပုံပန်းက ကန္တာကလျှနှင့် မိန်းမလျာပုံပေါက်နေပေရကား ဘိုးလှော် နှုတ်ခမ်းကိုမဲ့မိပေ၏။

သို့သော် အလုပ်ကိုမျှော်နေသူဖြစ်ရကား မျက်နှာထားကို ပြင်လျက်....

'ကြွပါ အထဲဝင်ပြီး အလုပ်စားပွဲမှာထိုင်ပါ၊ ပြီးတော့ နားနားနေနေ အလိုရှိတာကိုပြောပါ၊ အင်း တစ်ခုတော့ ရှိတယ်၊ ကျုပ်က ပန်းပဲဆိုပေမယ့် တဲဝမှာ ရေးထားတဲ့



ဆိုင်းဘုတ်လိုပဲ စားကောင်းကလွဲရင် တခြား ဘာမှ မလုပ်နိုင်ဘူး'

ဝင်လာသော 'မိန်းမလျာပုံ' ခပ်နွဲ့နွဲ့လူသည် တဲငယ် မလှမ်းမကမ်းတွင်ချထားသော ညစ်ပတ်ဟောင်းနွမ်းနေသော စားပွဲတစ်လုံးရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ဘိုးလှော်ကမူ ထိုင်ခုံက တစ်လုံးတည်းရှိရာ သူ့အတွက် ထိုင်ခုံမရှိပေရကား စားပွဲပေါ်တွင် တင်ပါးလွှဲ ဝင်ထိုင်လိုက်သည်။

မိန်းမလျာပုံ ခပ်နွဲ့နွဲ့လူက စားပွဲပေါ်သို့ မျက်လုံးဝေ့ကြည့်ရာ ဇိနတ္ထပကာသနီကျမ်း သားရေဖုံးစာအုပ်နှင့် အင်္ဂလိပ်လို ရေးသားထားသော ရှိတ်စပီးယား၏ ပြဇာတ်တွဲစာအုပ်ကို မြင်လျှင် မျက်လုံးပြူးသွားမိ၏။

ထိုလူက....

'ဟင် ကိုဘိုးလှော် ခင်ဗျားက ရှိတ်စပီးယားပြဇာတ်တွေ ဘာတွေ ဖတ်နိုင်သလား'

'ကျုပ်က ဘာကြောင့်မဖတ်နိုင်ရမှာလဲ'

ဘိုးလှော်က မေးခွန်းကို မေးခွန်းနှင့် တုံ့ပြန်လိုက်လေရာ ခပ်နွဲ့နွဲ့လူသည် မည်သို့မျှ မပြောသာတော့ဘဲ နှုတ်ပိတ်သွားတော့၏။

ဘိုးလှော်က....

'ဒီကမိတ်ဆွေ ကျုပ်ဆီလာတာ စပ်စုဖို့ဆိုတော့ မဟုတ်ထန်ကောင်းပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျော မဟုတ်ပါဘူးဗျာ၊ ခွေးကောင်းတစ်လက် အပ်ပါ'

'ခွေးကောင်းရင် ဈေးကောင်းရမယ်ဆိုတာတော့ သိပါတယ်နော်'

'ကြိုက်ဈေးကိုပြော၊ ကျုပ်က မငြင်းပါဘူး'

'ကောင်းဗျာ၊ ဒါဆိုလဲ ခင်ဗျားလိုတဲ့ ခွေးမျိုးကိုသာ ပြောပေတော့ စိတ်ကြိုက်ဖြစ်စေရမယ်'

ထို ခပ်နွဲ့နွဲ့လူက....

'ရော့ ဒါက အလုပ်အတွက် စရန်ငွေ အလုပ်ကိုတော့ နောက်တစ်ပတ်တနင်္ဂနွေနေ့မှာလာအပ်မယ်၊ အခုက သေချာအောင် ကြိုတင်ပြီး ဘွတ်ကင်လုပ်တဲ့သဘောပဲ'

ဟု ပြောကာ စားပွဲပေါ်သို့ ရာတန်သုံးရွက် တင်ပေးလိုက်၏။

ထိုလူက ရာတန်သုံးရွက်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး....

'အလုပ်ကို ဘာကြောင့် အခု မအပ်ခဲ့နိုင်တာလဲ'

'ကျုပ်မိတ်ဆွေတစ်ယောက်နဲ့ ဘယ်လိုခွေးမျိုး လုပ်သင့်တယ် ဆိုတာ တိုင်ပင်ရဦးမှာမို့ပါ'

'ကောင်းပြီလေ ဒါဆိုလဲ နောက်တနင်္ဂနွေနေ့မှာ ဆက်ဆက် လာဖြစ်အောင် လာခဲ့ပေါ့၊ ခင်ဗျားအကြောင်းပျက်ကွက်ရင်တော့ ဒီ စရန်ငွေ ဆုံးပြီမှတ်ပေတော့'

'ရပါတယ်၊ ကဲ ဒီလိုဆို ကျုပ်ကို ပြန်ခွင့်ပြုဦးနော်'

'ဟာ ဒီလိုပြန်လို့ ဘယ်ရဦးမလဲ၊ ကျုပ်ဆီမှာ အလုပ်အပ်တဲ့လူတိုင်း နာမည်နဲ့ အလုပ်အကိုင်ကို ပြောရတယ်ဗျ'



'ဟင်....ဘာလုပ်ဖို့'

'ကျုပ်ဘာသာ ဘာလုပ်လုပ်ဗျာ၊ အေး....တစ်ခုရှိတယ်၊ ခင်ဗျားနာမည်နဲ့ အလုပ်အကိုင်သိရလို့ ကျုပ်ဘာတစ်ခုမှတော့ ဒုက္ခမပေးဘူး၊ အာမခံတယ်'

ထိုခပ်နွဲ့နွဲ့လူသည် ခေါင်းကုတ်ကာ....

'ကျုပ်က ခင်ဗျားကို လိမ်ပြောရင်ကော ခင်ဗျားအမှန်ကို သိပါ့မလား'

'လိမ်ပြောလို့တော့ မသင့်ဘူးလေ၊ ကျုပ်အခု လုပ်ပေးရမှာက အသက်နဲ့ရင်းနှီး ပတ်သက်နေတဲ့ခွေးဗျ၊ ခင်ဗျားတို့ကို အနီးကပ် အကာအကွယ်ပေးမယ့် ခွေးကို လုပ်ပေးတဲ့သူကိုမှ ခင်ဗျားတို့က လိမ်ညာရင် ကျုပ်လုပ်ပေးတဲ့ခွေးကလဲ ခင်ဗျားတို့ကို တစ်ပတ်ရိုက်သွားလိမ့်မယ်'

'အင်း....ကျုပ်က အစွဲအလမ်းတွေ စိတ်ဥပဒေတွေတော့ မရှိပါဘူး၊ သို့သော်လဲ ခင်ဗျားအနေနဲ့ ကျုပ်နာမည်ကို အမှန်အတိုင်းပြောရင် တခြားဘယ်သူ့ကိုမှ မပေါက်ကြားပါဘူးလို့ ကတိပေးရင်တော့ ကျုပ်နာမည်ကို ပြောမယ်'

'ကျုပ် အထူးကတိပေးဖို့တောင် မလိုပါဘူးဗျာ၊ ကျုပ်တစ်သက်လုံးနှုတ်လုံအောင် စောင့်စည်းခဲ့တာ ကျုပ် သဘာဝအစပဲဗျာ'

'အောင်ပြီ ဒီလိုဆိုရင် ကျုပ်နာမည်ကိုပြောမယ်၊ကျုပ်ကို ကိုသင်းအောင်လို့ ခေါ်တယ်ဗျ'

'ဩ....ကိုသင်းအောင်တဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်အလုပ်အကိုင်ကတော့ မည်မည်ရရ ဘာမှ မပြောရှိပါဘူး၊ ကျုပ်က ငွေကြေးအတန်အသင့် ပြည့်စုံတော့ စားနေတယ်ဆိုပါတော့'

'ဒါနဲ့များ ဘာကြောင့် ခါးကောင်းလိုချင်ရတာလဲ'

'ဒါတော့ဗျာ လူတစ်ကိုယ် အကြောင်းတစ်မျိုးပေါ့'

ဟု ကိုသင်းအောင်က ခပ်ဖော့ဖော့ ဖြေလိုက်သည်။

ကိုသင်းအောင် ရုပ်ဖျက်လာပုံကိုသာ ဗဒင်မြင်လျှင် အူနှိပ်၍ ရယ်ပေလိမ့်မည်။ မိန်းမလျာ တစ်ယောက်အတိုင်း ပကတိတူညီလှပေသည်။

ဘိုးလှော်က....

'ခင်များပုံကြည့်ရတာကတော့ မဟုတ်မှလွဲရော ခါးပိုက်နှိုက်စားတယ် ထင်ပါရဲ့ဗျာ'

'ဘုရားစူးရစေရဲ့ ရာဇဝတ်မှု လုပ်ကိုင်မစားပါဘူးဗျာ'

'ဘာပဲဖြစ်ဖြစ် ခင်များကိုတော့ ကျုပ်ဆုံးမစကား ပြောလိုက်ဦးမယ်၊ လူတွေအပေါ် ကရုဏာထားလျှင် လူတွေရဲ့အချစ်ကိုရမယ်၊ ဥစ္စာနေအပေါ် လောဘတက်လျှင် ဒုစရိုက်ဆိုးကျိုးရမယ်၊ လောဘကို ဒေါသပွားရင်တော့ သေမင်းနဲ့ကြုံရတတ်တယ်၊ လောကမှာ သစ္စာတရားထက် မြင့်မားသောအကျင့် မရှိဘူး၊ မုသားထက်ယုတ်ညံ့တဲ့ ဒုစရိုက်လဲ မရှိဘူး'

ကိုသင်းအောင်က မတ်တတ်ရပ်ကာ ဘိုးလှော်ကို ဆလူရိုက်လိုက်ပြီး....



'အလွန်ကောင်းတဲ့စကားတွေပါပဲ၊ ကျုပ်မှတ်ထားတယ်၊ ကဲ....အခုတော့ ကျုပ်ကို ပြန်ခွင့်ပြုဦးမျှ'

ဟုပြောကာ ချာခနဲလှည့်၍ တဲထဲမှ ထွက်ခွာသွားသည်။

ဘိုးလှော်က ခပ်နွဲ့နွဲ့အမူအရာများ လုံးဝမရှိတော့ဘဲ ခေါင်းတည်မောင်းတည် ခပ်ကြွမ်းကြွမ်း ခြေလှမ်းများဖြင့် တဲထဲမှထွက်ခွာသွားသော ကိုသင်းအောင်ကို အံ့အားသင့်စွာ ကြည့်ရင်း ကျန်ရစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေဘုံစံ ခေတ်ပုံလုပ်ငန်း

'ကြိုဆိုပါတယ်ဗျာ....ငွေသာရှိရင် ဓအောင်မင်းက ဘာမဆိုလုပ်တယ်'

(ခေတ်ပုံ အောင်မင်း)

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၈ )

ခေတ်ပုံအောင်မင်းသည် သည်ကနေ့မှာ အထူးချိန်း တစ်ခု ရှိသည်။

ဂျာမဏီလုပ် ဖဲန့်တက် အမျိုးအစား လက်ဆွဲကင်မရာ အသေးကိုယူလျက်ကာကွယ်ရေးဌာနအတွင်းဝန်မစ္စတာဂဇေရ့ ဗလီ၏ နေအိမ်သို့ တက်သုတ်နှင်ခဲ့လေသည်။

ခေတ်ပုံ အောင်မင်းနှင့် ချိန်းဆိုထားသည်မှာ မစ္စတာ ဂဇေရ့ ဗလီ၏သမီး ဖြစ်ပေသည်။

မစ္စတာ ဂဇေရ့ ဗလီတွင် သမီးသုံးယောက်ရှိပေရာ အကြီး နှစ်ယောက်က အင်္ဂလန်တွင်နေထိုင်ပြီး အငယ်ဆုံးသမီးကသာ မြန်မာနိုင်ငံသို့ လာရောက် တာဝန်ထမ်းဆောင်နေသော ဖခင် ကြီးနှင့် လိုက်ပါ၍ မြန်မာပြည်တွင် နေထိုင်လျက်ရှိခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သည် မြန်မာပြည်၌ အလွန်ပျော်သည်။
ရေမြေနှင့် မြန်မာ့လေ့ကို အလွန်ချစ်၏။
ယဉ်ကျေးမှုနှင့် မြန်မာ့အငွေ့အသက်များကို အလွန်
ဖြစ်လေသည်။

ထို့ကြောင့် သူမ၏ နာမည်ရင်းကိုပင် ဖျောက်ဖျက်ကာ မြန်မာအလွန်ဆန်သော မခင်နှင်းဆီဟူသည့်အမည်ကို ပြောင်းလဲ ခံယူလိုက်လေသည်။

ဓာတ်ပုံအောင်မင်း ကိုယ်၌ကလည်း သူမကို မခင်နှင်းဆီ ဟူ၍သာ သိပေသည်။

အင်္ဂလန်သူမခင်နှင်းဆီ၏ အလွန်ပြင်းထန်သော ဝါသနာ တစ်ခုမှာ ဓာတ်ပုံ အလှရိုက်ခံသည့်အလုပ် ဖြစ်ပေသည်။

ဓာတ်ပုံအောင်မင်းမှာလည်း ဖခင်၏ အမွေဓာတ်ပုံပညာ ဆက်ခံရရှိခြင်း၊ မိမိကိုယ်၌ကလည်း ပါရမီဓာတ်ခံ အနည်းငယ် ရှိခြင်းတို့ကြောင့် ဓာတ်ပုံပညာဖြင့် နာမည် အသင့်အတင့်ရကာ ခေတ်ပညာတတ် လူ့မလိုင်လွှာ အသိုင်း အဝန်း၌ လူသိများလာပေသည်။

အခြား ဓာတ်ပုံပညာရှင် အတော်များများမှာ အင်ဖိုး သာရိုက်ကြခြင်း၊ အောက်ဖိုးရိုက်သော ဓာတ်ပုံဆရာများ ရှိသော်လည်း အောင်မင်းကဲ့သို့အသက်ငယ်ရွယ်သူ နည်းခြင်း တို့ကြောင့် အောင်မင်းကို လူကြိုက်များစရာ ဖြစ်လာခဲ့လေ သည်။

အောင်မင်းကတော့ အသက်ငယ်ရွယ်သူ လူလတ်ပိုင်း ဖြစ်ရုံသာမက သွက်လက်ဖျတ်လတ်သည်၊ ဖင်ပေါ့သည်။



အထူးသဖြင့် မိန်းကလေးတွေကို ဓာတ်ပုံရိုက်ရ ဆိုလျှင် အာရုံလန်းဆတ်သည်။ ဉာဏ်ရွှင်သည်။

လူကလည်း ကြွကြွရွရွနှင့် ကင်မရာ ထောင့်ကောင်း အလင်းအမှောင် အားဖြည့်ဖို့ စီရိယထုတ်ရန် ဝန်မလေး။

ထိုအကြောင်းများကြောင့် အထက်တန်းလွှာ မိန်းကလေး များက ဓာတ်ပုံအောင်မင်းကို သဘောတွေ့ မနေနိုင်ကြ လေ၏။

ဓာတ်ပုံအောင်မင်းကတော့ သူ့ကိုယ်သူ ကောင်းစားချိန် ရောက်ပြီဟု ထင်သည်၊

အကြောင်းမှာ တစ်နေ့တစ်နေ့ လူကုံထံအသိုင်းအဝန်း မှ သမီးပျိုလေးများက ဓာတ်ပုံရိုက်ရန် ချိန်းဆိုလုပ်ကြသည် မှာ ကိုအောင်မင်း ဓာတ်ပုံခန်း၏နံရံတွင် ချိတ်ထားသော အလုပ်ချိန်ပြဇယား ကျောက်သင်ပုန်းတွင် နေ့ရက်[illegible] မလစ်လပ်အောင် ပြည့်နှက်နေလေရာ အချို့ နေ့ရက်[illegible] ချိန်းဆိုသော ဓာတ်ပုံအရိုက်ခံလိုသူ မိန်း[illegible] ချိန်းဆိုရက် လပ်မရှေ့ဆိုင်းပြီး ကျောက်သင်ပုန်း[illegible] ရေးခြစ် [illegible]တ်ထားသည်အထိ အလုပ်တွင်[illegible] မဟုတ်ပါလား။

အင်္ဂလန်သူမလေး မခင်နှင်းဆီ၏ [illegible] သောအခါ သူမသည် အလှအပ [illegible] ပြီ။

မြန်မာလို ဝတ်စား [illegible] မြန်မာ အမျိုးသမီးများနှင့်စာလျှင် [illegible]

www.burmeseclassic.com

www.burmeseclassic.com



…သာကြောင့် သူ၏ စရိုက်က မြင်သာနေ၏။ အသား…ည်း ထူးခြား ထင်ရှားနေသည်။

…သို့ပင်ဖြစ်စေ အောင်မင်းကတော့ သူမ၏ အနောက်…၊ အသွင်အပြင်များကိုဖုံးကွယ်ဖျောက်ဖျက်ပြီး မြန်မာဆန်သူ မိန်းကလေးတစ်ယောက် ဖြစ်အောင် သူ့ကင်မရာပညာဖြင့် ဖန်တီးပြုလုပ်နိုင်စွမ်းပေသည်။

ထိုဖန်တီးနိုင်စွမ်းအားသည်ပင် အောင်မင်း၏ ဓာတ်ပုံပညာအရည်အချင်း ဖြစ်ပေသည်။

ထိုကာလက မြန်မာသမီးပျိုများသည် အင်္ဂလိပ်နာမည်ပေးခြင်း၊ အင်္ဂလန်သူများကို တုပ ဝတ်စားဆင်ယင်ခြင်းဖြင့် အမျိုးဖျက်အလုပ်များ လုပ်နေကြချိန်တွင် အင်္ဂလန်သူ…စ်ကြီးကတော့ မြန်မာဆန်ဖို့ ကြိုးစားနေလေရာ အောင်…င်းသည် ထိုအချက်ကို တွေးမိရင်း အနောက်တိုင်းကို အားကျနေသော မြန်မာမလေးများကို နားရင်းတစ်ချက်စီ အုပ်ပစ်ချင်စိတ် ပေါ်လာပေ၏။

'အိုင်ဆေး ကိုမင်းအောင်…ချိန်းတဲ့အချိန် အတိအကျရောက်လာတာ ကျေးဇူးတင်ပါတယ်'

မခင်နှင်းဆီက အင်္ဂလိပ်သံဝဲဝဲဖြင့် မြန်မာစကားကို တစ်လုံးချင်း ခပ်လေးလေး ပြောလိုက်လေသည်။

'အားလုံးအဆင်သင့်ဖြစ်ရင် ကျွန်တော် ချက်ချင်းရိုက်ချင်တယ်၊ ကျွန်တော့်မှာ နောက်ထပ်ချိန်းဆိုထားတဲ့အလုပ်ကလေးတွေ ရှိသေးလို့ပါ'



ကိုအောင်မင်းက အလုပ်ကိစ္စကို ရှေ့တန်းတင်သည်။

ကိုအောင်မင်းက ခပ်ကြွားကြွားပြောတတ်သူ ဖြစ်လည်း အလုပ်ကတော့ အာ…နိပင် သည်ကနေ့အတွက် သည်။

'ရပါတယ်…မစ္စတာကိုအောင်မင်း၊ ကျွန်မကို မအားလပ်တဲ့ကြားက ချိန်းဆိုထားရက်ထက် စောပြီး လာပေးတဲ့အတွက် ကျေးဇူးတင်စကား ပြောချင်ပါသေးတယ်၊ ကျွန်မမှာ ကိုအောင်မင်းရောက်လာရင် အဆင်သင့်ဖြစ်အောင် စီမံထားပါတယ်'

ဟု မခင်နှင်းဆီက ချောင်စွာပြောသည်။

အောင်မင်းက သူ့လက်ထဲမှ ငွေရောင် ရွှေရောင်မြန်မြ…များကို မခင်နှင်းဆီ၏ အစေအပါးဖြစ်သူ လူရွယ်နှစ်ဦးအား ကိုင်စေသည်။

အောင်မင်းသည် ဤဘက်နှစ်ပိုင်းတွင် အလုပ် အလွန်များလာရာ လက်တိုလက်တောင်းခိုင်းသူကောင်လေးတစ်ဦးအား လခ ကောင်းကောင်းနှင့် မွေးမြူပါသော်လည်း ပါးစပ်၊ မျက်လုံး၊ လက်များ မစောင့်စည်းဘဲ လက်ဆော့ခြေဆော့လုပ်၍ အောင်မင်းအတွက် အရှက်ရဖွယ် ဖြစ်ခဲ့ခြင်းတို့ကြောင့် ထိုသူကို အလုပ်ထုတ်ပစ်ခဲ့၏။

ထိုအတွက် လူပိုခေါ်ရန် အောင်မင်းစိတ်ကုန်ကာ တစ်ဦးတည်း ကြဲနေခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



...းဆီ၏အကြိုက်အတိုင်း အိမ်ရှေ့ဥပဇာ၏မြက်ခင်း ...ည်းကောင်း၊ ပန်းခြံထဲတွင်လည်းကောင်း စိတ်တိုင်း ...င် သဘာဝအလင်းရောင်သုံး၍ အချိန်ပေး၍ရိုက်ကူး ...ဖြစ်ရာ မခင်နှင်းဆီမှာ အထူးပင် ကျေနပ်ပျော်ရွှင်နေပါလေသည်။

ထိုအချိန်၌ အောင်မင်းက ...

'မခင်နှင်းဆီကို ကျွန်တော် အကြံတစ်ခုပြုချင်တယ်၊ မခင်နှင်းဆီ အခု ဆင်ယင်ထားတဲ့ အဝတ်အစားတွေနဲ့ မြန်မာဆန်တဲ့ ညှော်ခန်းတစ်ခုမှာသာ ဓာတ်ပုံရိုက်ခွင့်ရရင် အလွန်ပဲ ကျက်သရေရှိတဲ့ ဓာတ်ပုံများရနိုင်ပါတယ်၊ နောက်တစ်ကြိမ်ရိုက်ရင် အဲဒီလို ညှော်ခန်းမျိုးမှာ စီစဉ်စေလိုပါတယ်'

အောင်မင်း၏စကားကိုကြားလျှင် မခင်နှင်းဆီ၏မျက်နှာ ဝင်းပသွားသည်။

'အို... မစ္စတာ ကိုအောင်မင်းရှင့်၊ ရှင်ပေးတဲ့ အကြံကို ကောင်းစွာ ကျွန်မလက်ခံပါတယ်၊ ရှင့်ဆန္ဒ အခုပဲ ပြည့်ပါလိမ့်မယ်၊ အကြောင်းက ကျွန်မတို့ အိမ်ဂေဟာရဲ့ ညှော်ခန်းဟာ ရှင့်ဆန္ဒမှာ၍တဲ့အတိုင်း မြန်မာ့ပရိဘောဂများနဲ့ဆင်ယင်ဖွဲ့နှောင်ထားသောကြောင့်ပါပဲ၊ ကျွန်မ ဖခင်က မြန်မာ့ဓလေ့ ပစ္စည်းများကို အလွန်ခုံမင်စုဆောင်းလေ့ရှိပါတယ်၊ ခုပဲ.... အချိန်ရရင် တစ်ဆက်တည်း ရိုက်သွားပါလား ကိုအောင်မင်း'

ဟု မခင်နှင်းဆီက မြန်မာလို မပီမသဖြင့် ဝမ်းသာစွာ ပြောသည်။



အောင်မင်းကလည်း ထိုအကွက်ကို ဆိုက်အော... ဖန်တီးခဲ့ခြင်းပင်။

အတွင်းဝန် မစ္စတာ ဂရေ့ဗလီသည် မြန်မာ့ ... အဆောင် ရှေးဟောင်း ပစ္စည်းများကို မက်မက်မောမော ရှာဖွေစုဆောင်းလျက် သူ၏ညှော်ခန်း တစ်ခုလုံးကို ဆင်ယင်ထားကြောင်း အောင်မင်း ကြိုတင် သိထားသည် မဟုတ်ပါလား။

'ကောင်းပြီ အဆင်ပြေပါတယ်၊ ကျွန်တော် တလက်စတည်း ရိုက်သွားပါ့မယ်'

ကျယ်ဝန်းလှသော ညှော်ခန်းထဲသို့ ဝင်လာကြသည်။

ညှော်ခန်းကြီးတစ်ခုလုံးမှာ ပန်းပုရုပ်ကြွဖော် ကုလားထိုင်ကြီးများ၊ စားပွဲဝိုင်းကြီးများ၊ ပန်းကနုတ်ပေါင်ထပ် မြန်မာ့ပန်းချီကျော်များ၏ ဆီဆေးပန်းချီကားများ၊ အလယ်တင်စားပွဲပေါ်မှ မြန်မာ့သင်္ကေတရိုးရာ စောင်းအလှ၊ မြန်မာ့စဉ့်ပန်းအိုးများ၊ ကွမ်းအစ် ယွန်းအစ်နှင့် ရွှေခြည်ထိုးကန့်လန့်ကာများဖြင့် ပြည့်လျှမ်းနေရကား မြန်မာ့လူ့ကုံထံ သူကြွယ်ကြီးတစ်ဦး၏ ညှော်ခန်းဟု ထင်မြင်ရပေသည်။

အခန်းထောင့်မှ မဟော်ဂနီရောင်ဇန္ဒရားကြီးနှင့် ဂရမ်မိုဖုန်း ဓာတ်စက်တို့သာ အနောက်တိုင်းဆန်သော ပစ္စည်းများ ရှိပေသည်။

အောင်မင်းက မခင်နှင်းဆီကို နေရာအနေအထားအမျိုးမျိုးဖြင့် ဓာတ်ပုံများစွာ ရိုက်ပြီး နောက်ဆုံးတွင်....

www.burmeseclassic.com

www.burmeseclassic.com



...နှင်းဆီ.... ဒီနံရံနားမှာ ရပ်ပေးပါ၊ ဒီနေရာမှာ ...ရင်တော့ တော်သင့်ပါပြီ'

...ဟုပြောကာ နံရံတစ်နေရာအနီးတွင် သူမအား ရပ်စေသည်။

မြန်မာ့နန်းတော်ပုံ ပန်းချီကားတစ်ချပ် ချိတ်ထား၏။

'မပြင်က အလင်းရောင် နည်းနည်းလိုတယ်၊ ကျေးဇူးပြုပြီးတော့ ပြတင်းတစ်ချပ်ကို ကန့်လန့်ကာ ဖယ်ပေးပါ'

ဟု အောင်မင်းက ခိုင်းသဖြင့် အစေအပါး လူရွယ်တစ်ဦးက ဆောင်ရွက်ပေးလေသည်။

ထိုနေရာတွင် မခင်နှင်းဆီ ရပ်လိုက်သောအခါ နံရံတွင် ...တ်ဆွဲထားသော မြန်မာ့ကျောက်စီ ဓားတစ်ချောင်းသည် မခင်နှင်းဆီခေါင်းနှင့် မလှမ်းမကမ်းတွင် ယှဉ်လျက် မြင်ရသည်။

ထိုမြန်မာ့ ကျောက်စီဓားသည်ကား ဗဒင်ပြန်လည်ရယူလိုသော ကိုးသချႅိုင်းသံဓားခေါ်သော ဓားပေတည်း။

အကွင်းဝန် မစ္စတာ ဂရေ့ဗလီက ရယူ စုဆောင်းထားခြင်းပေတည်း။

အောင်မင်းက ထိုနေရာတွင် မခင်နှင်းဆီ၏ ဓာတ်ပုံကို ရှုထောင့်စုံမှ ခြောက်မျိုးခန့် ရိုက်ယူလိုက်သည်။

အောင်မင်း ရိုက်ယူလိုက်သော ဓာတ်ပုံတိုင်း၌ နံရံပေါ်မှ ကိုးသချႅိုင်းသံဓား၏ပုံသည် အနီးကပ် ပွင့်ပြင့်ဖြစ်လျက်ရှိလေသည်တကား။



အောင်မင်းတစ်ယောက် ကျေနပ်ပျော်ရွှင်စွာ သုတ်သုတ်ဖြင့် ပြန်လာခဲ့ချိန်မှာပင် ဂရေ့ဗလီ၏ အိမ်ကြီးအတွင်း၌သည်း မခင်နှင်းဆီခေါ် အင်္ဂလန်သူလေး

'အလွန် သဘောကောင်းတဲ့ ဓာတ်ပုံဆရာပဲ'

ဟု မြန်မာလို ပီသစွာ ရေရွတ်နေလေသည်။

* * *

နောက်သုံးရက်မြောက်နေ့တွင် အောင်မင်း၏ ဓာတ်ပုံဆိုင်တွင်းသို့ အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦး ရောက်လာ၏။

လောင်းကုတ်ရှည်ကြီးထဲလက်နှိုက်လျက်သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ မျက်မှန်ခပ်ကားကားတစ်လက် တပ်ပြီး ရုပ်ဖျက်ထားသော ထိုလူမှာ ဗဒင်ပေတည်း။

'ကိုအောင်မင်း ဓာတ်ပုံတွေ ရပြီလား'

'အဆင်သင့်ပဲ ကိုဗဒင်'

အံဆွဲထဲမှ ဓာတ်ပုံခြောက်ပုံ ထုတ်ပြသည်။

ဓာတ်ပုံတိုင်းတွင်မခင်နှင်းသီ၏မျက်နှာကသာဖူးဂရောင်းဖြစ်နေပြီး မြန်မာ့ကျောက်စီဓား (ကိုးသချႅိုင်းသံဓားပုံ)မှာ သာအနီးကပ် ရိုက်ချက်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



…ဝင့် ခြောက်မျိုးမှ ဖြစ်သည်။

'…ကောင်းတယ် ရော့….ခင်ဗျားအတွက် ညဏ်ပူဇော်ခ' …ဗဒင်က ငွေစက္ကူတစ်ထပ်ကို စားပွဲပေါ် တင်ပေးလိုက်သည်။

အောင်မင်းက ငွေစက္ကူများအား စားပွဲအံဆွဲထဲ ထည့်ပြီး သော့ခတ်လိုက်သည်။

'ကိုအောင်မင်း ခင်ဗျား မှခင်နှင်းဆီကို ဓာတ်ပုံတွေ ပြန်ပို့ပေးရမယ့် အချိန်က ခပ်ဝေးဝေးချိန်းထားရဲ့လား'

'ဝေးပါဗျာ ကြားမှာ (၁၅) ရက်လောက် အချိန်ရတယ်'

'အို…. သိပ်ကောင်းတာပေါ့၊ ဂွဒ်နိုက်၊ ဒီကြားထဲမှာ …ပြုပ်ထပ်လာဦးမယ်၊ ခင်ဗျားအတွက် မြိုးမြိုးမြက်မြက် ငွေထပ်ရဖို့ရှိတယ်'

'ကြိုဆိုတယ်ဗျာ၊ ငွေသာရရင် အောင်မင်းက ဘာမဆို လုပ်တယ်ဆိုတာ ကိုဗဒင် အသိသားနဲ့'

'အင်း….အဲဒီ ခင်ဗျားလောဘကို လူတိုင်းတော့ မသိစေနဲ့ပေါ့ဗျာ၊ ဟုတ်လား'

အောင်မင်းက သွားဖြဲ၍ ရယ်ပြလိုက်ချိန်တွင် ဗဒင်က ချာခနဲလှည့်ကာ ဆိုင်ခန်းထဲမှ ထွက်ခွာသွားပြီ ဖြစ်၏။

ဆိုင်ခန်း၏ အတွင်းနံရံတွင် ချိတ်ထားသော ဆိုင်းဘုတ်ကို အောင်မင်းက လှည့်ကြည့်ပြီး ပြုံးမိ၏။

'ရွှေဘုံစံ ဓာတ်ပုံလုပ်ငန်း'

## ပွဲသိမ်း

ယောကျ်ားသားတို့၏ သူရဲကောင်း ဆန်ခြင်းသည် ခွင့်လွှတ်ခြင်း အနစ်နာခံခြင်း ဖြစ်သော်လည်း မိန်းမသားတို့၏ သူရဲကောင်းဆန်ခြင်းမှာ ပိုင်ဆိုင်ရယူခြင်းပေတည်း။

(ရာဇာဘွား)

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၉ )

ချိန်းဆိုထားသော တနင်္ဂနွေနေ့။

ဘိုးလှော်ပန်းပဲဖိုထဲသို့ ရှပ်ဖျက်တားသော လူနှစ်ဦး ဝင်ရောက်လာသည်။

လူပုံခပ်ချွဲချွဲနှင့်လူကို ဘိုးလှော် မှတ်မိသည်။

'ကိုသင်းအောင်ပါလား၊ အဖော်ပါလာတယ်ကိုး'

ကိုသင်းအောင် နံဘေးမှလူက ဦးထုပ်ကိုချွတ်၍ မျက်မှန်ဖြုတ်လိုက်သည်။

ဘိုးလှော်နှုတ်မှ အာမေဍိတ်သံ ထွက်သွားသည်။

'ဟင်....ကိုဗဒင်ပါလား'

'ဟုတ်တယ်၊ ကိုဘိုးလှော်၊ ကျုပ်လဲ အလွမ်းပြေလိုတာနဲ့ ခင်ဗျားဆီ လာခဲ့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



…ကိုသင်းအောင်ကို ခင်မျှား လွှတ်လိုက်တာပေါ့'

'…း…ဟုတ်တယ်'

'…နဲ့မျှားဗျာ၊ ဗဒင် လွှတ်လိုက်တယ်ဆိုရင် တစ်ခွန်း …ပြီးတဲ့ကိစ္စကို'

'ကဲ…ဒါထားပါဦး ကိုဘိုးလှော်၊ ရော့…ဒီဓာတ်ပုံတွေကို ကြည့်စမ်းပါဦး'

ဗဒင်က ဂရေ့ဗလီအိမ်နံရံတွင် ချိတ်ဆွဲထားသော ကိုးသချႋင်း သံဓား ဓာတ်ပုံရိုက်ထားသည့် ဓာတ်ပုံများအား စားပွဲပေါ်သို့ တင်ပေးလိုက်၏။

ဘိုးလှော် အတန်ကြာအောင် ကြည့်၍ လေ့လာသည်။ ထို့နောက်…

'ရပြီ ကိုဗဒင်၊ ကျွန်တော် ဘာလုပ်ရမလဲ'

'လုပ်ရမှာကတော့ အဲဒီဓာတ်ပုံထဲက ဓားနဲ့ ချွတ်စွပ်တူနိုင်သမျှ တူအောင် ဓားအတုတစ်ချောင်း လုပ်ပေးဖို့ပဲ'

'လုံးပ ချွတ်စွပ်တူအောင် ကျုပ် လုပ်ပေးနိုင်ပါတယ်၊ လုပ်လဲ လုပ်ပေးပါ့မယ်၊ ဓားရဲ့ပုံသဏ္ဌာန် အသွားအလာကို မြင်တာနဲ့ ဖြက် အလျှားကို သိပါတယ်၊ သို့သော်လဲ ကျွန်တော် မျှော်လင့်နေတာက ကျွန်တော့်ကို ဓားကောင်းတစ်လက် အပ်မယ်ထင်တာ၊ ဓားတုတစ်ချောင်း အပ်လိမ့်မယ်တော့ မထင်ဘူး'

'မဟုတ်ဘူးကိုဘိုးလှော်၊ ဓားကောင်းတစ်လက် ခင်ဗျားကို အပ်ကိုအပ်မှာ၊ ဓားမှ ကမ္ဘာပေါ်မှာ အကောင်းဆုံးဓားဗျ'



'ဘယ်လို…ကျုပ်နားမရှင်းဘူး'

'ဒီလိုပါ ကျုပ်ရှင်းပြမယ်၊ ခင်ဗျားရှေ့က ဓာ… က ဓားဟာ မျက်နှာဖြူအတွင်းဝန် ဂရေ့ဗလ…… မြူ… တော်လှန်ရေးခေါင်းဆောင်တွေ လက်ထဲက သိမ်းယူ…း တဲ့ ကိုးသချႋင်းသံဓားပဲ'

'ဟာ…ဒီဓားအကြောင်း ကျွန်တော် ကြားဖူးတယ်'

'ခင်ဗျားက ဓားအတုလုပ်ပေးရင် အဲဒီဓားအတုနဲ့ ကိုးသချႋင်းသံဓားအစစ်ကို လဲယူမှာဖြစ်တယ်'

'ဒီလိုဆိုရင် စိတ်ချ၊ ကျွန်တော်က ချွတ်စွပ်တူအောင်လုပ်ပေးမယ်'

'ရော့ … ဒါက ဓားရိုးမှာ စီရမယ့် ကျောက်တွေ၊ ကျောက်တွေကတော့ အတုတွေပါ၊ သို့သော် အစစ်နဲ့မခြ… ပါဘူး'

'ကောင်းပြီ…ရပြီ၊ ဓားအတုအတွက် စိတ်ချပေတော့၊ ဓားကောင်းတစ်လက် လုပ်ရမယ်ဆိုတာကိုပဲ ရှင်းပြပါဦး'

'ကျွန်တော်က ဂရေ့ဗလီဆီက ကိုးသချႋင်းသံဓား ရအောင်ယူပြီးတဲ့နောက်မှာ အဲဒီဓားကို ခင်ဗျားက ပြ… အရည်ကျိုရမယ်'

'ဘယ်လိုဗျ…ဘာကြောင့် ဓားကို ဖျက်ဆီးရမှာလဲ'

'ဓားက ပျက်စီးနေတာဗျ၊ ဒါကြောင့် ပြန်ကောင်းအောင် ပြုပြင်ရမှာ'

ဟု ဆိုကာ အကျိုးအကြောင်း ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တော့ ဓားသွားကို မြောက်သင်္ချိုင်းသံနဲ့ ရောကျိုင်း အလွယ်တကူနဲ့ ပျော်သွားလိမ့်မယ်၊ ခင်ဗျားကသာ ကောင်းတစ်လက်ဖြစ်အောင် ပန်းပဲပညာနဲ့ ဆောင်ရွက်ပေးပါ'

'စိတ်ချ....ကိုဗဒင်၊ မြန်မာ့သမိုင်းမှာ နာမည်ကျော်တဲ့ ကိုးသင်္ချိုင်းသံဓားကို ကျုပ်စီရင်ဆောင်ရွက်ပေးခွင့်ရတဲ့အတွက် ကျုပ်ရဲ့ ပန်းပဲသမားဘဝဟာ ဂုဏ် မြင့်တက်လာမှာပါဗျာ'

'ခင်ဗျားစီရင်ပေးတဲ့ ကိုးသင်္ချိုင်းသံဓားကို ကျုပ်တို့ အမျိုးသားအရေးမှာ အသုံးချမှာ ဖြစ်ပါတယ်'

'ကောင်းပါလေ့ဗျာ'

'ကိုင်း....ရော့၊ ဒါက ကိုးသင်္ချိုင်းသံဓားကို စီရင်ဖို့ မြောက်သင်္ချိုင်းသံ'

'ဟုတ်ပြီ'

'ရော့....ဒါက ခင်ဗျားအတွက် ကျုပ်လက်ဆောင်'

'ဟင်....ကိုဗဒင်၊ ခင်ဗျားအတွက် ကျုပ်က ငွေမယူသိုဘူးဗျ'

ဘိုးလှော်အသံ အနည်းငယ် မာသွား၏။

'ကျုပ်အတွက် ခင်ဗျားပေးတဲ့ အကူအညီကို သတ်သတ်လက်ခံပြီးပြီလေ၊ ဒါက မိတ်ဆွေချင်း ခင်ဗျားကို ကူညီထောက်ပံ့တာ၊ မယူလို့မဖြစ်ဘူး၊ ခင်ဗျားမှာ စားဝတ်နေရေးကိစ္စ ရှိသေးတယ်လေ'

ဘိုးလှော် ငြိမ်သက်သွား၏။

ဗဒင်စကားကို သူက ငြင်း၍မရနိုင်မှန်း သိလေပြီ။



ဗဒင်က....

'ကိုင်း....ကိုဘိုးလှော်၊ ကျွန်တော်တို့ ပြန်မယ်၊ ဓားကို ဘယ်နေ့လာယူရမလဲ'

'ငါးရက်ထဲနဲ့ အပြီးလုပ်ပေးမယ် ကိုဗဒင်'

'ကျေးဇူးပဲ ကိုဘိုးလှော်'

'မိတ်ဆွေကောင်းအတွက် အသက်ကိုပေးဖို့ ဝန်မလေးပါဘူး ကိုဗဒင်၊ပြီးတော့လဲ ကျွန်တော့်ဘဝမှာ လူဆိုး သူဆိုးတွေအတွက်သာ ဓားကောင်းတွေ လုပ်ပေးနေခဲ့ရတာ၊ အခုမှပဲ အမျိုးသားအရေးအတွက် ဓားကောင်း လုပ်ခွင့်ရတာ မဟုတ်လား၊ ကျွန်တော်ကတောင် ကိုဗဒင်ကို အနူးအညွတ် ကျေးဇူးတင်ရပါဦးမယ်'

ဘိုးလှော်၏ လေးနက်သောအသံသည် ဗဒင်နားထဲသို့ စွဲကပ် ပါရှိလာလေတော့၏။

* * *

ဗဒင်က သူ၏ခေါင်းပေါ်မှ သက္ကလပ်ဦးထုပ်ကို အနည်းငယ် ပင့်တင်လိုက်ပြီး....

'ရော့....ဒီဓားကို ဂဇရ ပလီပိပ်က ဓားနဲ့ပါ ... ခင်ဗျား တာဝန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ါကာ ကိုကျောက်လုံးလက်ထဲသို့ ဘိုးလှော်လုပ်သာ ကိုးသချိုင်းသံခါးအတုကို ထည့်ပေးလိုက်

တ်ချ ကိုဗဒင်’

'ကိုင်း….ကိုအောင်မင်း ခင်ဗျား ဦးဆောင်ပြီးတော့ ကိုကျောက်လုံးကို ခေါ်သွားပေတော့၊ အစီအစဉ်ကို ခင်ဗျား သိတဲ့အတိုင်းပဲလေ’

'ကျွန်တော် သဘောပေါက်တယ် ကိုဗဒင်၊ ကိုင်း…. ကျွန်တော်တို့ သွားကြမယ် အချိန်မရှိဘူး၊ မခင်နှင်းဆီက အချိန်တိကျမှ ကြိုက်တတ်တယ်’

အောင်မင်းက ကင်မရာကို ယူသည်။

ကျောက်လုံးက ရောင်ပြန်ပြားများကို ယူသည်။

သူသည် ခါးကို ရွှေချည်ထိုး ကန့်လန့်ကာတစ်ခုဖြင့်ပတ်ပြီး ချိုင်းကြားမှာ ညှပ်ယူသွားသည်။

ကျောက်လုံးမှာ အလွန်ကျွမ်းကျင်သော မျက်လှည့်ဆရာတစ်ဦးဖြစ်သည်။

ကျောက်လုံးက မျက်လှည့်ပညာဖြင့် ကိုးသချိုင်းသံခါးကို လဲလှယ်ယူရန် တာဝန်ယူထားပေသည်။

အောင်မင်းတို့ ရောက်သွားသောအခါ မခင်နှင်းဆီက အဆင်သင့် စောင့်နေ၏။

အောင်မင်းက ကူးယူထားပြီးဖြစ်သော ဓာတ်ပုံများကို မခင်နှင်းဆီအား ပေး၏။



မြန်မာမလေးတစ်ဦးကဲ့သို့ အလွန်လှပနေသော. များကိုကြည့်ပြီး မခင်နှင်းဆီမှာ အလွန် ပီတိဖြစ်သည်။

အောင်မင်းက နောက်ဆုံးတွင် ဓာတ်ပုံခြောက်ပုံကို ပြ၏။

'ကျွန်တော် ဒီပုံတွေကိုတော့ မကျေနပ်ဘူးဗျာ၊ မခင်နှင်းဆီပုံကို အသားပေးရိုက်တဲ့နေရာမှာ နံရံပေါ်က ပန်းချီကားကို နောက်ခံထားချင်တာ၊ အခုတော့ မဆိုင်တဲ့ခါးကြီးက ဝင်ရှုပ်နေတယ်၊ ဒီပုံစံတွေကိုတော့ ကျွန်တော်ပြန်ရိုက် ယူသွားချင်တယ်’

မခင်နှင်းဆီက လွယ်လင့်တကူပင် သဘောတူလိုက်သည်။

အောင်မင်းက နံရံအနီးတွင် မခင်နှင်းဆီကို ရပ်စေသည်။

'ကိုကျောက်ရေ ဟို နံရံပေါ်က ကျောက်စီခါး မြင်ကွင်းမှာ ရှုပ်နေတယ်ဗျာ၊ ခင်ဗျားလက်ထဲက ရွှေချည ထိုး ပဝါနဲ့ နံရံပေါ်မှာ ကာထားလိုက်ပါ’

ကျောက်လုံးက မခင်နှင်းဆီနှင့် ရောင်ပြန်ပြားများ ကူထိုးပေးနေသော အိမ်စေများအရှေ့မှာပင် ရွှေချည်ထိုးပဝါကို နံရံတွင် ကာလိုက်သည်။

အောင်မင်းက နံရံမှ ပန်းချီကားကို နောက်ခံပြု၍ မခင်နှင်းဆီပုံကို ထောင့်အမျိုးမျိုးမှ ရိုက်ယူ၏။

ထိုအချိန်တွင် ကျောက်လုံးက [illegible] ရွှေချည်ထိုးပဝါနှင့် ပါလာသော ခါးအတုဖြင့် ကိုးသချိုင်းသံခါးအစစ်ကို လဲ လှယ် ယူလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com





...ပက်လုံးမှာ မျက်လှည့်ဆရာတစ်ဦးဖြစ်ရာ ဤအလုပ်...ယ်လင့်တကူပင် ဆောင်ရွက်နိုင်ခဲ့ပေပြီ။

...အောင်မင်းတို့ ပြန်လာသောအခါ ကျောက်လုံး၏ ချိုင်းဝှ...ကိုးသန်းချိုင်းသံဓားအစစ် ပါရှိလာလေပြီ။

ဂရေ့ဗလီ၏ အိမ်နံရံပေါ်မှာတော့ ကျောက်စီဓားအတု သည် ဟန်မပျက်ဘဲ ဓားအိမ်ထဲ၌ တည်ငြိမ်စွာ ရှိနေတော့ သည်။

* * *

ဗဒင်က ကိုးသန်းချိုင်းသံဓားကို ပန်းပဲဆရာဘိုးလှော်ဆီ ပို့လိုက်လေပြီ။

ပန်းပဲဆရာဘိုးလှော်က ဆယ်ရက်အတွင်း ပြီးစီးရန် တာဝန် ယူလေသည်။

* *



ဗဒင်သည် ရုပ်ဖျက်ထားသော သဏ္ဌာန်ဖြင့် တ... အရှည်ကြီးတစ်ခုကို ထမ်းဆောင်ကာ မီးရထားဖြင့် ထွက်ခွာသွားလေသည်။

သူ့ခရီးဦးတည်ချက်သည်ကား ပဲခူးမြို့သို့ဖြစ်ပေ၏။

ပဲခူးမြို့တွင် ရုပ်ဖျက်လျက် အသင့်စောင့်နေသော လက်ဝဲ ဗိုလ်စောခမ်းမောက်လက်ထဲသို့ ဗဒင်က တယောအိတ်ကြီးကို ထည့်ပေးလိုက်၏။

တယောအိတ်ထဲတွင် အစွမ်းထက်အောင် ပြုပြင်ထားသော ကိုးသန်းချိုင်းသံဓားကြီး ရှိနေပေသည်တကား။

လက်ဝဲဗိုလ် စောခမ်းမောက်သည် သူ့တွင် တစ်ဖက်တည်း သာ ရှိသော အယ်ဘက်လက်နှင့် တယောအိတ်ကို ရိုသေစွာ လှမ်းယူလိုက်ပြီးနောက် ဦးညွတ်သည်။

ထို့နောက် မည်သည့်စကားမျှမဆိုဘဲ ဗဒင်ကိုကျောခိုင်း၍ ထွက်ခွာသွားတော့သည်။

အတန်ကြာအောင် ဗဒင်က စောခမ်းမောက်၏ ကျောပြင်ကို ငေးကြည့်နေမိသေး၏။

ထို့နောက်မှာမူ အပြန်လမ်းကို ဗဒင် ထွက်ခွာခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြာပတ်ကြာပြီးနောက် မြန်မာနိုင်ငံနှင့် ပတ်သက် အင်္ဂလိပ်လူမျိုးတို့၏သမိုင်းတွင် အမှတ်ထင်ထင်ဖြစ်ခဲ ဖြစ်အပျက်တစ်ခု ဖြစ်ပေါ်ခဲ့လေသည်။

အင်္ဂလိပ်စစ်ဗိုလ် ဒေးဗစ်သန်းနှင့် လက်ဝဲဗိုလ် စောခမ်း မောက်တို့ နှစ်ဦးချင်းမိန်ခေါ် တိုက်ခိုက်သော ဓားပွဲဖြစ်ပေါ် ပေခြင်းတည်း။

အင်္ဂလိပ်စစ်ဗိုလ် ဒေးဗစ်သန်းဆိုသည်မှာ တော်လှန်ရေး ခေါင်းဆောင် စောခမ်းမောက်တို့နှင့် ရှမ်းပြည်တောင်တန်း တစ်နေရာတွင် ရင်ဆိုင်တိုက်ပွဲ ဆင်နွှဲခဲ့ဖူးလေရာ ထိုတိုက်ပွဲ တွင် စောခမ်းမောက်၏ လက်ယာဘက်သက်မှာ ဒေးဗစ်သန်း လက်ချက်ဖြင့် ပြတ်တောက်ခဲ့ရလေသည်။

ထိုအကြွေးကိုဆပ်ရန် စောခမ်းမောက်က ခတောင်တန်း နေရာတွင် ဒေးဗစ်သန်းကို ဓားချင်းယှဉ်ခုတ်ရန်စိန်ခေါ် ခဲ့သည်။

အင်္ဂလိပ်လူမျိုးတို့၏ ဒသားဓားဖွယ်ကောင်းသော အချက် မှာ ယောက်ျားသားမှုအားနဲ့ဖြင့် တစ်ယောက်ချင်း စိန် ခေါ် နိုင်ခြင်းပင်။

ခင်အားတူ ဖက်နက်တူ ယှဉ်ပြိုင်ခွင့်ရှိသည်။

ရင်းယှဉ်ပြိုင်ပွဲ၌ ဥပဒေပြင်ပမှုလူနှင့် ဥပဒေဘက်သား ဖြစ်သော်လည်း ပြိုင်ပွဲကာလတွင် ဖမ်းဆီးခြင်းမပြုရန် အင်္ဂလိပ် တို့က အာမခံခဲ့သည်။

အမှန်တော့ အင်္ဂလိပ်တို့က ဒေးဗစ်လန်း သေချာပေါက် နိုင်ရမည်ဟု တွက်ထားသောကြောင့်ပင်။



စောခမ်းမောက်မှာ သူ၏ သန်မာသော ညာလက် မပါတော့ပေ။

သို့သော် နှစ်ဦးချင်း ယှဉ်ပြိုင် အသက်လုပွဲတွင် ထင်း ဖြစ်မလာခဲ့ချေ။

တောတန်းတစ်နေရာ၌ ယှဉ်ပြိုင်ပွဲ စပေသည်။

စောခမ်းမောက်ဘက်က စောခမ်းမောက်နှင့် ဓားတစ် လက်သာ ပါလာပေသည်။

အင်္ဂလိပ်စစ်ဗိုလ် ဒေးဗစ်လန်းဘက်က မိတ်ဆွေသင်္ဂဟ များစွာပါ၏။ ထိုအထဲတွင် ဗခင်နှင့် ကိုသင်းအောင်တို့ ရုပ် ဖျက်လျက် ဘိုကပြားအသွင်ဖြင့် လိုက်ပါလာကြချေ၏။

ဒေးဗစ်လန်းဘက်မှ အင်္ဂလိပ်များကပင် ပွဲကြပ်ဒိုင်များ လုပ်ကြ၏။

ဒေးဗစ်သန်းနှင့် စောခမ်းမောက်တို့ ရင်ဆိုင်မိကြပေပြီ။

ဒေးဗစ်သန်းက အရောင်လင်းလက်နေသော အင်္ဂလိပ်ဓား ကို ဓားအိမ်ထဲကထုတ်ပြီး စောခမ်းမောက်ဘက်သို့ ဓားဦး မြှောက်လိုက်သည်။

စောခမ်းမောက်က ပင့်မြှောက်ထားသောသူ၏ ဦးခေါင်း ထက်မှ မြန်မာ့ဓားကြီးကို အားဖြင့်မိုး၍ ဒေးဗစ်လန်းအား ခုတ်ချလိုက်၏။

'ကျား....'

မြန်မာ့ဓားကြီးသည် အင်္ဂလိပ်စစ်ဗိုလ် ဒေးဗစ်လန်း ပင့်ခံ လိုက်သော အင်္ဂလိပ်စစ်ဗိုလ်ဓားကြီးကို တိခနဲပိုင်းဖြတ်ချ လိုက်ပြီးနောက် ဆက်လက်၍ ဦးခေါင်းပေါ်သို့ ကျရောက်

www.burmeseclassic.com

www.burmeseclassic.com



...ဒေးဗစ်လန်း၏ ဦးခေါင်း၌ သွေးရဲရဲနဲ့ဖြာသွား...ပြင် စောခမ်းမောက်က ဓားကို အရှိန်လိုးဝတန့်၍...ပ်ပေ၏။

...စ်ပျက်သွားပုံကို အားလုံးက အံ့အားသင့် ငေးကြည့်နေလေ၏။

ဒေးဗစ်လန်းသည် လည်း သူ့လက်ထဲတွင် ထက်ပိုင်းပြတ်၍ ကျန်ရစ်သော ဓားရိုးကိုင်ကာ စောခမ်းမောက်ကို ငေးကြည့်နေလေသည်။

ဒေးဗစ်လန်းထံမှ ပြတ်ထွက်သွားသော ဓားထိပ်ပိုင်းသည် မြက်ခင်းပေါ်သို့ လွင့်စဉ်ကျသွားသည်။

စောခမ်းမောက်က အင်္ဂလိပ်ဓားကိုဖြတ်ကာ ဒေးဗစ်လန်း ခေါင်းပေါ်သို့ ရောက်သွားသောဓားအား ဒေးဗစ်လန်းခေါင်းအရေခွံ ပြတ်သွားရုံသာ လွှတ်ပေးပြီး အချိန်မီ ထိန်းသိမ်း ရပ်တန့်လိုက်ခြင်းဖြစ်သည်။

စောခမ်းမောက်သည် ချာခနဲလှည့်ကာ ဓားလွတ်ကိုဆွဲလျက် တောလမ်းအတိုင်း သစ်တောထဲသို့ ဝင်ရောက်သွား၏။

သူနှင့်ပါသွားသော မြန်မာ့ဓားကြီးမှာ ကိုးသချိုင်းသံဓား ဖြစ်ကြောင်းကို မည်သည့်မျက်နှာဖြူမှ မသိရှိပါချေတကား။

အနိုင်ရပါလျက်နှင့် အသက်ကိုခြွေမသွားသော စောခမ်းမောက်အား အင်္ဂလိပ်မျက်နှာဖြူတို့က လေးစားကျန်ရစ်ခဲ့လေသည်။



ဗဒင်တို့သည်း ထိုနည်းတူပင်။
စောခမ်းမောက်သည် ရဲဝံ့သော သူရဲကောင်းပေတည်း။

* * *

ရွှေဘိုသူ ငြိမ်းစန္ဒီနှင့် မေသဥ္ဇာတို့ ရောက်လာသောအခါ ခင်မြင့်ကြီးနှင့် တင့်တင့်တို့က မည်သူမျှ မမျှော်လင့်သော အပြုအမူဖြင့် ဧည့်ခံလိုက်ကြလေသည်။

ဗဒင်တို့အိမ်တွင် ခင်မြင့်ကြီးသည် အိမ်ရှင်မ တစ်ဦးသဖွယ် နေထိုင်ကြီးကြပ်ပြီး ငြိမ်းစန္ဒီတို့အား ဧည့်ခံခဲ့၏။

သူတို့ကိုယ်သူတို့လည်း ဗဒင်နှင့် ကိုသင်းအောင်တို့၏ ချစ်သူများအဖြစ် ဖွင့်ဟမိတ်ဆက် ပြောကြားခဲ့ရုံသာမက ငြိမ်းစန္ဒီ၊ မေသဥ္ဇာ၊ အဒေါ်စိမ်းတို့ကို ဘုရားများနှင့်ရန်ကုန်မြို့အတွင်း သွားလာလည်ပတ်ရန်လည်း သူမတို့နှစ်ဦးကပင် တာဝန်ယူလျက် ရိုးရှိုက်ကားနှင့် လိုက်ပို့ပြီး၊ လိုလေသေးမရှိ ပြုစုခဲ့လေသည်။

ငြိမ်းစန္ဒီနှင့် မေသဥ္ဇာတို့မှာ ဗဒင်နှင့် ကိုသင်းအောင်ကို မျက်နှာချင်းပင် မဆိုင်ရအောင်ပင် ခင်မြင့်ကြီးနှင့်တင့်တင့်တို့က ဧည့်ခံခဲ့ပေသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဥသူများ အချိန်တန်၍ အိမ်ပြန်သွားသောအခါ နံလက်ဆောင်များစွာဖြင့် လိုက်ပို့ရစ်း ဗဒင်နှင့်ကိုသင်း င်တို့ နှုတ်ဆက် ကျန်ရစ်သည်။

သူတို့နံဘေးတွင် ခင်မြင့်ကြီးနှင့် တင့်ထင့်တို့က ပိုင်ရှင်အဖြစ် မားမားမတ်မတ်ရပ်လျက်ရှိပေကကား။

မိန်းမသားများသည် သူတို့ပိုင်ဆိုင်သော အချစ်ကို မည်သည့် နည်းနှင့်မျှ လက်လွှတ်ခံလိုပေရကား အချစ်အတွက် အရှက်ကိုလည်းကောင်း၊ သိက္ခာကိုလည်းကောင်း သာကိုမှ မငဲ့ကွက်ဘဲ ကာကွယ်တတ်ကြချေသည်တကား။

ပြုံးဖြဲဖြဲလုပ်၍ မေသဥ္စာကို လက်ပြကျန်ရစ်သော ကိုသင်းအောင်ကို တင့်ထင့်က ဗိုက်ကြောလိမ်ဆွဲလိုက်၏။

'အား...နာတယ်ကွ တင့်ထင့်ရဲ့'

ဗဒင်နှင့်ခင်မြင့်ကြီး ပြုံးမိသည်။

လော်ကယ်မီးရထားကြီးက အဝေးသို့ အသံပြည် ခုတ်မောင်းလျက် ထွက်ခွာသွားချေပြီတကား။


ယောက်ျားသားတို့၏ သူရဲကောင်းဆန်ခြင်းသည် အနစ်နာခံခြင်း၊ ခွင့်လွှတ်ခြင်း ဖြစ်သော်လည်း မိန်းမသားတို့၏ သူရဲကောင်းဆန်ခြင်းမှာ ပိုင်ဆိုင်ခြင်း၊ ရယူခြင်းပေတည်းဟု မှတ်ချက်ချမိပေတော့သည်။

ပြီး၏

ရာဇာဘွား

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com